# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ တနင်္လာနေ့၊ (25-5-2015) (၈၂၁၁)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၅**

၂၀၁၅ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနား သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယတွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဂျင်တီးနား သမ္မတနိုင်ငံ သမ္မတ မဒမ်ခရစ်စတီးနား ဖာနန်ဒက်(ဇ်)ဒယ်ကစ်ချ်နာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### မိုးရွာသွန်းမှုအခြေအနေ

24-5-2015

| | |
|---|---|
| ကြာအင်းဆိပ်ကြီး | ၂ ဒသမ ၇၆ လက်မ |
| ရန်ကုန်(မြို့လယ်) | ၂ ဒသမ ၆၀ လက်မ |
| လောင်းလုံ | ၂ ဒသမ ၂၀ လက်မ |
| ရေး | ၁ ဒသမ ၉၇ လက်မ |

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် ရှင်ပြုခြင်းမဟာကုသိုလ် အလှူတော်မင်္ဂလာအောင်ပွဲအခမ်းအနားသို့ တက်ရောက်ကြည်ညို



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှင်သာမဏေဘောင်သို့ သွတ်သွင်းချီးမြှောက်ပြီးသည့် သာမဏေငယ်များအား သပိတ်နှင့် ပရိက္ခရာများ ဆက်ကပ်လှူဒါန်းစဉ်။

(မြန်/ဆက်)

**နေပြည်တော် မေ ၂၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ် ဘူးကိုင်း(စံပြ) ကျေးရွာသို့ရောက်ရှိကြရာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် ဒေသခံပြည်သူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြောင်မြို့နယ် ဘူးကိုင်း(စံပြ) ကျေးရွာ၌ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်ကျင်းပသည့် စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ရှင်မပြုရသေးသော တိုင်းရင်းသားပေါင်းစုံ ရှင်သာမဏေလောင်းလျာ ၇၀၀၀ ကျော်တို့အား ရှင်ပြုခြင်း မဟာကုသိုလ်အလှူတော်မင်္ဂလာ အောင်ပွဲအခမ်းအနားသို့ တက်ရောက် ကြည်ညိုသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ(ဗန်းမော်) ဆရာတော်ကြီး အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ တပ်မတော် အရာရှိကြီးများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နံနက် ၉ နာရီခွဲတွင် ရှင်သာမဏေလောင်းလျာ ၁၀၈ ပါးတို့အား အလှူတော်မင်္ဂလာမဏ္ဍပ် အတွင်း၌ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာများနှင့်အညီ ကေသစ္ဆေဒန ဆံချ မင်္ဂလာ ကျင်းပသည်။


**စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**





MHR Centre II BUSINESS INSTITUTE

BBA

UK

abe Diploma in Business Management LEVEL 4 → LEVEL 5 → LEVEL 6

LCCI Diploma in Bookkeeping & Accounting LEVEL 2 → Diploma in Accounting & Finance LEVEL 3 → Professional Diploma in Accounting & Finance LEVEL 4

27, မြေညီထပ်၊ အဆောင် E ၊ ပုလဲကွန်ဒို၊ ကမ္ဘာအေးဘုရားလမ်း။ Contact : 09 73223 777, 09 8628878

## ပြည်တွင်းရေးရာ



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထီးလှိုင်ရှင်လာဘမုနိရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုစဉ်။ (ပြန်/ဆက်)

**✱ ရှေ့ဖုံးမှ**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ပြည်ထောင်စုဝန်ကြီးများ၊ တာဝန်ရှိသူများက ကေသဓတ္တဒန မဟာမင်္ဂလာဆင်ယင်ပူဇော်ကြသည်။

ယင်းနောက် ရွှေတံဆိပ်များဆုရှင် မေသက်ထားဆွေက စောင်း(ပန်တျာ) ဦးစိုးဝင်းနှင့်တွဲဖက်၍ ထူးမခြားနားသီချင်းခံသုံးပုဒ်ဖြင့် သီကျူးပူဇော်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်) ဆရာတော်ကြီးက ရှင်သာမဏေလောင်းလျာများကို သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ပေးတော်မူသည်။

ယင်းနောက် အလှူတော်မင်္ဂလာအောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ(ဗန်းမော်) ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်ကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်အပါး ၁၀၈ ပါးနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းရန်အတွက် အလှူငွေကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းရာ ဆရာတော်ကြီးက နိုင်ငံတော်သမ္မတအား ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ(ဗန်းမော်) ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်သံဃာတော်များကို သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြသည်။

ထို့နောက် ရွှေတံဆိပ်ဆုရှင် တေးသံရှင် အိအိချွန်က စောင်း(ပန်တျာ)ဦးစိုးဝင်းနှင့် တွဲဖက်ကာ ရတုတေးထပ်ဖြင့် သီကျူးပူဇော်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အလှူတော်မင်္ဂလာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခဲ့မှုများအပေါ် ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ (ဗန်းမော်) ဆရာတော်ကြီးထံမှ နိုင်ငံတော်သမ္မတအမှူးပြုသည့် ဧည့်ပရိသတ်များက အနုမောဒနာ တရားနာကြားကြကာ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ရှင်သာမဏေဘောင်သို့ သွတ်သွင်းချီးမြှောက်ပြီးသည့် သာမဏေငယ်များအား သပိတ်နှင့် ပရိက္ခရာများ တစ်ပါးချင်းထံသို့ လက်ဝယ်အရောက် ဆက်ကပ်လှူဒါန်းပြီး ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ရှင်သာမဏေများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာ့သမိုင်းတွင် ထင်ရှားခဲ့သည့် ကျန်စစ်မင်းကြီး၏ မွေးရပ်မြေဖြစ်သော မြောင်မြို့နယ် ပရိမ္မအရပ်ရှိ ပရိမ္မ(စံပြ)ကျေးရွာသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ထီးလှိုင်ရှင်စေတီတော်၊ ထီးလှိုင်ရှင်မြတ်စွာဘုရား အာရုံခံတန်ဆောင်းအတွင်းရှိ ထီးလှိုင်ရှင် လာဘမုနိရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ကြည်ညိုရာ ဒေသခံပြည်သူများက စေတီတော်ပရိဝုဏ်အတွင်းမှ စောင့်ဆိုင်း၍ ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရွှေသက်န်း၊ ဆီမီး၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ထို့နောက် စေတီတော်မြတ်ကြီးအတွက် နဝကမ္မအလှူငွေများကို စေတီတော်ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်အား ဓမ္မလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်ရင်ပြင်မှ ချင်းတွင်းမြစ်၏ ရေစီးရေလာအခြေအနေ၊ သဘာဝပတ်ဝန်းကျင်အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ(ဗန်းမော်) ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ပြန်/ဆက်)



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရှင်သာမဏေလျောင်းလျာများအား ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာများနှင့်အညီ ကေသဓတ္တဒန ဆံချမင်္ဂလာပွဲသို့ တက်ရောက်ကြည်ညိုစဉ်။ (ပြန်/ဆက်)

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်**

မြန်မာနိုင်ငံတော်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

# ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ်က လှေစီးဒုက္ခသည်များကို နိုင်ငံသားအဖြစ်စိစစ်ပြီး ပြန်လည်ခေါ်ယူရန်လုပ်ဆောင်လျက်ရှိ

**ဒါကာ မေ ၂၄**

ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ခ်ဟာစီနာသည် ယနေ့နံနက်ပိုင်းက အလုပ်သမားနှင့် အလုပ်အကိုင်ရှာဖွေရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပင်လယ်ရပ်ခြားနိုင်ငံများ၌ သောင်တင်နေသည့် လှေစီးဒုက္ခသည်များကို နိုင်ငံသားအဖြစ် စိစစ်ပြီး ပြန်လည်ခေါ်ယူရန် လုပ်ဆောင်လျက်ရှိကြောင်း၊ ပြန်လည်ရောက်ရှိလာမည့် နိုင်ငံသားများကိုစိစစ်ပြီး လူမှောင်ခိုများနှင့်အတူ တရားဥပဒေအရ အရေးယူရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းတွေ့ဆုံပွဲတွင် ဟာစီနာက နိုင်ငံ့ဂုဏ်သိက္ခာကျဆင်းစေသည့် တရားမဝင်ရွှေ့ပြောင်းသွားလာသူများနှင့် လူပွဲစားများကို အရေးယူရန် ဆောင်ရွက်နေပါကြောင်း၊ အသက်နှင့်ရင်းပြီး ရွှေ့ပြောင်းသွားလာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအပေါ် စိတ်ပျက်မိပါကြောင်း၊ အစိုးရအနေဖြင့် တရားဝင်လမ်းကြောင်းဖြင့် အလုပ်သမားများကို



ဘင်္ဂလားပင်လယ်အော်ရှိ လှေပေါ်၌ သောင်တင်နေသော ဒုက္ခသည်များအား တွေ့ရစဉ်။

ပြည်ပသို့ ပို့ပေးနေသည့်တိုင် ပွဲစားကို ငွေကြေးများစွာပေးပြီး မရေရာမသေချာသည့် လမ်းကြောင်းကို ရွေးချယ်သူများရှိနေကြောင်း၊ ယင်းမှာ ရွှေသမင်အလိုက်မှားနေသူများဖြစ်ကြောင်း၊ လူငယ်များအနေဖြင့် လူမှောင်ခိုများကို ငွေပေးမည့်အစား ယင်းငွေများဖြင့် နိုင်ငံ၌ လုပ်ကိုင်စားသောက်ရန်တိုက်တွန်းပါကြောင်း၊ လူမှောင်ခိုကြောင့်ဖြစ်ပွားသည့် ရွှေ့ပြောင်းသွားလာမှုများကို တာဝန်ရှိသူများအနေဖြင့် ပြတ်ပြတ်သားသား အရေးယူတားမြစ်ရန် တိုက်တွန်းပါကြောင်းပြောကြားသည်။ ထို့ပြင် ဝန်ကြီးချုပ်က မလေးရှားတွင် တရားမဝင် ဘင်္ဂလားဒေ့ရှ် အလုပ်သမားခြောက်သိန်းခွဲနှင့် ဆော်ဒီအာရေဗျနိုင်ငံတွင် တရားမဝင် ဘင်္ဂလားဒေ့ရှ် အလုပ်သမား ရှစ်သိန်းကိုလည်း တရားဝင် အလုပ်သမားဖြစ်ရန် သက်ဆိုင်ရာအစိုးရနှင့် ညှိနှိုင်းဆွေးနွေးနေပါကြောင်း ပြောကြားသည်။

အင်ဒိုနီးရှား အစိုးရကလည်း ပင်လယ်ပြင်၌ သောင်တင်နေသော ရွှေ့ပြောင်းသွားလာသူ အများစုမှာ ဘင်္ဂလားဒေ့ရှ် နိုင်ငံသားများဖြစ်ပြီး မြန်မာနိုင်ငံမှ မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဂျူလီဘီးရှော့ပ်က ဆိုးလ်မြို့၌ အင်ဒိုနီးရှားတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် အင်ဒိုနီးရှားတာဝန်ရှိသူများက လှေစီးရွှေ့ပြောင်းသွားလာသူအများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဖြစ်ကြောင်း ပြောကြားသည်ဟုဆိုသည်။

အင်ဒိုနီးရှားအာဏာပိုင်များက ဘင်္ဂလားပင်လယ်အော်ရှိလှေပေါ်၌ သောင်တင်နေသော ဒုက္ခသည် ၇၀၀၀ ခန့်ရှိပြီး အများစုမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများ ဖြစ်ကြောင်း၊ ၎င်းတို့သည် နိုင်ငံရေးခိုလှုံခွင့်တောင်းသူများ၊ ဒုက္ခသည်များမဟုတ်ဘဲ မလေးရှားတွင် အလုပ်လုပ်ရန် လာရောက်သည့် တရားမဝင်အလုပ်သမားများဖြစ်ကြောင်း ပြောကြားသည်။

## ကျော်သဲအိမ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဒုက္ခသည်များအဖြစ် နေထိုင်သူ ငါးသိန်းကျော်ရှိပြီး အများစုမှာ ရာဇဝတ်မှုမကင်းသော လုပ်ငန်းများ၌ ပါဝင်ကြကြောင်း ထောက်လှမ်းရေးအေဂျင်စီများက ဆိုသည်။ ယင်းထောက်လှမ်းရေးအေဂျင်စီများက လှေစီးရွှေ့ပြောင်းလာသူများသည် ဘင်္ဂလားဒေ့ရှ်သို့သွားပြီး မလေးရှား၌ အလုပ်လုပ်ရန်သွားမည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများနှင့် ရောနှောကာ တရားမဝင်ရွှေ့ပြောင်းသွားလာသူများ အဖြစ်ရောက်ရှိသွားကြကြောင်း ဆိုသည်။

ဩစတြေးလျအစိုးရကမူ လှေဖြင့်ရောက်ရှိလာသော ရွှေ့ပြောင်းသွားလာသူများကို ခိုလှုံခွင့်မှ ပြတ်ပြတ်သားသားငြင်းပယ်ခဲ့ပြီး ယင်းကဲ့သို့ ခိုလှုံခွင့်ပေးခြင်းသည် လူမှောင်ခိုများကို အားပေးရာရောက်ကြောင်း ဩစတြေးလျနိုင်ငံခြားရေးဝန်ကြီး ဘီရှော့ပ်ကပြောသည်။

**(သည်အင်ဒီပင်းဒင့်)**

# ပါလက်စတိုင်း ၇၇ ဦး၏ နေအိမ်များ အစ္စရေးဖျက်ဆီးဟု ကုလစွပ်စွဲ

**ဂျေရုစလင် မေ ၂၄**

အစ္စရေးသည် အရှေ့ဂျေရုဆလင်နှင့် အသိမ်းပိုက်ခံအနောက်ဘက်ကမ်းတို့တွင် ကလေးအများစု ပါဝင်သည့် ပါလက်စတိုင်း ၇၇ ဦးတို့၏ နေအိမ်များကို တရားမဝင်ဖျက်ဆီးခဲ့သည်ဟု ကုလသမဂ္ဂက စွပ်စွဲကြောင်း အေအက်ဖ်ပီက ယနေ့ဖော်ပြသည်။

လွန်ခဲ့သည့် သုံးရက်အတွင်း အစ္စရေးသည် ကလေးထက်ဝက်ကျော်ပါဝင်သော ပါလက်စတိုင်း ၇၇ဦးကို အိုးမဲ့အိမ်မဲ့ဖြစ်ရန် လုပ်ဆောင်ခဲ့သည်ဟု လူသားရေးရာ ညှိနှိုင်းရေးကုလသမဂ္ဂရုံး (အိုစီအိတ်ချ်အေ)က သောကြာနေ့ညနေတွင် ထုတ်ပြန်ခဲ့သော ကြေညာချက်တွင် ဖော်ပြထားသည်။

ဖျက်ဆီးပစ်လိုက်သည့် အဆောက်အအုံအချို့သည် နိုင်ငံတကာအဖွဲ့အစည်းက ဆင်းရဲနွမ်းပါးသောမိသားစုများကို ထောက်ပံ့ထားခြင်းဖြစ်သည်ဟု ဆိုသည်။

နေအိမ်များကို ဖျက်ဆီးခြင်းသည် အစ္စရေးက နိုင်ငံတကာဥပဒေကို လေးစားလိုက်နာပါသည်ဆိုခြင်းနှင့် ဖီလာဆန့်ကျင်နေသည့်အပြင် မလိုလားအပ်သောဝေဒနာခံစားရခြင်းနှင့် တင်းမာမှုများကို ဖြစ်စေကြောင်း၊ သို့အတွက် ချက်ချင်းရပ်ဆိုင်းရမည်ဖြစ်ကြောင်း အိုစီအိတ်ချ်အေက ပြောသည်။ အရှေ့ဂျေရုစလင်၊ ရာမာလက်ချ်၊ ဂျီရီချိုနှင့် ဟီဘရွန်းဒေသတို့တွင် ဖျက်ဆီးခဲ့ခြင်းဖြစ်သည်ဟု အိုစီအိတ်ချ်အေက ထပ်မံပြောကြားသည်။ **အေအက်ဖ်ပီ။**



# အသားညှပ်ပေါင်မုန့်စားပြီး ကျောင်းသား ၅၈၀ ကျော် အစာအဆိပ်သင့်

**ဆူကရီ မေ ၂၄**

ဘိုလီးဗီးယားနိုင်ငံမြောက်ပိုင်းရှိ 'အန်တိုနီရို ဗာကာဒိုက်စ်'အမည်ရှိ စာသင်ကျောင်းတွင် ကလေးငယ်များကို နံနက်စာအဖြစ် အသားညှပ်ပေါင်မုန့်ကျွေးခဲ့ရာ ပေါင်မုန့်များစားပြီး မကြာမီအချိန်တွင် ကလေး ၅၈၀ ကျော် အစာအဆိပ်သင့်ခဲ့ကြောင်းသိရသည်။

အစာအဆိပ်သင့်ကလေးငယ်များကို ကိုဘီဂျာမြို့ရှိဆေးရုံများသို့လူစုခွဲကာ အရေးပေါ်လူနာတင်ယာဉ်များဖြင့် ပို့ဆောင်ခဲ့ရသည်။ ကလေးငယ်များသည် ဖျားနာမှုဝေဒနာခံစားရခြင်းအပြင် အော့အန်ခြင်းနှင့်ဗိုက်နာသည့် ဝေဒနာများကိုပါ ခံစားခဲ့ရသည်။

အသက် ကိုးနှစ်အရွယ်ကျောင်းသူတစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရဖွယ်ရှိပြီး အခြားကျောင်းသား၁၁ဦးကို စစ်ဆေးမှုခံယူရန် အရေးပေါ်ခွဲစိတ်ခန်းထဲတွင် ထည့်ထားသည်။

"ကလေးတွေကံမကောင်းဘူး။ နံနက်စာကျွေးတာကို စည်းကမ်းနဲ့မလုပ်တဲ့ကျောင်းတွေ ရှိနေသေးတယ်။ အဲဒီကျောင်းတွေမှာ ဘာတာဝန်ယူမှုမှ မရှိဘူးဖြစ်နေတယ်။ ဒီလိုဆို ကလေးတွေသေနိုင်တယ်။ ဒါကို ဘယ်သူကမှလည်း အရေးလုပ်မပြောဘူး' ဟုကျောင်းသားတစ်ဦး၏ ဖခင်ကဆိုသည်။

'ပထမတော့ ကျောင်းသားတွေ ခေါင်းမူးလာတယ်။ ပြီးတော့ အော့အန်လာတယ်"ဟု ကျောင်းသားတစ်ဦးကဆိုသည်။

အသားညှပ်ပေါင်မုန့်ထဲတွင် ကြက်ဥ၊ဆီ၊ရှာလကာရည်တို့ဖြင့်ပြုလုပ်ထားသည့် ဆော့နှင့်ခရမ်းချဉ်သီးချဉ်ရည် တို့ပါဝင်သည်။ အသားညှပ်ပေါင်မုန့်များကို စစ်ဆေးမှုများလုပ်ဆောင်နေကြောင်း အာဏာပိုင်များကဆိုသည်။

ထိုသို့ အစားအစာများကို စစ်ဆေးမှုပြုစဉ်တွင် အဆိုပါကျောင်းက အစားအစာကျွေးမွေးမှုကို ယာယီရပ်ဆိုင်းထားကြောင်းသိရသည်။ **ရိုက်တာ။**

# မက္ကဆီကိုနိုင်ငံတွင် သေနတ်ပစ်ခတ်မှုဖြစ်ပွား လူ ၄၃ ဦးသေဆုံး

**မက္ကဆီကို မေ ၂၄**

မက္ကဆီကိုတောင်ပိုင်း မီခိုရာကန်ပြည်နယ်တွင် လုံခြုံရေးအရာရှိများနှင့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့တို့အကြား သေနတ်ပစ်ခတ်မှု ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၄၃ ဦးသေဆုံးခဲ့ကြောင်း သတင်းများအရသိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးဖမ်းဆီးမှုနှင့် ဆက်စပ်မှုရှိမည်ဖြစ်ပြီး အပြန်အလှန် ပစ်ခတ်မှုကြောင့် အနည်းဆုံး လုံခြုံရေးရဲအရာရှိ တစ်ဦးသေဆုံးခဲ့ကြောင်းသိရသည်။

အာဏာပိုင်များက ဒေသတွင်း ဩဇာတိက္ကမကြီးမားသည့် ဂျာလီဆန်မျိုးဆက်သစ် မူးယစ်မှောင်ခိုဂိုဏ်းတစ်ခုကို နှစ်ပေါင်းများစွာကြာ ဖြိုခွင်းခဲ့သော်လည်း အပြီးတိုင်သုတ်သင်ရှင်းလင်းနိုင်ခြင်းမရှိသေးပေ။ ယခုပစ်ခတ်မှုတွင် သေဆုံးခဲ့သူအများစုမှာ ယင်းမူးယစ်မှောင်ခိုဂိုဏ်း၏ အဖွဲ့ဝင်များဖြစ်သည်ဟု ခန့်မှန်းရကြောင်း အမျိုးသားလုံခြုံရေးရဲမင်းကြီးက ဆိုသည်။

အဆိုပါပစ်ခတ်မှုသည် သုံးနာရီခန့်ကြာမြင့်ခဲ့ပြီး သိမ်းဆည်းရမိခဲ့သည့် လက်နက်အများစုမှာ ရိုင်ဖယ်သေနတ်များဖြစ်သည်ဟု ရဲမင်းကြီးက ဆက်လက်ပြောသည်။

ရဲအရာရှိများက လက်နက်ကိုင်အဖွဲ့များကျူးကျော်ထားသည့် ၁၇၇ ဧက ကျယ်ဝန်းသော မွေးမြူရေးခြံတစ်ခုတွင် မှတ်တမ်းမှတ်ရာများကို စစ်ဆေးနေစဉ်တွင် ပစ်ခတ်မှုများ စတင်ဖြစ်ပွားခဲ့သည်။

နှစ်နှစ်အကြာက မီခိုရာကန်ပြည်နယ်တွင် မူးယစ်ဂိုဏ်းများအား ဖြိုခွင်းပစ်ရန် အလွတ်တန်းအဖွဲ့များ ဖွဲ့စည်းခဲ့သည်။ သို့သော် လွန်ခဲ့သော ရက်သတပတ်က မြို့တော်ဝန်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် မူးယစ်ဖြိုခွင်းရေးအလွတ်တန်းအဖွဲ့ခေါင်းဆောင်ဟောင်းတစ်ဦးအား သေနတ်ဖြင့်ပစ်ကာ လုပ်ကြံသတ်ဖြတ်ခဲ့သည်။

မီခိုရာကန်ပြည်နယ်တွင် ဂျာလီဆန်မျိုးဆက်သစ်မူးယစ်မှောင်ခိုဂိုဏ်းက နေရာအများအပြားကို ကျူးကျော်သိမ်းပိုက်ထားသည်။ မတ်လကစပြီး မူးယစ်မှောင်ခိုဂိုဏ်းများနှင့်ရဲအရာရှိများအကြား ဖြစ်ပွားခဲ့သော အဓိကရုဏ်းများကြောင့် ရဲအရာရှိ ၂၀ သေဆုံးခဲ့ကြောင်း သိရသည်။

**ရိုက်တာ။**



ပြည်တွင်းရေးရာ

# အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် မေ ၂၄**

အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲဒုတိယနေ့အဖြစ် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ဆက်လက်ကျင်းပခဲ့သည်။ **(ယာပုံ)**

ယနေ့ဆွေးနွေးပွဲ၌ နိုင်ငံတကာအတွေ့အကြုံများနှင့် သင်ခန်းစာများကို အခြေခံ၍ **နိုင်ငံ့ဝန်ထမ်းစွမ်းဆောင်ရည်မြှင့်တင်ရေး**ကဏ္ဍတွင် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းများ၏ အုတ်မြစ်ဖြစ်သော ခေါင်းဆောင်မှုနှင့် အရည်အချင်းအရ ချီးမြှင့်မှုစနစ်၊ စွမ်းဆောင်ရည် စီမံခန့်ခွဲမှုစနစ်ကို မြှင့်တင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် ကျင့်ဝတ်များကို ပိုမိုကောင်းမွန်အောင် ပြုပြင်ပြောင်းလဲခြင်းတို့ကို လည်းကောင်း၊ **ပြည်သူ့ဝန်ဆောင်မှု**ကဏ္ဍတွင် မူဝါဒအကောင်အထည်ဖော်ခြင်းနှင့် စွမ်းဆောင်ရည် စီမံခန့်ခွဲမှု၊ ရေတိုကာလအတွင်း ပြည်သူတို့၏ လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်မည့် ကိစ္စရပ်များကို လည်းကောင်း၊ **ဗဟိုဦးစီးစနစ်လျှော့ချခြင်း** ကဏ္ဍတွင် မြို့နယ်အဆင့် ဘဏ္ဍာရေးဝန်ဆောင်မှုမှတစ်ဆင့် ဗဟိုဦးစီးစနစ်လျှော့ချခြင်း၊ ဘဏ္ဍာရေးဆိုင်ရာ ဗဟိုဦးစီးစနစ်လျှော့ချခြင်းနှင့် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ အောက်ခြေသို့ လုပ်ပိုင်ခွင့်ခွဲဝေပေးခြင်း၊ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် အခြားစီမံခန့်ခွဲနိုင်သော ရန်ပုံငွေများဖြင့် ဆောင်ရွက်ခြင်းတို့ကို လည်းကောင်း၊ **ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်း**ကဏ္ဍတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဒီမိုကရေစီနည်းကျသော တာဝန်ခံမှု၊ သတင်းအချက်အလက် ရယူခြင်းနှင့် ပြည်သူတို့၏ တင်ပြတိုင်ကြားမှုဆိုင်ရာ လုပ်ငန်းစဉ်စနစ် တို့ကို လည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် အုပ်စုအလိုက် တစ်ပြိုင်တည်း ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် အုပ်စုအလိုက်ဆွေးနွေးခြင်းများ အပေါ် တွေ့ရှိချက်များကို ဦးဆောင်ဆွေးနွေးသူများက ပြန်လည်ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတအကြံပေး ဒေါက်တာအောင်ထွန်းသက်က အုပ်စုလိုက်အစီရင်ခံတင်ပြခြင်းအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးခင်မောင်အေးက မူဘောင်ရေးဆွဲရန် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက နှစ်ရက်တာကာလအတွင်း အားလုံးတက်ကြွစွာ ပူးပေါင်းပါဝင်မှုအတွက် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု ညှိနှိုင်းရေးကော်မတီ (ARCC) ကိုယ်စား ကျေးဇူးတင်စကားပြောကြားလိုပါကြောင်း။

အားလုံးဆွေးနွေးခဲ့ကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ပြည်သူ့ဝန်ဆောင်မှု၊ ဗဟိုဦးစီးစနစ် လျှော့ချခြင်းနှင့်ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိခြင်းတို့သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းတွင် အဓိကအရေးပါသည့်အကြောင်းများ ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းနှင့် ဗဟိုဦးစီးစနစ်လျှော့ချခြင်းလုပ်ငန်းများကို ဟန်ချက်ညီညီ ဆောင်ရွက်ရန်လိုသလို ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုရှိမှသာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာမည် ဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲမှ ရရှိလာသည့် အကြံပြုချက်များကို အသုံးပြုပြီး နိုင်ငံတော်အဆင့်၊ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ်ကို အောင်အောင်မြင်မြင် ပူးပေါင်းရေးဆွဲနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ထိုမူဘောင်သည် ပြုပြင်ပြောင်းလဲမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများ ရရှိအောင် ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မဟာဗျူဟာမြောက် အခြေခံအုတ်မြစ်တစ်ခုလည်းဖြစ်ပါကြောင်း။

ယခုဆွေးနွေးပွဲသည် မြန်မာနိုင်ငံ အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာအနာဂတ် မျှော်မှန်းချက်ကို ရုပ်လုံးပေါ်လာစေရန် ပထမခြေလှမ်းတစ်ရပ်ဟုဆိုနိုင်သလို အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်တစ်ရပ်ချမှတ်ရေးပန်းတိုင်ကို ရောက်ရှိစေမည့် နည်းလမ်းတစ်ရပ်လည်း ဖြစ်ပါကြောင်း။

မူဘောင် (မူကြမ်း) ပေါ်ထွက်လာရေးအတွက် ရှေ့ဆက်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ ဤမူဘောင်သည် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုအတွက် မဟာဗျူဟာမြောက် အခြေခံအုတ်မြစ်တစ်ရပ်ဖြစ်သလို ပြုပြင်ပြောင်းလဲမှု တတိယလှိုင်း၏ မှတ်ကျောက်တစ်ခုလည်း ဖြစ်သည်ကို အလေးအနက်ပြောကြားလိုပါကြောင်း၊ "အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုမူဘောင်" ထွက်ပေါ်လာခြင်းဖြင့် နိုင်ငံတော်၏ကာလတို၊ ကာလလတ်နှင့် ကာလရှည် မျှော်မှန်းရလဒ်များရရှိအောင် အထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ လုပ်ဆောင်ချက်များကို စောင့်ကြည့်စစ်ဆေးသည့် Monitoring and Evaluation လုပ်ငန်းစဉ်များ ပါဝင်မည်ဖြစ်သည့်အတွက် ရရှိလာသည့် တိုးတက်မှုများကို သတ်မှတ်ထားသည့် မျှော်မှန်းရလဒ်များနှင့် တိုက်ဆိုင်စစ်ဆေးသွားနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုမူဘောင်ကို တခြားအမျိုးသားအဆင့် မဟာဗျူဟာများနှင့် ချိတ်ဆက်သွားမည်ဖြစ်သည့်အတွက် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်း၊ ထိုမူဘောင်ကတစ်ဆင့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းများကို နားလည်သိရှိပြီး ထောက်ပံ့ကူညီမှုနှင့် ရင်းနှီးမြှုပ်နှံမှုများကို ပံ့ပိုးဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

၂၀၁၇ ခုနှစ် မေ ၂၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့သည့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှု မူဘောင်ပြုစုရေးဆွဲရေးဆိုင်ရာ အကြံပြုအလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် အုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုဆိုင်ရာ မူဘောင်ရေးဆွဲရေးနှင့် ပတ်သက်၍ အခြေခံမှုများကိုရေးဆွဲနိုင်ခဲ့ကြောင်း၊ ဆွေးနွေးချက်များကို အခြေခံ၍ နောင်လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအတွက် လမ်းပြမြေပုံတစ်ခုကို အမြန်ဆုံး ရေးဆွဲ၍ အစိုးရအဖွဲ့သို့ တင်သွင်းသွားမည် ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# သိပ္ပံနှင့်နည်းပညာကဏ္ဍတွင် သုတေသနဖွံ့ဖြိုးတိုးတက်ရေး အထူးအလေးပေးဆောင်ရွက်လျက်ရှိ




**နေပြည်တော် မေ ၂၄**

လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ထိထိရောက်ရောက် တိုးမြှင့်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ အင်းစိန်မြို့နယ် ရန်ကုန်နည်းပညာတက္ကသိုလ်၌ ယနေ့ နံနက် ၉ နာရီတွင် ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ဆောက်လုပ် လှူဒါန်းသည့် Human Resources Development Centre (YTU) R.C.ကျောင်းဆောင်သစ် ခြောက်ထပ် အဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ကျင်းပသည်။

ပထမဦးစွာ Human Resources Development Centre (YTU) ကျောင်းဆောင်သစ် ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Jarmo Kuuttila၊ အဆင့်မြင့် နည်းပညာတက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ ဦးညီလှငယ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ပါမောက္ခချုပ်ဒေါက်တာ အေးမြင့်နှင့် ရွှေတောင်အုပ်စု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက ကျောင်းဆောင်သစ်ဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်း ကြေးပြားအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းမော်ကွန်း ကြေးပြားအား နံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးက အဖွင့်အမှာစကားပြောကြားရာတွင် သိပ္ပံနှင့် နည်းပညာသည် နိုင်ငံတော်တည်ဆောက်ရေးတာဝန်များတွင် အရေးပါသော အခန်းကဏ္ဍဖြစ်သည်နှင့် အညီ သိပ္ပံနှင့်အင်ဂျင်နီယာနယ်ပယ်တွင် အရင်းအမြစ်မျှဝေခြင်းနှင့် နည်းပညာဖလှယ်ခြင်းတို့သည် ASEAN တက္ကသိုလ်များအကြား လွန်စွာအရေးပါလျက်ရှိပါကြောင်း။

သိပ္ပံနှင့်နည်းပညာ ကဏ္ဍတွင် သုတေသနဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရန်ကုန်နည်းပညာတက္ကသိုလ်သည် နိုင်ငံတော်၏ စက်မှုလုပ်ငန်းများကို အဓိကထား အကောင်အထည်ဖော် ဆောင်ရွက်ပေးမည့် အင်ဂျင်နီယာများနှင့်သုတေသီများကို မွေးထုတ်ပေးနေသော အဆင့်မြင့် နည်းပညာတက္ကသိုလ်တစ်ခုလည်း ဖြစ်ပါကြောင်း။

ရန်ကုန်နည်းပညာတက္ကသိုလ်သည် မြန်မာနိုင်ငံရှိ ထင်ရှားသော နည်းပညာတက္ကသိုလ်တစ်ခု ဖြစ်သည်နှင့်အညီ နိုင်ငံတကာနည်းပညာတက္ကသိုလ်များနှင့် ရင်ပေါင်တန်းနိုင်မည့် နည်းပညာဆိုင်ရာ ထိပ်တန်းတက္ကသိုလ်တစ်ခုအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ဤတက္ကသိုလ်တွင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H. E. Mr. Vasily B.Pospelov က ဝမ်းမြောက်စကားပြောကြားသည်။

ဆက်လက်၍ ရွှေတောင်အုပ်စု ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးအိုက်ထွန်းက ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရွှေတောင်အုပ်စု ကုမ္ပဏီလီမိတက် ဒုတိယအမှုဆောင် အရာရှိချုပ် ဦးအောင်သန်းက စာရွက်စာတမ်းနှင့် ကျောင်းဆောင်သစ်ကို ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရန်ကုန်နည်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအေးမြင့်က ရွှေတောင်အုပ်စုကုမ္ပဏီလီမိတက် ဒုတိယအမှုဆောင်အရာရှိချုပ်ဦးအောင်သန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

အဆိုပါ Human Resources Development Centre (YTU) ကျောင်းဆောင်သစ် ခြောက်ထပ် အဆောက်အအုံသည် ၃၉၈၃၇ စတုရန်းပေ ကျယ်ဝန်းပြီး စာသင်ခန်း ၁၂ ခန်း၊ ရုံးခန်းငါးခန်း၊ အစည်းအဝေးခန်း တစ်ခန်း၊ လူ ၃၀၀ ဆံ့ Assembly Hall တစ်ခန်းနှင့် သင်ကြားရေး အထောက်အကူပြု အခန်းများပါရှိပြီး ၁၃ ယောက်စီး ၁၀၀၀ Kg ဓာတ်လှေကား နှစ်စင်းလည်း ပါဝင်ပြီး ဆောက်လုပ်လှူဒါန်းသည့် ကုန်ကျစရိတ်မှာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းခန့်ရှိပြီး အခြားအလှူရှင်များက အမေရိကန်ဒေါ်လာ ၂၅၆၀ တန်ဖိုးရှိ ပရိဘောဂနှင့် Projector များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် မေ ၂၅**

၂၀၁၅ ခုနှစ် မေ ၂၅ ရက်တွင် ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟက်တာတီမာမန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## အိုလံပစ်ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၄**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ကကြီးမှူး၍ ဇွန် ၂၇ ရက် (စနေနေ့) မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ MCC ခန်းမ၌ကျင်းပမည်ဖြစ်ပြီး အမျိုးသားပြိုင်ပွဲတွင် အလွတ်တန်း၊ အငယ်တန်းနှင့် အသက်(၅၀)နှစ်နှင့်အထက် ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

အမျိုးသမီးပြိုင်ပွဲတွင် အရပ် ၁၆၅ စင်တီမီတာအောက်နှင့် ၁၆၅ စင်တီမီတာနှင့်အထက် နှစ်တန်းခွဲခြားထားသည်။ ပြိုင်ပွဲဝင်လိုသူများသည် ဇွန် ၂၄ ရက် ညနေ ၄ နာရီနောက်ဆုံးထား စာရင်းပေးသွင်းရမည်ဖြစ်ပြီး အတန်းခွဲခြားခြင်းနှင့် လူတွေ့စိစစ်ခြင်းကို ဇွန် ၂၅ ရက် နံနက် ၉ နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အားကစားခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

စာရင်းပေးသွင်းခြင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အဖွဲ့ချုပ်အတွင်းရေးမှူး ဦးကျော်သန်း (ဖုန်း-၀၉-၈၆၃၆၅၄၅)နှင့် တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် (ဖုန်း- ၀၉-၅၀၄၆၉၂၃) တို့ထံ မေးမြန်းဆက်သွယ်နိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

## ကျိုက်ထိုမြို့နယ် တရားရုံးနှင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များဖွင့်

**ကျိုက်ထို မေ ၂၄**

ကျိုက်ထိုမြို့နယ် တရားရုံးအဆောက်အအုံသစ်နှင့် ကျိုက်ထိုမြို့နယ်တရားရုံး အရာထမ်း/အခြားအဆင့် ဝန်ထမ်းအိမ်ရာအဆောက်အအုံသစ်များဖွင့်ပွဲအခမ်းအနားကို မေ ၁၉ ရက် နံနက် ၉ နာရီက ကျိုက်ထိုမြို့ အေးရိပ်ငြိမ်မြို့ကွက်သစ်တွင်ပြုလုပ်ရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီးနှင့် Best Friend ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ရှိသူတို့က အဆောက်အအုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ကျိုက်ထိုမြို့နယ် တရားရုံးဆိုင်းဘုတ်ကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**(၁၀၇)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှိုးဆော်ချက်

၁။ မိုးဦးကျကာလတွင် မိုးသက်လေပြင်းများ တိုက်ခတ်မှုကြောင့် ဓာတ်အားလိုင်းကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်းများ ဖြစ်ပွားတတ်ရာ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါအချက်များတွေ့ရှိပါက နီးစပ်ရာလျှပ်စစ်ရုံး၊ လျှပ်စစ်ဝန်ထမ်းများထံ ဆက်သွယ်အကြောင်းကြားပေးပါရန်-

(က) အိမ်သို့ သွယ်တန်းထားသော ဆားဗစ်ဝါယာကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်း။
(ခ) အိမ်ခြံဝင်းအတွင်း၌ သွယ်တန်းထားသော ဝါယာကြိုးများ လျော့ကျခြင်း၊ ပြတ်ကျခြင်း။
(ဂ) လမ်းများပေါ်ရှိ ဓာတ်အားလိုင်းများ လျော့ကျခြင်း၊ ပြတ်ကျခြင်း။
(ဃ) လယ်ကွင်းများအတွင်းရှိ ဓာတ်အားလိုင်းများ လျော့ကျခြင်း၊ ပြတ်ကျခြင်း။
(င) ဓာတ်အားလိုင်းကြိုးများပေါ်သို့ သစ်ပင်၊ သစ်ကိုင်းများ ကျိုးကျခြင်း။

၂။ အထက်ပါအချက်များတွေ့ရှိပါက အများပြည်သူများ လျှပ်စစ်အန္တရာယ်မဖြစ်စေရေးအတွက် စောင့်ကြည့်သတိပေးမှုများ၊ အတားအဆီးများပြုလုပ်ခြင်းတို့ကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**


## မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် အလားအလာအပေါ် World Travels & Tourism Council (WTTC) ၏ လေ့လာသုံးသပ်တွေ့ရှိချက်များအား စုစည်းဖော်ပြခြင်း


နိုင်ငံတစ်နိုင်ငံ/ခရီးစဉ်ဒေသတစ်ခုသို့ နိုင်ငံခြားသားခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အတူ ၎င်းတို့သုံးစွဲခဲ့သည့် နိုင်ငံခြားငွေများ စီးဆင်းမှုကြောင့် အကျိုးသက်ရောက်မှုများအနေဖြင့် အခြေခံလူတန်းစား၊ ဈေးဆိုင်ငယ်များ၊ ဆိုက်ကား၊ မြင်းလှည်းများမှ အစ စားသောက်ဆိုင်ကြီးများ၊ အဆင့်မြင့်ဈေးဆိုင်ကြီးများ၊ ကြယ်ငါးပွင့်အဆင့် ဟိုတယ်ကြီးများ၊ လေကြောင်းလိုင်းများအထိ အကျိုးကျေးဇူးများ ရရှိနိုင်သည့်အပြင် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများစွာကိုဖော်ထုတ်ပေးနိုင်ပြီး နိုင်ငံအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း များစွာအထောက်အကူပြုပေးနိုင်ပါသည်။





ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကြောင့် လုပ်ငန်းကဏ္ဍအသီးသီးသို့ အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည့် အခြေအနေများကို ပုံမှန်လေ့လာဆန်းစစ်သုတေသနပြုဖော်ထုတ်နေသော ကမ္ဘာ့နိုင်ငံအသီးသီး၏ အသိအမှတ်ပြုအဖွဲ့အစည်းတစ်ခုဖြစ်သည့် World Travels & Tourism Council(WTTC) အနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း ၁၈၀ ကျော်ကို လေ့လာဆန်းစစ်သုတေသနပြုလုပ်ပြီးမှ မြန်မာနိုင်ငံအပါအဝင် ပထဝီဝင်အနေအထားအရ ဆက်စပ်နေသည့်နိုင်ငံများအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အိမ်ရှင်နိုင်ငံအပေါ် စုစုပေါင်း အကျိုးပြုနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ် နှိုင်းယှဉ်ဖော်ပြချက်တွင်-

- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် "ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ တိုက်ရိုက်ဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ"မှာ အဆင့်(၁၀၄)၌ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့် (၉၆) သို့ ရောက်ရှိလာခဲ့ပါသည်။





- "ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်းဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ"ရပ်တည်မှုတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဆင့် (၁၁၁)၌ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့်(၉၉)သို့ ရောက်ရှိလာခဲ့ပါသည်။







စာမျက်နှာ ၇ သို့ ❖

❖ စာမျက်နှာ ၆ မှ


- ၎င်းအပြင် “ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှုအခြေအနေ”တွင်လည်း ၂၀၁၃ ခုနှစ်တွင် အဆင့်(၄၀)၌ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့်(၃၁)သို့ ရောက်ရှိလာခဲ့ပါသည်။
- “ခရီးသွားလုပ်ငန်းမှ စုစုပေါင်းအလုပ်အကိုင်ရရှိနိုင်မှုအခြေအနေ”တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်၌အဆင့်(၃၈)၌ရှိနေခဲ့ပြီး ၂၀၁၄ခုနှစ်တွင်မူ အဆင့်(၃၅)သို့ရောက်ရှိလာခဲ့ပါသည်။
- “ခရီးသွားလုပ်ငန်းသို့ မတည်ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့်အခြေအနေ”တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင် အဆင့်(၁၄၀)၌ ရှိနေခဲ့ပြီး ၂၀၁၄ ခုနှစ်တွင်မူ အဆင့်(၁၄၁)ဖြစ်ခဲ့ပါသည်။
- ၎င်းအပြင် “ခရီးသွားလုပ်ငန်းထုတ်ကုန်များမှရရှိငွေပမာဏ နှိုင်းယှဉ်ဖော်ပြချက်” တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်တွင်အဆင့်(၁၂၅)၌ရှိနေခဲ့ပြီး၂၀၁၄ ခုနှစ်တွင်မူအဆင့်(၁၀၁)သို့ ရောက်ရှိခဲ့ပါသည်။







World Travels & Tourism Council(WTTC) မှ ကမ္ဘာပေါ်ရှိ နိုင်ငံပေါင်း(၁၈၀)ကျော်ကို လေ့လာဆန်းစစ်သုတေသနပြုလုပ်ပြီး မြန်မာနိုင်ငံအပါအဝင် ပထဝီဝင်အနေအထားအရ ဆက်စပ်နေသည့်နိုင်ငံများအလိုက် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် အိမ်ရှင်နိုင်ငံအပေါ် စုစုပေါင်းအကျိုးပြုနိုင်မှု အခြေအနေများနှင့်ပတ်သက်၍ ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်းနှင့် ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း ရေရှည်အလားအလာနှိုင်းယှဉ်မှုအခြေအနေများ ဖော်ပြချက်တွင်-


- မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ခုနှစ်ထိ(၁၀)နှစ်တာကာလအတွင်း၌ “ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ တိုက်ရိုက်ဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ”မှာ အဆင့်(၇)၌ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ (၁၀)နှစ်တာ ကာလအတွင်း၌မူ အဆင့်(၂)သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။






- “ခရီးသွားလုပ်ငန်းမှ နိုင်ငံတော် GDP သို့ စုစုပေါင်းဝင်ငွေစီးဆင်းနိုင်မှုအခြေအနေ” ရပ်တည်မှုတွင်လည်း မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၁၀) နှစ်တာကာလအတွင်း အဆင့်(၇)၌ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း၌မူ အဆင့်(၁)သို့ ရောက်ရှိနိုင်ကြောင်းဖော်ပြထားပါသည်။
- ၎င်းအပြင် “ခရီးသွားလုပ်ငန်းမှ တိုက်ရိုက်အလုပ်အကိုင်ရရှိမှုအခြေအနေ” တွင်လည်း ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း အဆင့်(၅)၌ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ (၁၀) နှစ်တာကာလအတွင်း၌မူ အဆင့်(၁)သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။





- “ခရီးသွားလုပ်ငန်းမှ စုစုပေါင်း အလုပ်အကိုင်ရရှိနိုင်မှုအခြေအနေ”တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း အဆင့်(၉)၌ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း၌မူ အဆင့်(၂)သို့ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။
- “ခရီးသွားလုပ်ငန်းသို့ မတည်ရင်းနှီးမြှုပ်နှံမှုများနှင့် ပတ်သက်သည့်အခြေအနေ”တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း အဆင့်(၇)၌ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း၌မူ အဆင့်(၂) သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြထားပါသည်။





- ၎င်းအပြင် “ခရီးသွားလုပ်ငန်းထုတ်ကုန်များမှရရှိငွေပမာဏ နှိုင်းယှဉ်ဖော်ပြချက်”တွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း အဆင့်(၁)၌ ရှိနေခဲ့ပြီး ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ (၁၀)နှစ်တာကာလအတွင်း၌လည်း အဆင့်(၁)၌ပင် ရပ်တည်မှုရှိနိုင်ကြောင်း ဖော်ပြထားပါသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ နိုင်ငံတော်၏ သက်ဆိုင်သည့်ကဏ္ဍအသီးသီးသို့ မျက်မှောက်အကျိုးပြုနိုင်မှုအခြေအနေများ နှိုင်းယှဉ်ဖော်ပြချက်အပါအဝင် နောင်ဖွံ့ဖြိုးတိုးတက်လာမည့် အလားအလာ အခြေအနေကောင်းများနှင့် ပတ်သက်၍ နိုင်ငံတကာခရီးသွားလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည့် World Travels & Tourism Council (WTTC)၏ အထက်ဖော်ပြပါ လေ့လာဆန်းစစ် ဖော်ထုတ်ချက်များကို သိသာနိုင်ပါရန် စုစည်းတင်ပြအပ်ပါသည်။

✻ ခရီးသည်ဝင်ရောက်မှုမှ

ရေရှည်ကာလမှာ အကောင်းဆုံးနေရာတစ်ခု ဖြစ်လာနိုင်တယ်။ နန်းယွန်း၊ ပန်ဆောင်ဟာ နာဂတိုင်းရင်းသားအမြောက်အမြားနေထိုင်ရာဒေသတစ်ခုလည်းဖြစ်တယ်။ ပန်ဆောင်ဟာ အိန္ဒိယနိုင်ငံ လီဒိုမြို့နဲ့ ခုနစ်မိုင်သာကွာဝေးပြီး အိန္ဒိယကုန်သွယ်မှုလည်းရှိတဲ့အတွက် လက်ရှိအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဒေသနေပြည်သူတွေ၊ ဒေသအာဏာပိုင်တွေနဲ့ ဟိုတယ်လုပ်ငန်းရှင်တွေ ပူးပေါင်းဆောင်ရွက်ခွင့် အခွင့်အလမ်းကို လက်တွေ့အသုံးချဆောင်ရွက်မယ်ဆိုရင် ပန်ဆောင်၊ နန်းယွန်းဒေသဟာ လက်ရှိအခြေအနေထက် ပိုမိုဖွံ့ဖြိုးမှု အားကောင်းလာမှာပါ”ဟု ခရီးသွားစီးပွားရေးလုပ်ငန်းရှင် အသိုင်းအဝိုင်းက ပြောကြားသည်။

ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့နှင့် ထိစပ်နေသောနန်းယွန်းနှင့် ပန်ဆောင်သည် အိန္ဒိယနိုင်ငံ လီဒိုမြို့နှင့် ထိစပ်တည်ရှိမှုကြောင့် နိုင်ငံ၏နယ်စပ်မြို့များ ဖွံ့ဖြိုးတိုးတက်စေရန် တပ်မတော်အစိုးရလက်ထက်တွင် တရုတ်၊ မြန်မာနှင့် အိန္ဒိယနိုင်ငံ သုံးနိုင်ငံတို့ ပူးပေါင်းပြီး ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်စစ်တပ်များ တည်ဆောက်အသုံးပြုခဲ့သော စစ်ရေးမဟာဗျူဟာမြောက် လီဒိုလမ်းမကြီးကို စီးပွားရေးမဟာဗျူဟာလမ်းအဖြစ် ပြောင်းလဲပြုပြင်သွားမည့် စီမံကိန်းအား သုံးနိုင်ငံဆောင်ရွက်ကြရာ တရုတ်နိုင်ငံနှင့် ထိစပ်နေသော မြန်မာနိုင်ငံနယ်စပ်ကန်ပိုက်တီမှ မြစ်ကြီးနားမြို့အထိ တရုတ်က တာဝန်ယူဆောင်ရွက်ခဲ့ရာ ကန်ပိုက်တီမှ မြစ်ကြီးနားအထိပြီးစီးခဲ့သည်။ တနိုင်း-ရှင်ဗွေယန်လမ်းပိုင်းကို မြန်မာနိုင်ငံမှ တာဝန်ယူဆောင်ရွက်ခဲ့ရာ မြစ်ကြီးနား-တနိုင်း-ရှင်ဗွေယန်အထိ ပြီးစီးခဲ့သည်။ အိန္ဒိယနိုင်ငံကလည်း လီဒိုနှင့် ပန်ဆောင်လမ်းပိုင်းကို တည်ဆောက်နိုင်ခဲ့ကြသော်လည်း အဓိကကျန်ရှိနေသော ရှင်ဗွေယန်မှ နန်းယွန်း၊ နန်းယွန်းမှ ပန်ဆောင်လမ်းများသည် ယနေ့တိုင်ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ခြင်းမရှိသေးသဖြင့် နယ်စပ်မြို့များ စီးပွားရေးအရမဖွံ့ဖြိုးဘဲ ရှိနေကြောင်း နိုင်ငံ၏စီးပွားရေးအမြင်ရှိသူ ဓာတ်ပုံဆရာတစ်ဦး၏ သုံးသပ်မှုအရ သိရသည်။

အဆိုပါကျန်ရှိသော ရှင်ဗွေယန်-နန်းယွန်း - ပန်ဆောင် - လီဒိုလမ်းအပိုင်းကို ဆက်လက်ပြုပြင်တည်ဆောက်နိုင်မည်ဆိုပါက အိန္ဒိယနိုင်ငံ လီဒိုမြို့မှ မြန်မာနိုင်ငံ (ကန်ပိုက်တီလမ်း)မှတစ်ဆင့် တရုတ်နယ်စပ်ဂိတ်အထိ မော်တော်ယာဉ်များ ဥဒဟိုသွားရောက်နိုင်မည် ဖြစ်သည်။

ပြည်ကြီးမလှိုင်
ခိုင်မာဖို့
အခွန်တာဝန်
ကျေပွန်စို့




**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း နောင်မွန်ကျေးရွာ၌ မီးသတ်စခန်းတည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် မြေနေရာကို ကြည့်ရှုစစ်ဆေးစဉ်။** (ပြန်/ဆက်)

❍ **ကျောဖုံးမှ**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက ယနေ့အခမ်းအနားသို့ တက်ရောက်လာကြသည့် နောင်မွန်၊ ပုန်းထွန်၊ နောင်ကွဲ၊ စင့်အင်၊ မန်းပွဲ၊ နောင်ဖော့၊ မန်ဆန်၊ နမ့်ပေါင်၊ နမ္မဗောဒ၊ မန်ပျဉ်၊ မိုင်းမော၊ သံလွင်၊ နမ့်မူ၊ မော်တောင်း၊ ခါးသျှိ၊ မယ်ဟန်၊ ခေးနင်း အစရှိသည့်ကျေးရွာအုပ်စုများမှ ရပ်မိရပ်ဖများနှင့် ယခုကဲ့သို့ လာရောက်တွေ့ဆုံရသည့်ရည်ရွယ်ချက်နှစ်ချက်ရှိပါကြောင်း။

နောင်မွန်ကျေးရွာတွင် တည်ဆောက်ရန်လျာထားသည့် တိုက်နယ်ဆေးရုံ၊ မီးသတ်စခန်းမြေနေရာနှင့် တောင်သူများအား ပြန်လည်ပေးအပ်မည့် အစားထိုးမြေနေရာသစ်တို့ကို လာရောက်ကွင်းဆင်းကြည့်ရှုကာ နောင်မွန်ဒေသနှင့် နမ့်ပေါင်ဒေသတို့မှ ကျေးရွာပြည်သူများ၏ လိုအပ်ချက်များကိုသိရှိပြီး ပံ့ပိုးပေးနိုင်ရန်နှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးနိုင်ရန်အတွက် လာရောက်ခြင်းဖြစ်ပါကြောင်း။

ဒီမိုကရေစီအစိုးရသစ် တာဝန်ထမ်းဆောင်ခဲ့သည်မှာ လေးနှစ်ကျော်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို လေးနှစ်ကျော်ကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်အားလုံးကို ခြုံကြည့်ပါက တိုးတက်သင့်သလောက် တိုးတက်နေသည်ကို အားလုံးတွေ့မြင်နေရပြီဖြစ်ပါကြောင်း၊ ထိုတိုးတက်မှုများထဲမှ ဥပမာ အချို့ကို ပြောရမည်ဆိုပါက မိုဘိုင်းတယ်လီဖုန်းအသုံးပြုနိုင်သူများ များစွာတိုးတက်လာခြင်း၊ လျှပ်စစ်မီးရရှိမှုတိုးတက်လာခြင်း၊ တစ်နေရာမှတစ်နေရာသို့ သွားလာရေးပိုမိုလွယ်ကူလာခြင်း၊ အခမဲ့ပညာရေး၊ အခမဲ့ကျန်းမာရေးပိုမိုရရှိလာခြင်း၊ မော်တော်ယာဉ်များနှင့် ဆိုင်ကယ်များအား ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်ကြခြင်း စသည့်ဥပမာအနည်းငယ်အချို့တို့ဖြစ်ပါကြောင်း။

ထိုတိုးတက်မှုများသည် အားလုံးအတွက် လက်လှမ်းမမီနိုင်သော်လည်း လက်လှမ်းမီနိုင်သူများ တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ရှေ့အလားအလာများလည်း ပိုမိုပြီးဖွံ့ဖြိုးလာပြီဖြစ်သည့်အတွက် ယခင်ကထက် အောင်မြင်နေပြီဟု ဆိုနိုင်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုအပ်ချက်များကို မြို့ပြများတွင်သာ တိုးတက်အောင် လုပ်ဆောင်နေခြင်းမဟုတ်ဘဲ ကျေးလက်ဒေသများကိုလည်း ဖွံ့ဖြိုးအောင်ကြိုးစားဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ကျေးရွာများသို့ ကွင်းဆင်းလေ့လာဆွေးနွေးပြီး ပံ့ပိုးကူညီနိုင်သည်များကို အတတ်နိုင်ဆုံးပံ့ပိုးကူညီပေးသွားနိုင်ရန် လာရောက်ခြင်းဖြစ်သည့်အတွက် ရပ်ရွာလူထုမှ လိုအပ်သည်များကို ဆွေးနွေးနိုင်ရန် ယခုကဲ့သို့တွေ့ဆုံခြင်းဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတက လားရှိုးမြို့နယ်အတွင်း ပညာရေး၊ ကျန်းမာရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် ဆောင်ရွက်ပေးခဲ့မှု၊ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက် မီးသတ်စခန်းနှင့် မီးသတ်ယာဉ်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ရှင်းလင်းပြသသည်။

ထို့နောက် နောင်မွန်ကျေးရွာ၊ ဟန်နားကျေးရွာ၊ ပုန်းထွန်ကျေးရွာ၊ စင့်အင်ကျေးရွာ၊ နားမခေကျေးရွာ၊ ခေးနင်းကျေးရွာ၊ နမ့်ပေါင်ကျေးရွာ၊ ခါးသျှိကျေးရွာနှင့် မန်းပျဉ်ကျေးရွာတို့မှ အုပ်ချုပ်ရေးမှူးများနှင့် တာဝန်ရှိသူများက ဒေသအလိုက် အခက်အခဲများနှင့် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေးတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဦးတင်ငွေ၊ ဦးအောင်သန်းဦး၊ ညွှန်ကြားရေးမှူးချုပ် ဦးတင်မျိုးကြည်၊ ဦးမောင်မောင်သန်းနှင့် တာဝန်ရှိသူများက ဝန်ကြီးဌာနအလိုက် ဒေသလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်ပေးမည့် အခြေအနေများကို ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ဒုတိယသမ္မတက ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဒေသအလိုက်လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဒုတိယသမ္မတက နောင်မွန်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူးက လက်ခံရယူသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် နောင်မွန်ကျေးရွာ၌ တိုက်နယ်ဆေးရုံနှင့် မီးသတ်စခန်းတည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် မြေနေရာနှင့် တောင်သူများအား ပြန်လည်ပေးအပ်မည့် အစားထိုးမြေနေရာသစ်တို့အား ကြည့်ရှုစစ်ဆေးရာ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီးနှင့်အဖွဲ့သည် နောင်မွန်ကျေးရွာရှိ မဟာမုနိန္ဒာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကဝိဓဇနှင့် လားရှိုးမြို့ပေါ်ရှိ စိတ္တသုခဘုန်းတော်ကြီးသင်ပညာရေးကျောင်းတိုက် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ဆရာတော်ကြီးများထံမှ သာဓုအနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတနှင့် ဇနီးတို့သည် အဖွဲ့ဝင်များနှင့်အတူ လားရှိုးမြို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်း၌ကျင်းပသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံခဲ့ရသော သီရိမင်္ဂလာမန်ဆူ ရှမ်းကျောင်းတိုက် ပဓာန နာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညိုကြပြီး ထပ်ဆင့်ဂုဏ်ပြုပူဇော်သည်။

အခမ်းအနားသို့ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ပဓာနနာယကဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဒါယကာ ဒါယိကာမများ၊ မြို့မိမြို့ဖများ၊ အလှူရှင်များ၊ ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက မန်ဆူရှမ်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒ၏ ထေရုပ္ပတ္တိအကျဉ်းနှင့် လူမှုရေးဆိုင်ရာစွမ်းဆောင်ချက်များကို ဖတ်ကြားလျှောက်ထားပြီး ဆရာတော် ဘဒ္ဒန္တပုညနန္ဒ၏ စွမ်းဆောင်ချက်များကို ဗွီဒီယိုဆလိုက်များဖြင့်ပြသသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီးဒေါ်နန်းရွှေမှုန်တို့က နိုင်ငံတော်သမ္မတ၏ ဂုဏ်ပြုမှတ်တမ်းလွှာ ဆက်ကပ်ခြင်းခံရသော သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက် ပဓာန နာယက ဆရာတော် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပုညနန္ဒအား ထပ်ဆင့်ဂုဏ်ပြုပူဇော်ကြသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက ဆရာတော်ကြီးထံ အလှူငွေများ ဆက်ကပ်လှူဒါန်းကြရာ ဂေါပကအဖွဲ့ဝင်များက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

ယနေ့အခမ်းအနားတွင် ဒုတိယသမ္မတနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အလှူရှင်များက အလှူငွေကျပ် စုစုပေါင်း ၂၈၂ သိန်းကို လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

❒ **မြန်မာဘော်လီဘောမှ**

နည်းပြချုပ် ဦးလွှမ်းမိုး၊ လက်ထောက်နည်းပြ ဦးကျော်စိုးအောင်၊ ကစားသမားများအဖြစ် နီလာအေး၊ ဖြူသွယ်စိုး၊ ဥမ္မာသန်း၊ သီသီအောင်၊ အေးနန္ဒာမြင့်၊ ဇာဇာလှိုင်၊ စန်းစန်းငွေး၊ ခင်သက်ဝေ၊ ချိုချိုဝင်း၊ မိုးမိုးစန်း၊ ထက်ထက်လင်းနှင့် သန္တာခိုင်တို့ ပါဝင်ကြသည်။ မြန်မာဘော်လီဘောအသင်းမှာ ဆီးဂိမ်းပြိုင်ပွဲကို နှစ်သင်းစလုံးဖြင့် ယှဉ်ပြိုင်မည်ဖြစ်ပြီး အမျိုးသမီးအသင်းမှာ ၂၀၁၃ ပြိုင်ပွဲဝင်ခဲ့သည့်အသင်းကို အခြေခံဖွဲ့စည်းထားခြင်းဖြစ်သည်။ အမျိုးသားအသင်းမှာမူ ၂၀၁၃ ပြိုင်ပွဲအပြီးတွင် ဝါရင့်ကစားသမားအများစုမှာ အနားယူသွားခဲ့သည်။

မြန်မာအမျိုးသားဘော်လီဘောအသင်းသည် လူငယ်ကစားသမားအများစုဖြင့်ပင် ယှဉ်ပြိုင်မည်ဖြစ်ပြီး အာရှ ယူ-၂၃ ဘော်လီဘောပြိုင်ပွဲတွင် အဆင့်(၅)နေရာရရှိခဲ့သည့် ယူ-၂၃ အသင်းမှ ကစားသမားကိုးဦးအထိ ပါဝင်လာခဲ့သည်။ အမျိုးသားဘော်လီဘောအသင်းကို နည်းပြချုပ်အဖြစ် ဦးညီညီလွင်ကသာ ကိုင်တွယ်လျက်ရှိပြီး ဆီးဂိမ်းပြိုင်ပွဲအတွက် တစ်နှစ်ကျော် အချိန်ယူပြင်ဆင်ထားသည်။ မြန်မာအမျိုးသားအသင်းသည် ၂၀၁၄ ခုနှစ်က (၁၇)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းကြောင့် ဆီးဂိမ်းပြိုင်ပွဲအတွက် အတွေ့အကြုံကောင်းများစွာ ရရှိစေခဲ့သည်။

မြန်မာအမျိုးသမီးဘော်လီဘောအသင်းကို နည်းပြချုပ် ဦးလွှမ်းမိုး၊ လက်ထောက်နည်းပြ ဦးကျော်စိုးအောင်တို့က ကိုင်တွယ်လျက်ရှိသည်။ အမျိုးသမီးဘော်လီဘောအသင်းသည် ၂၀၁၄ ခုနှစ် စက်တင်ဘာလက စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် နိုင်ငံတကာပြိုင်ပွဲများ ယှဉ်ပြိုင်ခဲ့ခြင်းမရှိ၍ စင်ကာပူလက်ရွေးစင်အသင်းနှင့်သာ လက်ရေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ စင်ကာပူအမျိုးသမီးအသင်းသည် မတ်လအတွင်းက ရန်ကုန်မြို့သို့လာရောက်၍ ပူးတွဲလေ့ကျင့်မှုများပြုလုပ်ပြီး လက်ရေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက သုံးပွဲစလုံး အနိုင်ရရှိခဲ့သည်။ အုပ်စုခွဲဝေထားမှုအရ မြန်မာအမျိုးသမီးအသင်းမှာ ထိုင်း၊ စင်ကာပူအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး မြန်မာအမျိုးသားအသင်းမှာ အုပ်စု(ယ)တွင် ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်လျက်ရှိသည်။


# မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံအဆင့်မြင့် ဂေါက်သီးပညာရှင်များအသင်း (Myanmar PGA)တို့မှကြီးမှူး၍ IBTC (International Beverage Trading Co., Ltd) မှ အဓိကကူညီပံ့ပိုးမည်ဖြစ်သော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယပွဲစဉ်အား ဇွန် ၂ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့ရှိ တပ်မတော်ဂေါက်ကွင်းတွင် ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို ပရော်ဖက်ရှင်နယ်အဆင့်၊ အပျော်တမ်း အမျိုးသား (Handicap 0-12) အဆင့်ရှိသူများနှင့် အမျိုးသမီး (Handicap 0-24) ပြိုင်ပွဲများ ဟူ၍ပါဝင်ပြီး R&A (Rules Limited St. Andrew) ဂေါက်စည်းမျဉ်းအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကစားသမားများသည် ပြိုင်ပွဲတွင် အသုံးပြုခွင့် (Confirming) ရရှိထားသော ဂေါက်တုတ်များဖြင့်သာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် မေ ၃၀ ရက် မွန်းတည့် ၁၂ နာရီ နောက်ဆုံးထား၍ ဖုန်း (၀၉ ၂၀၃၇၆၇၁၊ ၀၉၂၆၂၅၅၂၄၅၂၊ ၀၉ ၂၅၀၁၆၈၂၈၅) နှင့် ပြိုင်ပွဲကျင်းပမည့် တပ်မတော်ဂေါက်ကွင်းတို့တွင် အမည်စာရင်းပေးသွင်းရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအား ကြိုတင်လေ့ကျင့်မှုများ ပြုလုပ်နိုင်ရန်အတွက် Official Practice Round အား မေ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ခွင့်ပြုထားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်ကြေးအနေဖြင့် Professional ကစားသမားများ ငွေကျပ် ၃၀၀၀၀၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် အမျိုးသမီး ငွေကျပ် ၁၀၀၀၀ ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးနောက်ကျသော ကစားသမားများအား ပြိုင်ပွဲအတွဲဇယားတွင်ထည့်သွင်းရေးဆွဲမည်မဟုတ်သဖြင့် မေ ၃၀ ရက် နောက်ဆုံးထားပေးသွင်းရမည်ဖြစ်သည်။ **(ဖိုးသော်ဇင်)**



# လူငယ်လူရွယ်များသည် အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်လောင်းများအဖြစ် နိုင်ငံတော်ကအားထားရစမြဲ



**နေပြည်တော် မေ ၂၄**

ရေကြောင်းလူငယ်မောင်မယ်နှင့် လေကြောင်းလူငယ်မောင်မယ်များအား ဂုဏ်ပြုတွေ့ဆုံပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲက ဇေယျာသီရိဗိမာန်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ ဂုဏ်ပြုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး လှဌေးဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်(ကြည်း၊ ရေ၊ လေ)အရာရှိကြီးများနှင့် ဇနီးများ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်သင်တန်းများမှ သင်တန်းသား ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လူငယ်လူရွယ်များသည် နုပျိုလန်းဆန်းခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ခွန်အားပြည့်ဝ၍ ကြံ့ခိုင်ခြင်း၊ စူးစမ်းလေ့လာတတ်ခြင်း၊ စွန့်စားလိုခြင်း၊ အသိပညာအတတ်ပညာတို့ကို စူးစမ်းလေ့လာတတ်သဖြင့် အသိပညာအားကောင်းခြင်း စသည့်ပင်ကိုအရည်အသွေးများနှင့် ပြည့်စုံသူများဖြစ်၍ အနာဂတ်နိုင်ငံတော်၏ ခေါင်းဆောင်ကောင်းများ၊ ပညာရှင်လောင်းများအဖြစ် နိုင်ငံတော်ကအားထားရစမြဲဖြစ်ကြောင်း။

လူငယ်များသည် အရာရာကို စူးစမ်းလေ့လာတတ်သူများဖြစ်သဖြင့် ပတ်ဝန်းကျင်၏ မကောင်းသည့်လှုံ့ဆော်သွေးဆောင်မှုများ၊ မိမိစိတ်အလိုကို မဆင်မခြင်လိုက်ပါမှုများကြောင့် မိမိ၏ကိုယ်ကျင့်တရားပိုင်းဆိုင်ရာများတွင် ထိခိုက်ယိုယွင်းပျက်စီးတတ်ကြောင်း၊ ကျောင်းပညာရပ်များကို ကြိုးကုတ်ဆည်းပူးနေရသည့်အတွက် မလေ့လာ၊ မသိကျွမ်းနိုင်သေးသော နိုင်ငံရေးနယ်ပယ်၌ အသုံးချခံရခြင်းနှင့် သရုပ်ပျက်ယဉ်ကျေးမှုများကို အတုယူခြင်းစသည့်အချက်များသည် အပြစ်ကင်း၍ ထက်မြက်သော လူငယ်တို့၏ ဘဝလမ်းကြောင်းကို တိမ်းစောင်းသွားစေနိုင်ကြောင်း။

**အနာဂတ်မြန်မာနိုင်ငံတော်သည် ယနေ့လူငယ်များ၏ လက်ထဲတွင်ပင်ရှိပါကြောင်း၊ မောင်တို့မယ်တို့ထက်မြက်လျှင် ထက်မြက်သလောက် အရောင်တောက်လာမည်ဖြစ်**ပါကြောင်း၊ မောင်တို့မယ်တို့သည် မျိုးချစ်စိတ်အားကောင်းသည့် လူငယ်များဖြစ်သည်နှင့်အညီ နိုင်ငံတော်၏ အနာဂတ်ထွန်းတောက်လာစေရေး၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးသယ်ပိုးနိုင်မည့်သူများဖြစ်လာစေရေး ကြိုးစားဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် မြဝတီတေးဂီတအဖွဲ့က ဂုဏ်ပြုတေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ရာ အခမ်းအနားတက်ရောက်လာကြသူများ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များက ကြည့်ရှုအားပေးကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းလူငယ်မောင်မယ်များနှင့် လေကြောင်းလူငယ်မောင်မယ်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး လူငယ်မောင်မယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ပုံ)**

ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှ ထုတ်လုပ်သည့် ရေယာဉ်များ၏ ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော်(လေ)တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့်အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှု သရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူအသီးသီးက ရှင်းလင်းပြောကြားသည်။

နံနက်ပိုင်းကလည်း ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များသည် နေပြည်တော်ရှိ အမျိုးသားအထိမ်းအမှတ်ဥယျာဉ်သို့ လည်းကောင်း၊ စစ်သမိုင်းပြတိုက်ရှိ တပ်မတော်(ကြည်း) ပြခန်းများ၊ တပ်မတော် (ရေ) ပြခန်း၊ တပ်မတော် (လေ)ပြခန်းနှင့် ပြင်ပပြကွက်များဖြစ်သော တပ်မတော်(ကြည်း)မှ အမြောက်များနှင့် တိုက်ခိုက်ရေးယာဉ်များ၊ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် တပ်မတော်(လေ)မှ လေယာဉ်များ၊ ရဟတ်ယာဉ်များကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အဆင့်မြင့်ပညာကဏ္ဍ နှီးနှောဖလှယ်ပွဲ တတိယနေ့ကျင်းပ

**ရန်ကုန် မေ ၂၄**

၂၀၁၇ ခုနှစ် ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အဆင့်မြင့်ပညာကဏ္ဍ) တတိယနေ့အဖြစ် ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်သူက "ဘာသာရပ် မြှင့်တင်ရေးအတွက် ဘာသာရပ်အလိုက် နှီးနှောဖလှယ်ပွဲများ ကျင်းပရေးနှင့် Symposium ထူထောင်နိုင်ရေး စာတမ်း" ကို ဖတ်ကြားဆွေးနွေးပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာမြင့်သိန်းက Moderator အဖြစ် ဆောင်ရွက်ခဲ့သည်။

ယင်းစာတမ်းတွင် နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ဖြစ်ထွန်းလာရေး နိုင်ငံတကာတက္ကသိုလ်များ၏ မဟာဌာနများနှင့် ကျောင်းဖွဲ့စည်းပုံနှင့် နှီးနှောဖလှယ်ပွဲများ ကျင်းပရန် လိုအပ်သည့်ကဏ္ဍများပါဝင်သည်။

စာတမ်းရှင် ဒေါက်တာအောင်သူက အဆင့်မြင့်ပညာရေးအဆင့်အတန်းမြင့်မားရေးသည် နိုင်ငံတကာအဆင့်မီတက္ကသိုလ်များ ပေါ်ထွန်းလာမှုနှင့် တိုက်ရိုက်အချိုးကျလျက်ရှိကြောင်း၊ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်များ ဖြစ်ပေါ်ရေးအတွက် ဘာသာရပ်များတိုးချဲ့ခြင်း၊ မဟာဌာနများဖွဲ့စည်းခြင်း၊ ဘာသာရပ်ဆိုင်ရာ သင်ရိုးများ နိုင်ငံတကာအဆင့်မီ ဖြစ်စေခြင်း၊ ဝန်ထမ်းများ၏ အရည်အသွေး ပြည့်မီစေခြင်း၊ ခေတ်မီသင်ကြားသင်ယူမှုများကို ဖြစ်စေခြင်း၊ ဥပဒေရေးရာ၊ မူဝါဒနှင့် အဖွဲ့အစည်းဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နှီးနှောဖလှယ်ပွဲများနှင့် Symposium များ ကျင်းပသင့်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့သည်။

နိုင်ငံတကာ ဆက်သွယ်မှုများ တိုးမြှင့်ခြင်း၊ ဘာသာရပ်မြှင့်တင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်အဖွဲ့များ ဖွဲ့စည်းပြီး ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများဖြင့် ချိတ်ဆက်ဆောင်ရွက်ခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ Research Network ထူထောင်ခြင်း၊ Policy Research ပြုလုပ်ခြင်းတို့ ဆောင်ရွက်သင့်ပြီး နှီးနှောဖလှယ်ပွဲများ ကျင်းပမည်ဆိုပါက ကြိုတင်ကြေညာကာ အမှန်တကယ်ဆွေးနွေးနိုင်မည့်ပုဂ္ဂိုလ်များ ဖိတ်ကြားသင့်ကြောင်း၊ နိုင်ငံတကာတက္ကသိုလ်များ ဖြစ်ပေါ်လာအောင် နိုင်ငံတကာမှ Model တစ်ခု နမူနာရယူပြီး ဦးစားပေးအဆင့်သတ်မှတ်ကာ ဆောင်ရွက်သင့်ကြောင်းဖြင့် တက်ရောက်လာသူများက ဆွေးနွေးခဲ့ကြသည်။

အလားတူ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးက "အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း၏ အဆင့်မြင့်ပညာကဏ္ဍ (၂၀၁၆-၂၀၁၇ မှ ၂၀၂၀-၂၀၂၁) အထိ ငါးနှစ်စီမံကိန်းစာတမ်း"ကို ဖတ်ကြားဆွေးနွေးပြီး ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်းအဖွဲ့မှ အတိုင်ပင်ခံပညာရှင် ဒေါက်တာမြင့်သိန်းက Moderator အဖြစ် ဆောင်ရွက်ခဲ့သည်။

အဆိုပါ စာတမ်းတွင် ပြည်တွင်းပြည်ပ အတွေ့အကြုံများနှင့် လေ့လာဆန်းစစ်တွေ့ရှိချက်များ၊ နောင်လာမည့် ငါးနှစ်အတွင်း ဖြေရှင်းရမည့် စိန်ခေါ်မှုများ၊ အသွင်ကူးပြောင်းမှုဆိုင်ရာ ပြောင်းလဲမှုအတွက် နည်းဗျူဟာများနှင့် မဟာဗျူဟာအောင်မြင်ရေးအတွက် ရလဒ်မူဘောင်များ ပါဝင်သည်။

အမျိုးသားအဆင့် ပညာရေးဖွံ့ဖြိုးတိုးတက်ရေး (အဆင့်မြင့်ပညာကဏ္ဍ) စီမံကိန်း၏ မျှော်မှန်းချက်မှာ "မြန်မာနိုင်ငံ၏ ပညာရေးအဆင့်ကို အာဆီယံပညာရေးနှင့် နိုင်ငံတကာပညာရေးအဆင့်များအထိ မြှင့်တင်ပေးပြီး တက္ကသိုလ်များကို နိုင်ငံတော်၏ ပညာရေးအခြေပြု စီးပွားရေးစနစ်ကို ဖော်ဆောင်နိုင်မည့် လူမှုစီးပွားရေးဖွံ့ဖြိုးမှု အထောက်အကူပြုဌာနများ ဖြစ်လာစေရန်ဖြစ်သည်။

စာတမ်းရှင် ဒေါက်တာ မျိုးသိမ်းကြီးက နောင်လာမည့် ငါးနှစ်အတွင်းဖြေရှင်းရမည့် စိန်ခေါ်မှုများမှာ အဆင့်မြင့်ပညာရေး အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု၊ အဆင့်မြင့်ပညာရေး အရည်အသွေးမြှင့်တင်ခြင်း၊ အဆင့်မြင့်ပညာရေး သင်ယူခွင့် မျှတမှုရှိစေခြင်း၊ တက္ကသိုလ်များတွင် သုတေသနလုပ်ငန်းများမြှင့်တင်ခြင်းတို့ဖြစ်ကြောင်း၊ အသွင်ကူးပြောင်းမှုဆိုင်ရာ ပြောင်းလဲမှုအတွက် နည်းဗျူဟာများမှာ အဆင့်မြင့်ပညာရေးအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုကို အားဖြည့်ပေးခြင်း၊ အမျိုးသားအဆင့်နှင့် တက္ကသိုလ်အဆင့် အရည်အသွေး အာမခံမှုစနစ်ထူထောင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာ အဆင့်မီ အရည်အသွေးမြှင့်တင်ခြင်း၊ သင်ရိုးညွှန်းတမ်း အရည်အသွေးမြှင့်တင်ခြင်း၊ သင်ကြားခွင့် တန်းတူညီမျှရရှိရေးတိုးမြှင့်ခြင်း၊ သုတေသနအခြေခံဖောင်ဒေးရှင်းများ တိုးတက်ကောင်းမွန်ရန် ဆောင်ရွက်ခြင်းတို့ဖြစ်ကြောင်း၊ မဟာဗျူဟာအောင်မြင်ရေးအတွက် တစ်ဦးချင်းနှင့် တက္ကသိုလ်အလိုက် စွမ်းဆောင်ရည် မြှင့်တင်ပျိုးထောင်ခြင်း၊ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ လေ့ကျင့်ပျိုးထောင်ခြင်းအတွက် ရေရှည်အားဖြည့်ခြင်းတို့ကို ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးခဲ့သည်။

တက်ရောက်လာကြသူများကလည်း ကျွမ်းကျင်ဝန်ထမ်းများ မွေးထုတ်နိုင်ရေး၊ တက္ကသိုလ်များအနေဖြင့် အင်္ဂလိပ်စာကျွမ်းကျင်မှုအတွက် စီမံကိန်းချမှတ်ဆောင်ရွက်ရေး ကြိုးစားသင့်ကြောင်းဖြင့် ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အထွေထွေစာတမ်း ဖတ်ကြားဆွေးနွေးခြင်းကဏ္ဍ၌ "Myanmar Citation Index (MnCI) ထူထောင်ရေးစာတမ်း"ကို အဆင့်မြင့်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရည်ရည်မော်ကလည်းကောင်း၊ "UNESCO Institute of Statistics(UIS) ၏ ပညာရေးကိန်းများပြုစုရေးနှင့်အချက်အလက်များ ပြည့်စုံစွာ ရရှိရေးစာတမ်း"ကို ရန်ကုန်အနောက်ပိုင်း တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမျိုးသိမ်းကြီးကလည်းကောင်း၊ "အားကစားနှင့် ပညာရေးပေါင်းစပ်ရေးစာတမ်း" ကို ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဦးကလည်းကောင်း၊ "မြန်မာနိုင်ငံကင်းထောက်အဖွဲ့ အကောင်အထည်ဖော်ဆောင်ရွက်မှုမှတ်တမ်း"ကို အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဒေါက်တာတင်ညို ကလည်းကောင်း၊ "ဘက်စုံပညာထူးချွန်လူငယ်များ ပြုစုပျိုးထောင်ရေးစာတမ်း"ကို မန္တလေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း) ဒေါက်တာ မောင်သင်းကလည်းကောင်း၊ "ပညာရေးဆိုင်ရာ ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပရေးဆိုင်ရာကိစ္စများစာတမ်း"ကို ရန်ကုန်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာကျော်နိုင်ကလည်းကောင်း၊ "Community Learning and Development နှင့်ပတ်သက်သည့် စာတမ်း"ကို Jupiter Myanmar Education (JME) မှ Founder and CEO ဦးအောင်ကျော်မျိုးက လည်းကောင်း၊ "အဆင့်မြင့်ပညာကဏ္ဍ ဆက်စပ်ဥပဒေရေးဆွဲရာတွင် ထည့်သွင်းရန် လျာထားချက်များစာတမ်း"ကို ဒဂုံတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ကြူကြူဆွေကလည်းကောင်း ဖတ်ကြားဆွေးနွေးခဲ့ကြသည်။ **(ပညာရေး)**

## မိုးစပါးစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေး

**သုံးခွ မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ၂၀၁၇ ခုနှစ် မိုးစပါးသီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေးခြင်း အခမ်းအနားကို မေ ၂၁ ရက် နံနက် ၉ နာရီခွဲတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ကျင်းပကြောင်း သိရသည်။

ဆက်လက်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာ ဒေါ်စုစုမော်က ချေးငွေထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်၊ ချေးငွေထုတ်ယူသည့် တောင်သူများလိုက်နာရမည့် စည်းမျဉ်း၊ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး အောင်ပန်းစိန်ကျေးရွာသို့ ချေးငွေများစတင်ထုတ်ပေးကြောင်း သိရသည်။

သုံးခွမြို့နယ်တွင် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၆၅ အုပ်စုမှ တောင်သူပေါင်း ၁၇၅၀၉ ဦးအား တစ်ဧကကျပ်တစ်သိန်းနှုန်းဖြင့် ဧကပေါင်း ၁၂၄၀၀၀ အတွက် ချေးငွေကျပ်သိန်း ၁၂၄၀၀၀ ထုတ်ချေးရန်လျာထားကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# ထိုင်း-မြန်မာနယ်စပ် မောတောင်-စင်ခွန်းနယ်စပ် ဝင်/ထွက်ဂိတ် အထူးယာယီစင်ခွန်းဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်

**မြိတ် မေ ၂၄**

ထိုင်း-မြန်မာနယ်စပ် မြိတ်ခရိုင်နှင့် ပရာကျွတ်ခရီခန်ခရိုင်တို့ ထိစပ်လျက်ရှိသော မောတောင်-စင်ခွန်းနယ်စပ် ဝင်/ထွက် ယာယီစင်ခွန်းဂိတ်အား အထူးယာယီ စင်ခွန်းဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ခြင်းကို မေ ၂၃ရက် ဒေသစံတော်ချိန် ၉နာရီက အဆိုပါဂိတ်၌ ကျင်းပခဲ့သည်။

အထူးယာယီစင်ခွန်းဂိတ်ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် မြန်မာ့ရိုးရာအကအလှများ၊ ထိုင်းရိုးရာအကအလှများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး တနင်္သာရီတိုင်းဒေသကြီး စီမံ/စီးပွားဝန်ကြီး ဦးသိန်းလွင်နှင့် ခရိုင်ဝန်မစ္စတာ ဝီလစီဝတ်ထနာတကူတို့က အထူးယာယီစင်ခွန်းဂိတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြကာ ဂိတ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် သွားရောက်လည်ပတ်ကြမည့် နှစ်နိုင်ငံပြည်သူများအား ကြိုဆိုခဲ့ကြသည်။**(အပေါ်ယာပုံ)**




ထိုသို့ အလည်အပတ်ခရီးသွားလာရာတွင် မြိတ်မြို့သို့သွားရောက်မည့် ထိုင်းနိုင်ငံသား ၂၈၀ ခန့်နှင့် ပရာကျွတ်မြို့သို့ သွားရောက်မည့် မြိတ်ဒေသသား ၂၅၀ ခန့်ရှိကြောင်းနှင့် ကုန်သည်လုပ်ငန်းရှင်များက ကုန်သွယ်မှုလုပ်ငန်းများလည်း ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုင်း-မြန်မာနယ်စပ်မြိတ်ခရိုင်နှင့် ပရာကျွတ်ခရီခန်ခရိုင်တို့ထိစပ်လျက်ရှိသော မောတောင်-စင်ခွန်းနယ်စပ် ဝင်/ထွက်ဂိတ်တွင် မြိတ်ခရိုင် တနင်္သာရီမြို့နယ် မောတောင်နယ်စပ်ဂိတ်အား ၂၀၁၃ ခုနှစ် မေ ၈ရက်တွင် အမြဲတမ်းဂိတ်အဖြစ် ဖွင့်လှစ်ခဲ့ပြီး မေ ၂၃ ရက်တွင် ပရာကျွတ်ခရီခန်ခရိုင် ယာယီစင်ခွန်းဂိတ်မှ အထူးယာယီစင်ခွန်းဂိတ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သဖြင့် ကုန်သွယ်ခြင်းလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ခရီးသွားလာမှုလုပ် ငန်းများဆောင်ရွက်နိုင်မည်ဖြစ်ကာ မြိတ်ဒေသအနေဖြင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ခြင်း၊ ကုန်သွယ်မှုမြင့်တင်ခြင်းနှင့် နှစ်နိုင်ငံပြည်သူများ ဒေသန္တရဗဟုသုတများ ရရှိခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာနိုင်ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

## မိတ္ထီလာခရိုင်အတွင်း ကုစားစာမေးပွဲပြန်လည်ဖြေဆိုကြသည့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၂၆၅၄ ဦး ဖြေဆိုအောင်မြင်

**မိတ္ထီလာ မေ ၂၄**

မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ခရိုင်မေးခွန်း စတုတ္ထတန်းနှင့် တိုင်းဒေသကြီးမေးခွန်း အဌမတန်း အစိုးရစစ်အား ကုစားစာမေးပွဲ အောင်စာရင်းများကို မေ ၂၄ ရက် နံနက်ပိုင်းက ထုတ်ပြန်ကြေညာပေးခဲ့ရာ ကုစားစာမေးပွဲပြန်လည်ဖြေဆိုသည့် စတုတ္ထတန်း ကျောင်းသား ကျောင်းသူ ၃၃၇၇ ဦးအနက် ၂၆၅၄ ဦးဖြေဆိုအောင်မြင်ကြောင်း ခရိုင်လက်ထောက် ပညာရေးမှူး(စီမံ)ဦးသက်လေးဦးထံမှ သိရသည်။

"စတုတ္ထတန်းစာမေးပွဲ ကုစားစာမေးပွဲပြန်လည်ဖြေဆိုရမယ့်သူ ၃၃၇၇ ဦး ရှိခဲ့ပြီး မေ ၁၄ ရက်မှ ၁၆ ရက်အထိ ကုစားစာမေးပွဲကျင်းပပေးတဲ့အခါ ဖြေဆိုဖို့ ပျက်ကွက်သူနဲ့ ဘာသာစုံမဖြေဆိုသူ ၄၂၅ ဦးရှိခဲ့တယ်။ ကုစားစာမေးပွဲအောင်မြင်တဲ့သူက ၂၆၅၄ ဦးရှိပြီးတော့ ကျရှုံးသူက ၂၉၈ ဦးပဲရှိပါတယ်။ ပထမစာမေးပွဲကြီးထက်စာရင် အောင်ချက်ရာခိုင်နှုန်းပိုများလာပါတယ်။ စာမေးပွဲအတွေ့အကြုံအသစ်က ဆရာ၊ ဆရာမတွေရော၊ ဖြေဆိုတဲ့ကျောင်းသားတွေရော ဒုတိယအကြိမ်တွေ့ကြုံရတာဆိုတော့ ရင်းနှီးနေပြီးတော့ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ကြပါတယ်"ဟု ၎င်းက ဆက်လက်ပြောသည်။

မိတ္ထီလာခရိုင်အတွင်း စတုတ္ထတန်းကုစား စာမေးပွဲပြန်လည်ဖြေဆိုအောင်မြင်သူများအနက် 'အေ'အဆင့်ဖြင့် အောင်မြင်သူ ၁၂၅ ဦး ၊ 'ဘီ'အဆင့်ဖြင့်အောင်မြင်သူ ၈၄၀၊ 'စီ'အဆင့်ဖြင့်အောင်မြင်သူ ၁၆၈၉ ဦး စုစုပေါင်း ၂၆၅၄ ဦးဖြစ်ပြီး ဖြေဆိုရသည့် ဘာသာရပ်အရေအတွက်ဖြင့် ရမှတ်အားလုံးပေါင်းကိုတည်၍ ၈၀ မှတ်မှ ၁၀၀ မှတ်အတွင်း 'အေ'အဆင့်၊ ၆၀မှတ်မှ ၇၉မှတ်အတွင်း 'ဘီ'အဆင့်၊ ၄၀ မှတ်မှ ၅၉ မှတ်အတွင်း 'စီ'အဆင့်သတ်မှတ်ခြင်းဖြစ်သည်။ ၃၉ မှတ်အောက် ရရှိသူများကို 'ဒီ'အဆင့် သတ်မှတ်ပြီး စာမေးပွဲကျရှုံးသူများအဖြစ် သတ်မှတ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

## ကလေးမြို့၌ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း နိုဝင်ဘာလတွင်ဖွင့်မည်



**ကလေး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းကို ချမ်းမြေ့အောင်စည်ရပ်ကွက် ပင်လုံလမ်းမတော်လမ်း ကားလေးကွင်း အနောက်ဘက် ယခင်ငါးကန်ဟောင်းနေရာတွင်ဆောက်လုပ်လျက်ရှိရာ **(ဝဲပုံ)**ယခုနှစ် နိုဝင်ဘာလတွင် စတင်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

"ဒီသင်တန်းကျောင်းကို ၂၀၁၄ -၂၀၁၅ ဘဏ္ဍာနှစ်မှာ စတင်ဆောက်လုပ်ခဲ့တာပါ။ဆောက်လုပ်ရေးလုပ်ငန်းအားလုံးက အချောသပ်ပိုင်းနဲ့ အဆုံးသတ်ပိုင်းတွေပဲကျန်တော့တာပါ။ ဒီသင်တန်းကျောင်းကြီးဖွင့်ပြီဆိုရင် တိုင်းဒေသကြီးအတွင်း တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူတွေအားလုံး ဝင်ရောက်လျှောက်ထားနိုင်ပြီး အမှတ်အများဆုံး သားဖွား ၅၀နဲ့ သူနာပြု ၅၀ ကို ရွေးချယ်ပြီး ပညာသင်ပေးမှာပါ။ သားဖွားကတော့ နှစ်နှစ်ပညာသင်ရမှာဖြစ်ပြီး သူနာပြုကတော့ သုံးနှစ်ပညာသင်ရမှာဖြစ်ပါတယ်။ အားလုံးကို ကျောင်းအိပ် ကျောင်းစားနဲ့ ပညာသင်ပေးပြီး ကျောင်းဆင်းပြီးပါက နိုင်ငံတော်အတွက် သုံးနှစ် တာဝန်ထမ်းဆောင်ပေးရမှာ ဖြစ်ပါတယ်"ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝေဝေလွင်က ပြောသည်။

ကလေးမြို့သည် မြို့ပြစီမံကိန်းများ အကောင်အထည်ဖော်လျက်ရှိရာ တိုးတက်လာသောလူဦးရေနှင့် ပညာအခွင့်အလမ်းများ ရှာဖွေနိုင်ရန်အတွက် သူနာပြုသင်တန်းကျောင်းကို ဆောက်လုပ်ခြင်းဖြစ်ကာ ဒေသခံများနှင့် ကလေးဝ ၊မင်းကင်း၊ တမူး၊ မော်လိုက်၊ ဖောင်းပြင်မြို့နယ်များမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအနေဖြင့် ကလေးမြို့တွင် လွယ်ကူစွာ တက်ရောက်နိုင်ရေးရည်ရွယ်ကာ ဆောက်လုပ်ခြင်းဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်လှိုင်က ဆိုသည်။

အဆိုပါ သင်တန်းကျောင်း ဆောက်လုပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၉၈၄ ဒသမ ၃၃ သန်းဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ကလေးမြို့တွင် အဆင့်မြင့် အသက်မွေးဝမ်းကျောင်းပညာကို တက်ရောက်သင်ကြားနိုင်ရန်အတွက် ကလေးဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်တို့ကို ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်သည်။

**(လင်းလက်ကြယ်စင်)**

## နွားထိုးကြီးတွင် တိုင်းရင်းဆေးရုံတည်ဆောက်ရန် နေရာရွေးချယ်ထားပြီးဖြစ်

**နွားထိုးကြီး မေ ၂၄**

နွားထိုးကြီးမြို့ပေါ်အမှတ် (၇) ရပ်ကွက် မြင်းခြံ-မန္တလေးကားလမ်းအနီးတွင် (၁၆) ခုတင်ဆံ့ နွားထိုးကြီး တိုင်းရင်းဆေးရုံ တည်ဆောက်ရန် နေရာရွေးချယ်ထားပြီဖြစ်ကြောင်း နွားထိုးကြီး တိုင်းရင်းဆေးခန်းမှူး ဒေါ်ခင်မာတင်က ပြောသည်။

နွားထိုးကြီးတိုင်းရင်းဆေးခန်းကို အဆင့်မြှင့်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေနှင့် (၁၆) ခုတင်ဆံ့ဆေးရုံ တည်ဆောက်မည်ဖြစ်ပြီး မြို့ပေါ်တွင် တိုင်းရင်းဆေးရုံဖွင့် သကဲ့သို့ နယ်တွင်လည်းတိုင်းရင်းဆေးခန်းများဖွင့်လှစ်ရန် မြေနေရာရှာဖွေနေကြောင်း ၎င်းက ဆက်ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မတ္တရာ၊ တံတားဦး၊ ပုသိမ်ကြီး၊ ပျော်ဘွယ်မြို့နယ်များ၌လည်း တိုင်းရင်းဆေးရုံများ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ဇာမွန်မြင့်(ဥပဒေ)**

**သွေးသည် အသက်**

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**ညောင်ဦး မေ ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသတွင် ပလတ်စတစ်အမှိုက်များကင်းစင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေးအတွက် မေ ၂၃ရက် နံနက် ၇နာရီက ပုဂံမြို့သစ် ကျန်စစ်သားရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်းမြောက်ဘက်ရှိ ကျောင်းသား ကျောင်းသူများနှင့် ရပ်ကွက်နေပြည်သူများ အသုံးပြုသွားလာနေသည့် မဉ္ဇူလမ်းသွယ်ဘေးပတ်ဝန်းကျင်တွင် စွန့်ပစ်ပလတ်စတစ်အမှိုက်များ ကောက်သိမ်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ညောင်ဦးခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်က စွန့်ပစ်ပလတ်စတစ်အမှိုက်များအား လျှော့နည်းပပျောက်စေရေးအတွက် collect-carry- change စသည့် လုပ်ငန်းစဉ်သုံးရပ်ဖြင့် အဆင့်ဆင့် ဆောင်ရွက်လာနိုင်ခဲ့ခြင်းကြောင့် ယခင်အခြေအနေထက် လျော့နည်းလာမှု၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်နိုင်မှုနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပလာမှုတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းပြသခဲ့သည်။

ယင်းသို့ဆောင်ရွက်ရာတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင် ဦးဆောင်၍ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဟိုတယ်လုပ်ငန်းရှင်များအသင်း၊ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်း၊ ဧည့်လမ်းညွှန်များအသင်း၊ အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ပန်းပျိုးလတ်၊ ဘဝအလင်း၊ ချမ်းရိပ်မြေ၊ ရွှေသို့စသည့် ပညာရေးဘော်ဒါဆောင်များမှကျောင်းသား ကျောင်းသူများ ပူးပေါင်းကာ ပလတ်စတစ်အမှိုက်များကောက်သိမ်းခြင်း၊ **(အောက်ပုံ)** ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရဲသူရအောင် (ညောင်ဦး)**



# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေး နေပြည်တော်၌ ကျင်းပမည်

**နေပြည်တော်  မေ  ၂၄**

ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်သော(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် အဆိုပါ နိုင်ငံများအပြင် ထိုင်းနိုင်ငံပါ ပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား- မဲခေါင်စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်စ်)ထိပ်သီးအစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများကို ဇွန် ၂၂ ရက်မှ ၂၃ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားသို့ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း/ပြည်ပသတင်းထောက်များအနေဖြင့် www.moi.gov.mm မှ Home Page တွင်ရှိသည့် 7th CLMV SUMMIT and 6th ACMES SUMMITကိုနှိပ်၍ Registration Link ကိုနှိပ်ကာ MEDIA REGISTRATION FORM တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Submit ပြုလုပ်ရန်၊ မှတ်ပုံတင်ခြင်းကို မေ ၁၅ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဇွန် ၂၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ Sky Palace Hotel ၌ ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတကာသတင်းထောက်များအနေဖြင့် နီးစပ်ရာ သံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ကြောင်းနှင့် အစည်းအဝေးနှင့်ပတ်သက်၍ သိရှိလိုပါက နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဖုန်း- ၀၉-၂၅၀၉၆၆၀၇၈၊ ၀၉-၅၁၇၇၀၉၂၊ ၀၉-၇၉၉၅၇၆၆၃၀ တို့သို့လည်းကောင်း၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသတင်းဌာနနှင့် ပြည်တွင်းစာနယ်ဇင်းများ ဝင်/ထွက်ခွင့်ရရှိရေးနှင့်ပတ်သက်၍ သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**




# ပြန်ကြားရေးဝန်ကြီးဌာန Call Center တည်ထောင်ပြီး ပြည်သူများသို့ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်လျက်ရှိ




ပြန်ကြားရေးဝန်ကြီးဌာနနှင့် Blue Ocean Co.,Ltd တို့ ပူးပေါင်း၍ "Call Center Hotline 1883"မှ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပတ်သက်သော သတင်းများ၊ မိုးလေဝသနှင့် ရာသီဥတုသတင်းများ၊ ပြည်တွင်းသတင်းများ၊ နောက်ဆုံးရသတင်းများ၊ ထူးခြားဖြစ်စဉ်သတင်းများကို (၁-၆-၂၀၁၅)ရက်နေ့မှစ၍ ၂၄ နာရီ ထုတ်လွှင့်ပေးခြင်းနှင့် ဖြေကြားဝန်ဆောင်မှုပေးခြင်းတို့ကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

Call Center အသုံးပြုပုံမှာ 1883 Hot Line နံပါတ်ကို ခေါ်ဆိုပါ။ နံပါတ်(၁)တွင် နေ့စဉ်သတင်းများကို စက္ကန့် (၉၀)နားဆင်နိုင်သည်။

အဆိုပါနံပါတ်တွင် နံပါတ်ခွဲ သုံးခုထားရှိကာ နံပါတ်(၁)တွင် ပြည်တွင်းသတင်း၊ နံပါတ်(၂)တွင် မိုးလေဝသသတင်း နှင့် နံပါတ်(၃)တွင် နောက်ဆုံးရ ထူးခြားဖြစ်စဉ်သတင်းများကို နားဆင်နိုင်သည်။

ဝန်ကြီးဌာနနှင့် ပတ်သက်သည့် အချက်အလက်များကို သိလိုလျှင်၊ ကောလာဟလသတင်းများ၊ အင်တာနက်သတင်းများကို အတည်ပြုလိုလျှင် နံပါတ်(၂)ကိုနှိပ်ပါက Operator မှ ဖြေကြားပေးမည်ဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် မြန်မာ့ဆက်သွယ်ရေး(MPT)ဖုန်းများသာ ဝန်ဆောင်မှုရရှိမည်ဖြစ်ပြီး မကြာမီတွင် အခြား Mobile ဖုန်း အော်ပရေတာများနှင့်ပူးပေါင်းပြီး ဝန်ဆောင်မှုရရှိစေရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းပေးနိုင်ရန် ရုပ်သေးသင်တန်းဖွင့်

**မန္တလေး မေ ၂၄**

မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းက ကြီးမှူး၍ မြန်မာ့ရုပ်သေး၊ ကြိုးဆွဲပညာ၊ မြန်မာ့ရုပ်သေး (ကရုပ်)ပြုလုပ်ခြင်းနည်းပညာနှင့် လက်ထိုးရုပ်သေးပညာတို့အား မျိုးဆက်သစ်လူငယ်များထံ လက်ဆင့်ကမ်းသင်ကြားပေးနိုင်ရန်အတွက် အခမဲ့ရုပ်သေးသင်တန်းကို မန္တလေးမြို့ မြမန္တလာဟိုတယ်တွင် မေ ၂၃ရက်မှ၂၇ရက်အထိ ဖွင့်လှစ်သင်ကြားပေးသည်။

နိုင်ငံနှင့်လူမျိုးအတွက် အဓိကအရေးကြီးဆုံးဖြစ်သည့် ယဉ်ကျေးမှုကိုတည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းနိုင်စေရန်၊ မျိုးဆက်သစ်လူငယ်များအား လက်ဆင့်ကမ်းအမွေအဖြစ် ပေးအပ်ရန် ရုပ်သေးပညာရက်တိုသင်တန်းကိုဖွင့်လှစ်ခြင်းဖြစ်ကြောင်း မေ ၂၃ ရက်တွင် ကျင်းပသည့် သင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံရုပ်စုံသဘင်အသင်းဥက္ကဋ္ဌ ဒေါ်မမနိုင်က ပြောကြားသည်။ **(အောက်ပုံ)**

"ရက်တိုသင်တန်းဖြစ်ပေမယ့် ယခုအစမှ နောင်ဆက်လက်ဖွင့်လှစ်နိုင်ဖို့ခြေလှမ်းအစပါ။ ရန်ကုန်ကြိုးဆွဲနည်းပညာနဲ့ ပန်းပုပညာ၊ မန္တလေးကြိုးဆွဲနည်းနဲ့ပန်းပုပညာ မူမတူတဲ့အတွက် ပညာနှစ်မျိုးစလုံးရမှာဖြစ်ပါတယ်။ အမှန်တကယ် စိတ်ဝင်စားပြီး ၁၀ တန်းအောင်မြင်သူတွေ တက်ရောက်နိုင်ပါတယ်။နောက်ထပ် နိုင်ငံတကာရုပ်သေးပွဲတော်ကြီး၊ စာတမ်းဖတ်ပွဲ၊ ဂျပန်နိုင်ငံနဲ့အတူ ရုပ်သေးပညာဖလှယ်ပွဲကိုပြုလုပ်ဖို့လည်း စီစဉ်ထားပါတယ်"ဟု ၎င်းကပြောသည်။

အဆိုပါသင်တန်းတွင် သင်တန်းမှူးရှစ်ဦး၊ အရန်သင်တန်းမှူးသုံးဦးက ပို့ချပြီး သင်တန်းသား သင်တန်းသူ ၂၆ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

◆◆◆



# နှမ်းအထွက်ကောင်းသော်လည်း ဈေးကောင်းမရ



**ရေစကြို  မေ  ၂၄**

ယခုအခါ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်း ကုန်းပိုင်းရောကျွန်းပိုင်းမှာပါ စိုက်ပျိုးထားသော နှမ်းများစတင်ရိတ်သိမ်းနေကြပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကျွန်တော်တို့ ကျွန်းပိုင်းမှာ စိုက်ပျိုးတဲ့နှမ်းတွေကတော့ ယခင်နှစ်ကထက်စာရင် အထွက်နှုန်းကောင်းတယ်လို့ဆိုရမှာပဲ။ နှမ်းတစ်ဧကကို ၁၅ တင်းဝန်းကျင်ထွက်တယ်ဗျ။ နှမ်းအထွက်နှုန်းကောင်းပြန်တော့ ဈေးကောင်းမရဘူး ဖြစ်နေတယ်။ ဒီနှစ်ဈေးက နှမ်းတစ်တင်း ၃၇၀၀၀ ကျပ်ပဲရတယ်။ မနှစ်ကတော့ နှမ်းတစ်တင်း ကျပ် ၄၀၀၀၀၊ ၅၀၀၀၀ ရတယ်။ တစ်မနက် လုပ်အားခက ၂၀၀၀ ပေးနေရတယ်။ တစ်နေ့နည်းနည်းပဲအလုပ်ပြီးတော့ လုပ်သားစရိတ်ကတက်၊ ရောင်းရတဲ့ဈေးနှုန်းကကျဆိုတော့ အကျိုးအမြတ်နည်းတယ်" ဟု ကျွန်းပိုင်းဒေသ ဝါဘိုးကျေးရွာမှ တောင်သူဦးအောင်မြိုင်က ပြောသည်။ ရေစကြိုမြို့နယ်အတွင်း ကျွန်းပိုင်းရောကုန်းပိုင်းမှာပါ နွေနှမ်း ဧက ၉၀၀၀ ကျော်စိုက်ပျိုးကြောင်း သိရသည်။

**(ဖေထွက်းဇော်-ရေစကြို)**

# ပခုက္ကူ၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

**ပခုက္ကူ  မေ  ၂၄**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၈)ကြိမ်မြောက် အထက်တန်း၊အလယ်တန်း၊မူလတန်းအဆင့်ပန်းချီ၊ ကာတွန်း၊ပိုစတာ၊ကွန်ပျူတာပန်းချီပြိုင်ပွဲများကို မေ ၂၄ ရက် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီ အထိ ပခုက္ကူမြို့ အထက(၁) ပညာရတနာ ခန်းမဆောင်၌ ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ ပခုက္ကူပေါက်၊ ရေစကြို၊ မြိုင်၊ ဆိပ်ဖြူမြို့နယ်တို့မှ ပန်းချီပြိုင်ပွဲဝင် ၂၄ ဦး၊ ပိုစတာပြိုင်ပွဲဝင် ကိုးဦး၊ ကာတွန်းပြိုင်ပွဲဝင်ရှစ်ဦး၊ ကွန်ပျူတာပန်းချီပြိုင်ဝင်တစ်ဦး စုစုပေါင်း ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ညဏ်တိုး(iprd)**



## အမ်မာစတုန်းနှင့် အင်ဒရူးဂါဖီးတို့ ပြန်တွဲနေသဖြင့် ပရိသတ်များ ဝမ်းမြောက်နေ

ဟောလိဝုဒ်နာမည်ကြီးစုံတွဲတစ်တွဲဖြစ်သည့် အမ်မာစတုန်းနှင့် သူ၏ချစ်သူဟောင်း အင်ဒရူးဂါဖီးတို့သည် မေ ၂၃ ရက် မွန်းလွဲပိုင်းက ကယ်လီဖိုးနီးယားပြည်နယ် မဲလ်ဘူးမြို့ရှိ ရက်ဖ်ဈေးဝယ်စင်တာ၌ ဈေးဝယ်ပြီးပြန်ထွက်လာသည့် ဓာတ်ပုံများပေါ်ထွက်လာသဖြင့် ပရိသတ်များက စိတ်ဝင်စားလျက်ရှိနေကြကြောင်းသိရသည်။

ကုတ်အင်္ကျီအရှည်လေးကိုစတိုင်ကျကျဝတ်ဆင်ထားသည့် မင်းသမီးအမ်မာစတုန်းကို ဈေးခြင်းလှည်းလေး တွန်းလာသည့် ချစ်သူဟောင်း အင်ဒရူးဂါဖီးနှင့်အတူ စူပါမားကတ် အပြင်ဘက်တွင် အတူယှဉ်တွဲ၍တွေ့မြင်လိုက်ရသဖြင့် သူတို့နှစ်ဦးကို ပြန်လည်လက်တွဲစေလိုသော ပရိသတ်များက ဝမ်းသာကြည်နူးလျက်ရှိသည်။

သူတို့နှစ်ဦးစလုံးသည် မအားလပ်သည့် အချိန်ဇယားများကြောင့် အတူတွေ့ဆုံရန် အချိန်မပေးနိုင်ကြသည့်အတွက် လမ်းခွဲခဲ့ရသည်ဟုပြောဆိုခဲ့သော်လည်း မေ ၂၀ ရက်က ဟောလိဝုဒ်အနောက်ဘက်ရှိ ဆူရှီပန်းခြံ၌ ညစာစားခဲ့ကြပြီး တစ်ယောက်ကို တစ်ယောက်ဂရုစိုက်ကြင်နာလျက် ပြန်ပြီးတွဲနေသည့်ပုံပေါ်သည်ဟုဆိုသည်။

**စန္ဒာဝင်း**

## ဖောက်ထွင်းရေးသမားတစ်ဦးအဖြစ် မြင်တွေ့ရတော့မယ့် ဂျော်နီဒက်ပ်

ပြင်သစ်လူမျိုး ဟောလိဝုဒ် မင်းသားကြီး ဂျော်နီဒက်ပ်သည် မကြာမီ ရုံတင်ပြသတော့မည့် ဒုတိယ မြောက် Black Mass ရုပ်ရှင်ကားတွင် နာမည်ကြီး ဖောက်ထွင်းရေးသမား တစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ခဲ့သည်။

အဆိုပါရုပ်ရှင်သည် ပင်လယ်ဓားပြကြီး ဂျက်စပဲရိုးအဖြစ် လူသိများကျော်ကြားခဲ့သော မင်းသားဂျော်နီဒက်ပ်၏ ဒုတိယမြောက် ပြစ်မှုဇာတ်လမ်းဖြစ်ကာ စက်တင်ဘာ ၁၈ ရက် မှစတင်၍ ရုံတင်ပြသသွားမည်ဖြစ်သည်။

ရာဇဝင်လူဆိုး နာမည်ကျော် ဖောက်ထွင်းရေးသမားကြီးက "ငါပြောနေတာတွေကို သေချာဂရုတစိုက် နားထောင်စေချင်တယ်။ ဘာလို့လဲဆိုတော့ မင်းဘဝ တစ်လျှောက်လုံး သင်ခန်းစာတွေ ထပ်တလဲလဲရနေမှာပဲ။ အဲဒီသင်ခန်းစာတွေကနေ မင်းသင်ယူတတ်ရမယ်" ဟု အသက်ခြောက်နှစ်အရွယ် သူ၏သားကို ယင်းဇာတ်ကား၏ အခန်းတစ်ခန်းတွင် ပြောခဲ့သည်။

ဆက်လက်၍ "မင်းဘာလုပ်လိုက်တယ်ဆိုတာ အဓိကမဟုတ်ဘူး။ ဘယ်အချိန်မှာ၊ ဘယ်နေရာမှာလုပ်တယ်။ ဘယ်သူ့ကိုလုပ်လိုက်တာ။ ဘာနဲ့လုပ်တာတွေကသာ အဓိကပဲ။ ဘယ်သူမှ မမြင်ခဲ့တဲ့အရာဆိုတာ ဘယ်တုန်းကမှ မဖြစ်ခဲ့ဘူးပဲ" ဟု သူက ဆိုခဲ့သေးသည်။

ယင်းဇာတ်ကားတွင် ဂျော်နီသည် ဖောက်ထွင်းရေးသမားဟုဆိုသော်လည်း မြန်မာရာဇဝင်ထဲမှာ သူခိုးကြီးငတက်ပြားကဲ့သို့ ပြည်သူ့ဘက်မှ ရပ်တည်သော သူတစ်ဦးဖြစ်သည်။ ယင်းရုပ်ရှင်ကို စကော့ထ်ကူးပါးနှင့် စတာ ရင်းဒက်ပ်တို့က ရိုက်ကူးပေးထားခြင်းဖြစ်သည်။



**ခင်ခင်သက်**

## ကိုရီးယားကေပေါ့ပ်အဖွဲ့Block B နှင့်AOA အဖွဲ့တို့ လော့အိန်ဂျလိစ်မြို့တွင် သွားရောက်ဖျော်ဖြေမည်

လော့အိန်ဂျလိစ်မြို့တွင် ကျင်းပနေသည့် KCON 2015 ပွဲတော်သို့ Super Junior အဖွဲ့နှင့်အတူ Block B နှင့် AOAအဖွဲ့တို့လည်း အတူပူးပေါင်း၍ သွားရောက်ဖျော်ဖြေမည်ဖြစ်ကြောင်း CJ E&M က ပြောကြားခဲ့သည်။

ထို KCON LA သို့ သွားရောက်ဖျော်ဖြေရာတွင် တောင်ကိုရီးယား ကေပေါ့ပ်အဖွဲ့ Super Junior သည် မေ ၁၄ ရက်က သွားရောက်ခဲ့ပြီး ယခု Block B သည် ဒုတိယမြောက် သွားရောက်သော အမျိုးသားအဆိုတော်အဖွဲ့ဖြစ်သည်။ Block B အဖွဲ့သည် မကြာသေးမီက ဝါရှင်တန်ဒီစီနှင့် နယူးယောက် အပါအဝင် အမေရိကန်ရှိ အခြားမြို့ကြီးများတွင်လည်း သွားရောက်လှည့်လည်ဖျော်ဖြေခဲ့ပြီးဖြစ်သည်။ ယခု KCON LA သို့ သွားရောက်ခြင်းမှာ Block B အတွက် ပထမဦးဆုံးသော ဥရောပခရီးစဉ်ပင်ဖြစ်သည်။

Block B အဖွဲ့နှင့်အတူ မိန်းကလေးခုနစ်ယောက်ဖြင့် ဖွဲ့စည်းထားသည့် AOA အဖွဲ့လည်းပါဝင်မည်ဖြစ်ရာ အဆိုပါ AOA အဖွဲ့သည် ၂၀၁၄ ခုနှစ်တွင် Miniskirt တေးအယ်လ်ဘမ်ဖြင့် လူသိများထင်ရှားလာသော အဖွဲ့ဖြစ်သည်။ Miniskirt တေးစီးရီးအပြင် Short Hair နှင့် Like A Cat တို့ကိုဆက်လက်ထွက်ရှိခဲ့သည့် ဂီတနှင့်ဖက်ရှင်တွဲဖက်ကာ ပရိသတ်ရင်ကိုဖမ်းစားတတ်သည့် AOA အဖွဲ့သည် ကိုရီးယားရုပ်သံဇာတ်လမ်းတွဲများတွင်လည်း ပါဝင်သရုပ်ဆောင်လျက်ရှိပေသည်။

KCON ကို ၂၀၁၂ခုနှစ်တွင် တစ်ရက်တည်းသာ ကျင်းပခဲ့သော်လည်း ၂၀၁၃ခုနှစ် နှင့်၂၀၁၄ ခုနှစ်တို့တွင် နှစ်ရက်ကြာ ပြုလုပ်ခဲ့ပြီး ယခု ၂၀၁၅ ခုနှစ်တွင်မူ ဇူလိုင်၃၁ ရက်မှ ဩဂုတ် ၂ ရက်အထိ လော့အိန်ဂျလိစ်မြို့၌ သုံးရက်တိုင် ကျင်းပမည်ဖြစ်သည်။

**စန္ဒာဝင်း**





## ရုပ်မြင်သံကြားအစီအစဉ်

25 - 5 -2015 (we v ïae)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှား အားကစား
- ၈း၀၅ VOA အင်္ဂလိပ်စာ သင်ခန်းစာ
- ၈း၁၅ ရှေးဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၂၂)
- ၆း၂၀ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ပန်းခူးသူဆူးစူးပါစေ
  - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - မှော်ဝင်စီးချင်း (အပိုင်း-၉)

### MRTV - 4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်၊ အာဋာနာဋိယသုတ်
- ၈း၀၀ Cartoon Series (Go Go Giggles)
- ၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၈)
- ၉း၄၀ အနုပညာမိုးကောင်းကင်
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၄၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၁း၀၅ သွားမယ်စားမယ် (Mr. Thai)
- ၁၁း၃၀ Forever Music Tribute လပြည့်ဝန်းသို့တမ်းချင်းည [ကိုနေဝင်းမဖွဲ့မလှိုင်း နှစ် (၃၀)ခရီး] (ပထမပိုင်း)
- ၁၁း၅၅ ရန်ကုန်မြင်ကွင်းကျယ်
- ၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၃)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၈)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၀)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လေဟုန်စီးတဲ့ပန်းလိပ်ပြာ" (အပိုင်း-၂၁)
- ၇း၁၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ဝိညာဉ်ရှိုက်သံ" (အပိုင်း-၃၉)
- ၈း၁၀ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိုအေစစ်ကမ္ဘာလေး" (အပိုင်း-၇၉)
- ၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ရာဇဝင်ထဲကရင်ခုန်သံ" (အပိုင်း-၁၄)
- ၁၀း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၀း၅၀ MRTV-4 Stage
- ၄း၄၅ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှ တန်ခိုးကြီးစေတီများ

### mitv

- Traditional Handicrafts from the Golden Land
- SHWE SETTAW (Minbu)
- Sticky Shan Snack
- Life of Sea Urchin Diver
- Five Treasures in the Ancient City Of Mrauk U
- Trishaw Man
- FLying Without Wings- My Great Limitless Adventure - Pakokku
- Marketable Goods (Aluminium Glasss & Stainless Steel)
- Youth Filmmaker: KAUNG SINT
- A Worth Studying Site For Ancient Myanmar Heritages
- [Doctor] [Painter]
- A Day Out With Sarah (EP-6)
- Taste Of Myanmar (Shan Style Clay Pot)
- Chef Life "Thanakrit Chamnongbutr"
- A Lucky Boy
- Toddy Palm Product Shop
- Art Students :Their Dream
- ID Show (Ep-3) Traffic
- A Traditional Doctor
- Interesting Features of Rakhine
- Products Of Myanmar - Kachin Traditional Knife
- Jade Industry: Myanmar Rewarding Business

## အားကစားလောကသတင်းတိုများ

- အာဆင်နယ်ကွင်းလယ်လူ ကိုကွာလင်က ဇီဒန်းအား အတုယူ၍ကြိုးစားခဲ့ခြင်းကြောင့်သာ လက်ရှိတွင် ကောင်းမွန်သော ခြေစွမ်းမျိုးပိုင်ဆိုင်နေခြင်းဖြစ်သည်ဟုဆိုခဲ့သည်။
- လီဗာပူးတိုက်စစ်မှူး စတားလင်းကမန်စီးတီးထက် အာဆင်နယ်သို့သာပြောင်းရွှေ့ကစားချင်သည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- ဗလင်စီယာအသင်းက အော်တာမန်ဒီအတွက် မန်ယူထံမှ ပြောင်းရွှေ့ကြေးယူရိုသန်း၅၀ အလိုရှိနေသည်။
- ကိုလုံးအသင်းမှနောက်ခံလူ ကီဗင်ဝင်းမားသည် လာမည့်ဘောလုံးရာသီတွင် စပါးအသင်းသို့ ပြောင်းရွှေ့ကစားရန် သဘောတူခဲ့သည်။
- ရီးယဲလ်ကွင်းလယ်လူခီဒီရာသည် ရီးယဲလ်က ၎င်းအား အခြားအသင်းသို့ပြောင်းရွှေ့ကစားရန်ဖိအားပေးနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။
- အာဆင်နယ်သည် ပေါ်တိုအသင်းမှတိုက်စစ်မှူး ဂျက်ဆန်မာတီနက်ဇ်အား ပြောင်းရွှေ့ကြေးယူရို ၃၅ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်သည်။
- ဘာစီလိုနာတိုက်စစ်မှူး ဆွာရက်ဇ်သည် ကိုပါဒယ်ရေးဖလားဗိုလ်လုပွဲနှင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲများဝင်ရောက်ယှဉ်ပြိုင်ရန် ကြံ့ခိုင်မှုပြည့်ဝနေပြီဖြစ်သည်။
- ဇာဗီကဒီပို့ဒီဗိုနှင့်ပွဲအပြီးတွင် ဘာစီလိုနာပရိသတ်များအား မျက်ရည်များဖြင့် နှုတ်ဆက်ခဲ့ကာ ဘာစီလိုနာမှာ ကမ္ဘာ့အကောင်းဆုံးအသင်းဖြစ်သည်ဟု ပြောကြားခဲ့သည်။
- စတားလင်းအားပေါင်သန်း ၆၀ရမှသာ ရောင်းချနိုင်မည်ဟု ယင်းကစားသမားကိုအလိုရှိနေသော ကလပ်အသင်းများကို လီဗာပူးမှတုံ့ပြန်ထားသည်။
- မန်ယူဂိုးသမားဒီဂီယာအားရီးယဲလ်မှ ချိတ်ဆက်နေသော်လည်း မန်ယူတွင်သာ ဆက်ရှိနေရန်မျှော်လင့်ထားသည်ဟု နည်းပြဗန်ဟားလ်ကဆိုသည်။
- မြေစေးကွင်းပြိုင်ပွဲဖြစ်သော ပြင်သစ်အိုးပင်းကို မေ ၂၄ရက်မှ ဇွန်၇ရက်အထိကျင်းပနေပြီဖြစ်ရာ လက်ရှိမြေစေးကွင်းအမျိုးအစားပြိုင်ပွဲများတွင် အကောင်းဆုံးပုံစံရနေသော မာရေး က ယခုဂရင်းစလင်းပြိုင်ပွဲကို ယုံကြည်မှုမြင့်မားစွာဖြင့် ယှဉ်ပြိုင်သွားမည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။



## ရူနီမှာ ထိပ်တန်းအရည်အသွေးရှိသော အသင်းခေါင်းဆောင်ဟု ဗန်ဟားလ်ချီးကျူး

မန်ယူနည်းပြ ဗန်ဟားလ်က ပြီးခဲ့သည့်နှစ်ဘောလုံးရာသီအကြိုကာလတွင် မန်ယူအသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့သော ဝိန်းရွန်းနီမှာကွင်းတွင်းကွင်းပြင်စံပြအရည်အသွေးရှိသော ကစားသမားဟု ထုတ်ဖော်ချီးကျူးခဲ့သည်။ရွန်းနီသည် မန်ယူအသင်းကို အကောင်းဆုံးထိန်းကျောင်းဦးဆောင်မှုပေးနိုင်ခဲ့သည်ကို ယခုနှစ်ဘောလုံးရာသီအတွင်း ၎င်း၏စွမ်းဆောင်ရည်ကိုကြည့်၍ သိနိုင်မည်ဖြစ်ကာ ထို့အတွက် ဂုဏ်ယူမိကြောင်းလည်း ဗန်ဟားလ်က ဆိုခဲ့သည်။

ရွန်းနီသည် လက်ရှိတွင်မန်ယူအတွက် စွယ်စုံရကစားသမားအဖြစ် ကစားပေးနိုင်ခဲ့ပြီး ကွင်းလယ်အတွင်းအထိ ဝင်ရောက်ကစားပေးသည့်ပွဲများရှိခဲ့သလို တိုက်စစ်သမားအနေဖြင့် ကစားပေးသည့်ပွဲများလည်းရှိခဲ့ရာ ထိုသို့နေရာစုံကစားနိုင်ရန် ကစားသမားကိုယ်တိုင် မည်မျှအားထုတ်ခဲ့သည်ကိုလည်း ၎င်းအနေဖြင့် အသိအမှတ်ပြုကြောင်း ပြောကြားခဲ့သည်။

“ ဝိန်းက တကယ့်ကိုကောင်းမွန်တဲ့အသင်းခေါင်းဆောင်တစ်ဦးပါ။ သူနဲ့ပတ်သက်ပြီး တစ်ရာသီလုံးကျွန်တော် တစ်ခါမှ စိတ်ပျက်ရတာမျိုးမရှိသေးဘူး။ သူကအဝတ်လဲခန်းမှာ အကောင်းဆုံးပုံစံနဲ့ရှိနေတတ်သလို လေ့ကျင့်ရေးကွင်းမှာလည်းစံပြကစားသမားပဲ။ ပွဲပြီးတဲ့အထိတိုက်ပွဲဝင်စိတ်အပြည့်နဲ့ ကစားတတ်တဲ့ကစားသမားလည်းဖြစ်ပါတယ်။ သူ့ကို အသင်းခေါင်းဆောင်အဖြစ်ခန့်အပ်ခဲ့တဲ့ ကျွန်တော့်ဆုံးဖြတ်ချက်အတွက် ကျွန်တော်ဂုဏ်ယူမိပါတယ်” ဟု ဗန်ဟားလ်ကရွန်းနီ၏စွမ်းဆောင်ရည်အပေါ် ချီးကျူးခဲ့သည်။

ထို့ပြင် မန်ယူ၏ရာသီပိတ်ပွဲစဉ်အဖြစ် ဟားလ်စီးတီးနှင့်ကစားရမည့်ပွဲမှာ တန်းဆင်းဇုန်အတွင်းကျရောက်နေသည့် ဟာလ်စီးတီးနှင့် နည်းပြစတိဗ်ဘရုစ်တို့အတွက် စိတ်မကောင်းသော်လည်း ပရီမီယာလိဂ်အသင်းတစ်သင်းကို လေးစားမှုအပြည့်ဖြင့်ယှဉ်ပြိုင်သွားမည်ဟုလည်း ဗန်ဟားလ်က ဆိုခဲ့သည်။

## နှုတ်ထွက်ခိုင်းမှသာလျှင် အေစီမီလန်ကိုကျောခိုင်းသွားမည်ဟု နည်းပြအင်ဇာဂီဆို

အေစီမီလန်နည်းပြ အင်ဇာဂီက ကလပ်အသင်းအားကျောခိုင်းသွားမည်မဟုတ်ဘဲ ၎င်းတာဝန်ယူခဲ့သော အချိန်ကာလများကို အသင်းတာဝန်ရှိသူများအနေဖြင့် ကျေနပ်လိမ့်မည်ဟုမျှော်လင့်ထားကြောင်းဆိုခဲ့သည်။

အေစီမီလန်အသင်းပိုင်ရှင်ဘာလူစကိုနီက အသက်(၄၁)နှစ်အရွယ်ရှိအင်ဇာဂီနေရာတွင် အတွေ့အကြုံကြွယ်ဝသော လက်ရှိရီးယဲလ်နည်းပြအန်စလော့တီအား အစားထိုးခန့်အပ်သွားရန်ဆန္ဒရှိနေသည်။

အေစီမီလန်သည် နည်းပြအန်စလော့တီလက်အောက်တွင် ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ဆွတ်ခူးထားနိုင်ခဲ့ရာ ယခုနှစ်စီးရီးအေပြိုင်ပွဲတွင် အမှတ်ပေးဇယားအဆင့် ၁၁ နေရာ၌ရပ်တည်နေသော မီလန်၏အနေအထားကိုလာမည့်ရာသီတွင် ပြောင်းလဲသွားရန် ဘာလူစကိုနီက ကြိုးပမ်းနေခြင်းဖြစ်သည်။

အင်ဇာဂီက “ ကျွန်တော့်ရဲ့စာချုပ်သက်တမ်းတစ်နှစ်ကျန်သေးသလို အခုထိအသင်းကဘာမှ တိတိကျကျ ပြောမလာသေးပါဘူး။ ကျွန်တော်အသင်းအတွက်ပေးနိုင်သမျှ အကုန်ပေးဆပ်ပြီးလုပ်ပေးခဲ့တာပါပဲ။ တစ်ခါတလေမှာတော့ မအောင်မြင်ခဲ့တဲ့အချိန်ကာလတွေ ရှိပါတယ်။ အမှုဆောင်ဒါရိုက်တာရော၊ အသင်းပိုင်ရှင်ရော ကျွန်တော့်စိတ်ကူးတွေ ဘယ်လိုရှိတယ်ဆိုတာ ကောင်းကောင်းသိကြပါတယ်။ ဒါကြောင့်ဒီနေရာမှာပဲအကောင်းဆုံးပြန်လည်နိုးထလာစေဖို့ ကျွန်တော့်ကို အခွင့်အရေး နောက်တစ်ခါလောက်ပေးသင့်ပါတယ်။ ဒါပေမယ့် အန်စလော့တီက တကယ့်ကို ထူးချွန်တဲ့နည်းပြတစ်ယောက်ပါ။ သူ့ကို ခန့်အပ်မယ်လို့ သတင်းတွေ ထွက်နေပေမယ့် အခုထိ ကျွန်တော်က မီလန်ရဲ့နည်းပြအဖြစ် ရှိနေဆဲပါပဲ ” ဟု ဆိုခဲ့သည်။

## ရီးယဲလ်နည်းပြအဖြစ် အန်စလော့တီဆက်ရှိနေရန် စီရိုနယ်လ်ဒိုမျှော်လင့် အန်စလော့တီအားထုတ်ပယ်ခဲ့လျှင် မှားယွင်းသောလုပ်ရပ်ဖြစ်လာမည်ဟု ရိုဒရီဂွက်ဇ်သတိပေး



ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုက နောင်နှစ်ဘောလုံးရာသီတွင်လည်း လက်ရှိနည်းပြအန်စလော့တီသာ ရီးယဲလ်ကို ဆက်လက်ကိုင်တွယ်သွားရန် ဆန္ဒရှိနေသည်ဟု ထုတ်ဖော်ပြောကြားခဲ့သည်။

တစ်ချိန်တည်းမှာပင် တိုက်စစ်မှူးဂျိမ်းစ်ရိုဒရီဂွက်ဇ်ကလည်း အန်စလော့တီကဲ့သို့ ချန်ပီယံလိဂ် သုံးကြိမ်ဆွတ်ခူးထားနိုင်သော နည်းပြမျိုးကို ထုတ်ပယ်ခဲ့လျှင် ရီးယဲလ်တာဝန်ရှိသူများအနေဖြင့် မှားယွင်းသော ဆုံးဖြတ်ချက်မျိုး ချမိခြင်းသာ ဖြစ်လာလိမ့်မည်ဟု သတိပေးခဲ့သည်။


ရီးယဲလ်မှာ ဖလားလက်မဲ့ရာသီဆိုသော်လည်း လာလီဂါတွင် ချန်ပီယံဘာစီလိုနာအောက် နှစ်မှတ်လျော့ အနေအထားဖြင့် ဒုတိယနေရာ၊ ချန်ပီယံလိဂ်၌ အကြိုဗိုလ်လုပွဲအထိတက်ရောက်နိုင်ခဲ့သလို ကိုပါဒယ်ရေးဖလား ၁၆ သင်း အဆင့် ရှုံးထွက်ပွဲစဉ်တွင် အက်သလက်တီကိုအား အရေးနိမ့်ကာ ပြိုင်ပွဲမှ ထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဖလားလက်မဲ့အနေအထားကြောင့် ရီးယဲလ်က အန်စလော့တီနေရာတွင်နာပိုလီနည်းပြ ဘင်နီတက်ဇ်နှင့် အစားထိုးသွားရန် ပြင်ဆင်နေသည်။ အန်စလော့တီအား အေစီမီလန်၊ မန်စီးတီးစသော အသင်းများမှ ကမ်းလှမ်းမှုများရှိနေသော်လည်း နည်းပြကိုယ်တိုင်က ရီးယဲလ်အား ၎င်းနှင့်ချုပ်ဆိုထားသော စာချုပ်သက်တမ်းကုန်ဆုံးသည်အထိ ကိုင်တွယ်သွားချင်ကြောင်း ပြောကြားထားပြီး ရီးယဲလ်တာဝန်ရှိသူများ၏ ဆုံးဖြတ်ချက်အပေါ် စောင့်ဆိုင်းနေခြင်းဖြစ်သည်။

သို့သော် ရိုနယ်လ်ဒိုက ဂီတာဖေးအား ခုနစ်ဂိုး-သုံးဂိုးဖြင့်အနိုင်ရသောပွဲအပြီးတွင် အန်စလော့တီနှင့်အမှတ်တရဓာတ်ပုံရိုက်ကာ သူ၏တွစ်တာစာမျက်နှာပေါ်တွင် “ ကြီးမားသည့် စွမ်းရည်ပိုင်ရှင်နည်းပြကြီး အံ့ဖွယ်လူသား၊ နောက်နှစ်မှာ ကျွန်တော်တို့အတူတကွ အလုပ်လုပ်နိုင်ဖို့ မျှော်လင့်ထားပါတယ်” ဟု ရေးသားဖော်ပြထားသည်။

ဂျိမ်းစ်ရိုဒရီဂွက်ဇ်ကမူ “ အန်စလော့တီသာ ထွက်ခွာသွားမယ်ဆိုရင် ရီးယဲလ်အနေနဲ့ ခက်ခဲမှုတွေ ကြုံတွေ့ရနိုင်ပါတယ်။ သူက လွန်ခဲ့တဲ့ နှစ်နှစ်ကတည်းက ရီးယဲလ်ကို ရောက်လာတဲ့သူဆိုတော့ အသင်းအကြောင်း၊ ကျွန်တော်တို့အကြောင်း ကောင်းကောင်းသိထားသူပါ။ ကျွန်တော်တို့ကို ဘယ်လိုအသုံးချရင် ရလဒ်ပိုကောင်းလာမလဲဆိုတာ သူ အသေအချာသိတာပေါ့ဗျာ။ ဒါပေမယ့် ဒီကိစ္စကို ကျွန်တော်တို့အနေနဲ့ ဆုံးဖြတ်ပိုင်ခွင့်မရှိပါဘူး။ ဖြစ်ချင်တာကိုပဲ ပြောပြတဲ့သဘောပါ” ဟု Goal TV သို့ပြောကြားခဲ့သည်။

## အာဆင်နယ်က မိမိအားရောင်းချခဲ့လျှင်နာကျင်ရမည်ဟု ဝဲလ်ရှီးယားဆို



ဒဏ်ရာပြဿနာတွေနဲ့ ရုန်းကန်နေရတဲ့ အာဆင်နယ်ကွင်းလယ်လူ ဝဲလ်ရှီးယားဟာ အာဆင်နယ်ကသူ့ကို အခြားကလပ် အသင်းတစ်သင်းကို ရောင်းချခဲ့မယ်ဆိုရင် သူ့အနေနဲ့ နာကျင်ခံစားရလိမ့်မယ်လို့ပြောကြားလာခဲ့ပါတယ်။ အသက်(၂၃)နှစ်အရွယ်သာရှိသေးတဲ့ ဒီကစားသမားက သူရဲ့အနာဂတ်နှင့်ပတ်သက်ပြီး အခုထိ နည်းပြအာစင်ဝင်းဂါးနဲ့ တွေ့ဆုံဆွေးနွေးမှု မပြုရသေးပေမယ့် လာမယ့်နွေစျေးကွက်ဖွင့်လှစ် ချိန်မှာတော့ သူ့ကို အာဆင်နယ်က ရောင်းချခြင်းမပြုဖို့ မျှော်လင့်နေပါတယ်။

ယခုနှစ်ဘောလုံးရာသီမှာ ဝဲလ်ရှီးယားဟာ ဒဏ်ရာပြဿနာတွေကြောင့်အာဆင်နယ်အတွက် စုစုပေါင်း ၁၃ ပွဲလောက်ပဲ ဝင်ရောက်ကစား ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် အာဆင်နယ်ကွင်းလယ်မှာ ကာဇိုလာ၊ ရမ်ဆေးတို့အတွဲညီညီ ကစားနိုင်သလို အိုဇေးလ်အနေနဲ့လည်း သူရဲ့အကောင်းဆုံးပုံစံပြန်လည်ရရှိနေပြီး ကိုကွာလင် ကလည်း တကယ့်ဝါရင့်ကစားသမားတွေနဲ့ယှဉ်နိုင်တဲ့ ခြေစွမ်းမျိုးရနေလို့ ဝဲလ်ရှီးယားအနေနဲ့ ပုံမှန်ပွဲထွက်ခွင့်တစ်နေရာအတွက် မလွယ်ကူတဲ့အနေအထားတစ်ရပ်နဲ့ရင်ဆိုင်နေရပါတယ်။

ဝဲလ်ရှီးယားက “ သူတို့(အာဆင်နယ်)က ကျွန်တော့်ကိုရောင်းချဖို့ဆုံးဖြတ်ခဲ့မယ်ဆိုရင် ကျွန်တော်နာကျင်မိမှာပါ။အာဆင်နယ်က ကျွန်တော့်ကို အလိုရှိနေတာမျိုးပဲလိုချင်တာပေါ့ဗျာ။ တခြားအသင်းတစ်သင်းအတွက် ကစားပေးရတာကျွန်တော့်အတွက် အစိမ်းသက်သက်ကြီးဖြစ်နေတတ်ပြီး ဘော်လ်တန်မှာအငှားနဲ့သွားကစားနေရတဲ့အချိန်မှာ ဒါမျိုးခံစားချက်ကို အပြည့်အဝနားလည်ခဲ့တယ်။ ကျွန်တော်အခုကစားဖို့ အဆင်သင့်ဖြစ်နေပြီး ဘာမှကြီးကြီးမားမား ပြောင်းလဲမသွားဖို့ကိုမျှော်လင့်မိပါတယ်။ကျွန်တော် ပရီမီယာလိဂ်မှာ၊ ချန်ပီယံလိဂ်မှာ ပုံမှန်ကစားခွင့်ရချင်ပြီး အင်္ဂလန်အတွက်လည်း ရွေးချယ်ခံရတဲ့ အနေအထားမျိုးကိုပဲ အလို

**မေလှဲ့သင်း - စုစည်းသည်။**

# ရေတာရှည်မြို့နယ်တွင် ရထားဖြတ်သန်းချိန် ရပ်စောင့်နေသည့် ယာဉ်လေးစီး ဆင့်ကဲတိုက်မှုဖြစ်ပွား

**ရေတာရှည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့ မြောက်ဘက် (၁)မိုင်ကျော်ရှိ ညောင်ပင်ကိုင်း ရထားလမ်းကူးအနီးတွင် မေ ၂၄ရက် နံနက် ၄နာရီခန့်က ရထားဖြတ်သန်းနေစဉ် ရပ်တန့်ထားသောယာဉ်များအား (၁၂)ဘီး ကုန်တင်ယာဉ်က အရှိန်လွန်၍ဝင်ရောက်တိုက်မိရာ ယာဉ်လေးစီးဆင့်ကဲတိုက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ ရေတာရှည်မြောက်ဘက် ညောင်ပင်ကိုင်းရထားလမ်းကူးဂိတ်သည် ရထားဖြတ်သန်းနေသည့်အတွက် ဂိတ်အားပိတ်ထားစဉ် ကုန်တင်ယာဉ်များစီတန်းကာ ရပ်တန့်စောင့်ဆိုင်းနေချိန် ယာဉ်မောင်း အောင်မြင့်မြတ်(၃၈)နှစ် အေးသာယာရပ် တောင်ကြီးမြို့နေသူမောင်းနှင်သည့် 4D/----- FUSO (၁၂)ဘီးယာဉ်က အရှိန်လွန်ကာ ရှေ့တွင်ရပ်တန့်ထားသော သန်းဦး(၃၈)နှစ် မြစ်သားမြို့ မောင်းနှင်ကာ ကျော်ဇင်မင်း(၃၅)နှစ် မြစ်သားမြို့နေသူ လိုက်ပါလာသော 8H/-------AUMARK (၆)ဘီးယာဉ်အား နောက်မှ ဝင်ရောက်တိုက်မိခဲ့သည်။ ဆက်၍ ရှေ့တွင်ရပ်ထားသည့် ယာဉ်မောင်း ချစ်ဦးမောင်(၂၆)နှစ် မိတ္ထီလာမြို့နေသူ မောင်းနှင်သည့် 6C/-------ကန်တာ(၆)ဘီးယာဉ်အား လည်းကောင်း၊ မင်းမင်း(၂၉)နှစ် မိတ္ထီလာမြို့နေသူ မောင်းနှင်သည့် 8L/-- ကန်တာ(၆)ဘီးယာဉ်အား လည်းကောင်း ဆင့်ကဲတိုက်မိခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ယာဉ်မောင်း သန်းဦးနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ကျော်ဇင်မင်းတို့တွင် (မစိုးရိမ်ရ)ဒဏ်ရာများရရှိခဲ့သဖြင့် ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




# ကာလတန်ဖိုး ၁၁သိန်းကျော်တန်ဖိုးရှိ မီးသွေးအိတ်များ သိမ်းဆည်းရမိ

**တောင်တွင်းကြီး မေ ၂၄**

မကွေးခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင် ဦးဆောင်သောအဖွဲ့နှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးတင်ထွဏ်း ဦးဆောင်သော အဖွဲ့တို့သည် မကွေး-ကံပြား-နေပြည်တော်လမ်း တစ်လျှောက် နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာ မေ ၂၃ရက် နံနက် ၈ နာရီခွဲက မိုင်တိုင်အမှတ် (၂၇/၄)အနီးတွင် ပုံထားသော ဦးအောင်တင်ဝင်း ပိုင်ဆိုင်သည့် ပေါင် ၃၀ ဝင် မီးသွေးအိတ်အလုံး ၄၀၀၊ မိုင်တိုင်အမှတ် (၂၇/၃) အနီးပုံထားသည့် ဦးအောင်ထွန်းလေး ပိုင်ဆိုင်သော ပေါင် ၃၀ ဝင် မီးသွေးအိတ် ၄၅၀ (၇၅တန်)၊ မိုင်တိုင်အမှတ် (၂၅/၃) အနီးတွင် ပုံထားသည့် ဦးအောင်ဝင်း ပိုင်ဆိုင်သော ပေါင် ၃၀ ဝင် မီးသွေးအိတ် ၂၅၀၊ မိုင်တိုင်အမှတ် (၂၄/၀) အနီးတွင် ပုံထားသည့် ဦးတင်မျိုး (ခ) ဦးမြင့်အောင် ပိုင်ဆိုင်သော ပေါင် ၃၀ ဝင် မီးသွေးအိတ်၃၅၀ စုစုပေါင်း အိတ် ၁၄၅၀ ကာလတန်ဖိုးငွေကျပ် ၁၁၆၀၀၀၀ အား သိမ်းဆည်းရမိခဲ့ပြီး ဦးအောင်ထွန်းလေး၊ ဦးအောင်တင်ဝင်း၊ ဦးအောင်ဝင်း၊ ဦးတင်မျိုးတို့ လေးဦးအား သစ်တောအက် ၄၁(က) အရ အရေးယူရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ **ဇေယျာတူ(မကွေး)**

# သုံးဘီးယာဉ်အရှိန်မထိန်းနိုင်ဘဲ သစ်ပင်ဝင်တိုက်၍ ယာဉ်မောင်းသေဆုံး

**သရက် မေ ၂၄**

သရက်မြို့နယ် သရက်-မင်းတုန်းကားလမ်း မိုင်တိုင်အမှတ် (၇/၁)တွင် မေ ၂၃ရက် ည ၁၂ နာရီ ၁၅မိနစ်က သရက်မြို့မှ ပိတောက်ပင်ရွာသို့ စောဝင်းထွန်း (၃၆)နှစ် တောင်မင်းတည်းရပ်ကွက် သရက်မြို့နေသူ မောင်းနှင်သော သုံးဘီးယာဉ်တွင် ခရီးသည်နိုင်ထက်အောင်နှင့်ဇင်မောင်ငွေးတို့လိုက်ပါ၍ မောင်းနှင်လာစဉ် ယာဉ်မောင်း စောဝင်းထွန်းမှ နိုင်ထက်အောင်ထံမှ ဆေးလိပ်လှမ်းယူစဉ် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်သို့ ထိုးကျကာသစ်ပင်နှင့် တိုက်မိခဲ့သည်။

ယာဉ်ပေါ်ပါ ခရီးသည်နှစ်ဦးမှာ အောက်သို့ ပြုတ်ကျကာ ဒဏ်ရာမရရှိသော်လည်း ယာဉ်မောင်းစောဝင်းထွန်းတွင် ရင်ဘတ်ညိုမည်းဒဏ်ရာရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားကြောင်း ရေမျက်ရဲကင်းစခန်းမှူး ဒုရဲအုပ်သက်မင်းထွန်းနှင့်အဖွဲ့၏ သွားရောက် စစ်ဆေးချက်အရ သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ သရက်မြို့နယ် မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။ **ကျော်ဇေယျ**

oiao;jzi
touu,y

GLOBAL TREASURE BANK

# ကမ္ဘာ့ရေတနာဘဏ်အတွက်

## ဂုဏ်ယူဝမ်းမြောက်ကြောင်း

(၁၅-၅-၂၀၁၅)ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှချီးမြှင့်သည့် အခွန်ဘဏ္ဍာထူးချွန်ထမ်းဆောင်သည့်လုပ်ငန်းရှင်ဆု (နိုင်ငံ့စွမ်းဆောင်ရည်ဆု) ဒုတိယ ရရှိခဲ့သော ကမ္ဘာ့ရေတနာဘဏ်လီမိတက်(ယခင်မွေး/ရေဘဏ်) အတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်မိပါသည်။

**Fisheries & Marine Product 2000 Ltd.**

# အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် အမြန်ဘတ်စ်ကားစနစ် (အပေါ့စား) ဖြင့် မြှင့်တင်ကြစို့

ခ ဒေါက်တာမောင်အောင်

ယနေ့ရန်ကုန်မြို့နေ ခရီးသွားပြည်သူများအတွက် နေ့စဉ် ကြုံတွေ့နေရသည့် ပြဿနာမှာ ယာဉ်ကြောပိတ်ဆို့မှုပင်ဖြစ်သည်။ ခေတ်အဆက်ဆက်မော်တော်ကားတင်သွင်းမှုကို ပိတ်ခဲ့သော်လည်း ယခုအခါလွတ်လပ်စွာတင်သွင်းနိုင်ခွင့်၊ ကားအိုကားဟောင်းများကို ကားသစ်များဖြင့် လဲလှယ်ပေးမှုကြောင့် နေရာအနှံ့ကားသစ်များ သုံးစွဲနိုင်လာခြင်းသည် တိုးတက်မှုလက္ခဏာဆောင်သလို ဈေးနှုန်း များကျဆင်းမှုကြောင့် လူလတ်တန်းစားများအထိ ကားသစ်များ ပိုင်ဆိုင်လာပြီဖြစ်သည်။ သို့သော် ဝင်ရောက်လာသည့်ကားသစ်များ၏ ၈၀ ရာခိုင်နှုန်း ဝန်းကျင်ခန့်သည် ရန်ကုန်တွင်သာစုပုံနေပြီး ယာဉ်ကြောကျပ်မှုကြောင့် လမ်းပေါ်တွင်အချိန်ကုန်လူပန်း၊ စိတ်နွမ်းမှုများရှိနေပြီဖြစ်သည်။ အထူးသဖြင့် ဘတ်စ်ကားကို အားကိုးနေရသည့် အခြေခံလူတန်းစားများ၊ လက်လုပ်လက်စားများ၊ လုပ်သားများ၊ ဝန်ထမ်းများအနေဖြင့် ယာဉ်ကြောပိတ်ဆို့မှုကြောင့် သွားလာရေးအတွက် အချိန်ပိုမိုပေးလာရ၍ ယခင်ကထက် လူမှုကောင်းစားရေး (Social Welfare) ထိခိုက်လာသလို ဘဝ ရှင်သန်ရေးအတွက် ပိုမိုရုန်းကန်နေရပြီဖြစ်သည်။

အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေး အတွက် ရေတိုရေရှည်နည်းလမ်းများ ချမှတ်လုပ်ဆောင်နေသလို နိုင်ငံတကာအကူအညီ အထူးသဖြင့် JICA ၏ အကူအညီဖြင့် တည်ဆောက်မည့် နှစ်ထပ်လမ်း၊ မီးရထားအဆင့်မြှင့်တင်ရေး၊ အတွင်းပတ်လမ်း၊ အပြင်ပတ်လမ်း တည်ဆောက်ရေး၊ အမြန်ဘတ်စ်ကားစနစ်တည်ဆောက်ရေးစီမံကိန်းများစသည်တို့ရှိပြီးဖြစ်သော်လည်း တည်ဆောက်ရေး လုပ်ငန်းများဖြစ်၍ အချိန်အတိုင်းအတာ တစ်ခုပေးရမည် ဖြစ်သည်။ ထို့အတွက်လည်း အများပြည်သူ သွားလာမှုအဆင်ပြေချောမွေ့စေရေးအတွက် အမြန်ဆုံးလုပ်ဆောင်နိုင်မည့် နည်းလမ်းမှာ လက်ရှိပြေးဆွဲနေသည့် ဘတ်စ်ကားစနစ်ကို အမြန်ဘတ်စ်ကားစနစ်သို့ ပြောင်းလဲစေခြင်းဖြင့် ယနေ့ဘတ်စ်ကားအသုံးပြုပြည်သူများ ရင်ဆိုင်နေသည့် အချိန်ပိုကုန်ခြင်း၊ သက်သောင့်သက်သာမရှိခြင်း၊ ဘေးကင်းလုံခြုံမှုအားနည်းခြင်း၊ လက်ရှိဘတ်စ်ကားများ၏ ဝန်ဆောင်မှုလျော့နည်းခြင်း၊ ထို့အပြင် ဘတ်စ်ကားများ၏ စည်းကမ်းလိုက်နာမှုအားနည်းခြင်း တို့ကြောင့် ယာဉ်ကြောပိုမိုပိတ်စေခြင်း စသည်တို့ကိုဖြေရှင်းနိုင်မည်ဖြစ်သည်။

အမှန်တကယ်မူ နိုင်ငံတကာတွင် ကျင့်သုံးနေသည့် ဘတ်စ်ကားအမြန်စနစ် Bus rapid transit-BRT တည်ဆောက်မည်ဆိုလျှင် သီးသန့်လမ်းထားရမည်ဖြစ်သလို ဘတ်စ်ကားစတေရှင်များ တည်ဆောက်ကာ LCD ဘုတ်များဖြင့် အချိန်အလိုက် ကားအဝင်အထွက်များဖော်ပြခြင်း၊ လက်မှတ် သို့မဟုတ် ကတ်စနစ်အသုံးပြုခြင်းတို့ပါဝင်ကာ အချို့နိုင်ငံများ၌ BRT လမ်းကြောင်းကိုမူလလမ်းထက် အနည်းငယ်မြှင့်ထားလေ့ရှိသည်။ ထို့အတွက် အမြန်ဘတ်စ်ကားစနစ် အပြည့်အဝ (Full BRT) တည်ဆောက်ရန်အတွက် စရိတ်မြင့်မားသလို ဖြစ်မြောက်နိုင်စွမ်း ရှိ/မရှိ လေ့လာ သုံးသပ်မှုတွင် အနည်းဆုံး တစ်နှစ်ပေးရမည်ဖြစ်သည်။ ထို့အတွက် ကုန်ကျစရိတ်အသက်သာဆုံးနှင့် အမြန်ဆုံးလုပ်ဆောင်နိုင်သည့် BRT (Lite) အပေါ့စား အမြန်ဘတ်စ်ကားစနစ်ကို အမြန် လုပ်ဆောင်တော့မည်ဖြစ်သည်။ လိုအပ်သည့် အရင်းအနှီး အပြည့်အဝရရှိရေးနှင့် တစ်ဦးချင်း ပိုင်ဆိုင်မှု၏ အားနည်းချက်များ ကျော်လွှားနိုင်ရန်အတွက် အမြန်ဘတ်စ်ကားအမြန်စနစ် (အပေါ့စား) ကို နိုင်ငံတော်၊ ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်မှုပုံစံ (Public Private Partnership-PPP) ဖြင့်စတင်တော့မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် မေ ၄ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးတွင် ပြုလုပ်ခဲ့သည့် အများပိုင်ကုမ္ပဏီအကြောင်း ရှင်းလင်းပွဲနှင့် ရှယ်ယာရှင်များဖိတ်ခေါ်ခြင်း အခမ်းအနားတွင် လူအများစု ပူးပေါင်းပါဝင်ဆောင်ရွက်ရန် အဆိုပြုမှုများကြောင့် ရန်ကုန်ဘတ်စ်ကား အများပိုင်ကုမ္ပဏီနှင့် အပေါ့စားဘတ်စ်ကားစနစ် (BRT-Lite) အမြန်ဆုံး ပေါ်ထွန်း လာတော့မည်ဖြစ်သည်။

**အများပိုင်ကုမ္ပဏီနှင့် အမြန်ဘတ်စ်ကားစနစ်က ဘာတွေပိုကောင်းမလဲ**

အများပိုင်ကုမ္ပဏီဖြစ်၍ တစ်ဦးချင်းပိုင်ဆိုင်မှုစနစ်ထက် ပိုကောင်းသည့် အချက်များမှာ အရင်းအနှီး နည်းပညာသစ် အသုံးပြုနိုင်မှုပိုရှိလာခြင်း၊ အမြန်ဘတ်စ်ကားစနစ်ကြောင့် အများပြည်သူတို့ လိုရာခရီးအမြန်ဆုံးရောက်ခြင်း၊ အများပြည်သူတို့အတွက် ဘေးကင်းလုံခြုံစိတ်ချရပြီး နိုင်ငံတကာကဲ့သို့ အားကိုးအားထားပြုနိုင်သည့် ဘတ်စ်ကားစနစ်ဖြစ်ပေါ်လာခြင်း၊ ကားသစ်ကြီးဖြစ်၍ ဘေးကင်းလုံခြုံမှုနှင့်Air-con အပြည့်အဝသုံးမည်ဖြစ်၍ သက်သောင့်သက်သာရှိမည့်အပြင် ဘတ်စ်ကားကြောင့် ပင်ပန်းနွမ်းနယ်မှုမဖြစ်စေခြင်း၊ လက်မှတ်စနစ်ဖြစ်၍ ယာဉ်နောက်လိုက်နှင့် ဆက်စပ်နေသည့် ပြဿနာများမရှိတော့ခြင်း၊ လက်ရှိအသုံးပြုနေသည့်ကားများ ကြံ့ခိုင်မှုအားနည်းမှုကြောင့် ယာဉ်တိုက်မှုများ ဖြစ်ပွားနေမှုကိုရှောင်လွဲနိုင်ခြင်း၊ ယာဉ်လုပ်သားများအတွက် ကိုယ်ရကိုယ်ယူမဟုတ်ပဲ လုံလောက်သည့်လုပ်ခကို အာမခံသည်ဖြစ်၍ ယာဉ်စည်းကမ်းဖောက်မှုများ ဝန်ဆောင်မှုအားနည်းမှုများလုံးဝ ရှောင်ကြဉ်နိုင်ခြင်း၊ ရန်ကုန်မြို့နေပြည်သူတို့၏ သွားလာရေး ပိုမိုအဆင်ပြေလာမည်ဖြစ်သလို နိုင်ငံတကာကဲ့သို့ BRT-Lite ပေါ်ထွန်းလာခြင်းဖြင့် နိုင်ငံ့ဂုဏ်သိက္ခာကိုလည်းမြှင့်တင်ပေးမည်ဖြစ်သည်။

**ဝိုင်းဝန်းပူးပေါင်းလုပ်ဆောင်မည့် အများပိုင်ကုမ္ပဏီနှင့် BRT (Lite)**

ဘတ်စ်ကားအများပိုင်ကုမ္ပဏီထူထောင်၍ လက်ရှိဘတ်စ်ကားစနစ်၏ အားနည်းချက်များ၊ အဆင်မပြေမှုများကို ဖြေရှင်းနိုင်ရေးအတွက် ခရီးသွားပြည်သူများ အများဆုံးအသုံးပြုနေသည့် ဘတ်စ်ကားကို တစ်ဦးချင်း ပိုင်ဆိုင်မှုမှ အများပိုင်သို့ စတင်ပြောင်းလဲခြင်းပင်ဖြစ်သည်။ ထို့အတူ အမြန်ဘတ်စ်ကားစနစ် (အပေါ့စား) ကိုလည်း စတင်မိတ်ဆက်တော့မည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် အတွေ့အကြုံမရှိသေး၍ အဘက်ဘက်မှ စိန်ခေါ်မှုများရှိဦးမည်ဖြစ်ပြီး ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုအထူးလိုအပ်သည်။ ယနေ့အများပြည်သူများ သွားလာမှု အဘက်ဘက်မှ အဆင်မပြေမှုများ ဖြေရှင်းနိုင်ရန် စနစ်သစ်များဖြင့် လုပ်ဆောင်နေကြောင်း အများပြည်သူများ နားလည်သဘောပေါက်လက်ခံပြီး ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်။ အထူးသဖြင့် သီးသန့်ဘတ်စ်ကားလိုင်း ပြုလုပ်တော့မည်ဖြစ်၍ သတ်မှတ်ယာဉ်မှလွဲ၍ အခြားကားများ ဝင်ရောက် မမောင်းနှင်ရေးနှင့် လမ်းအသုံးပြုသူများ သတ်မှတ်စည်းကမ်းများ တိတိကျကျ လိုက်နာရေးပင်ဖြစ်သည်။

**အများပြည်သူကို စာနာပါ၊ မေတ္တာထားပါ၊ ဦးစားပေးပါ**

အများပြည်သူသွားလာမှု အဆင်ပြေစေရေးမှာ နိုင်ငံတိုင်းထားသည့် ဦးစားပေးမူဝါဒပင်ဖြစ်သည်။ ပိုမိုအဆင်ပြေချောမွေ့စေဖို့ နည်းပေါင်းစုံဖြင့် နိုင်ငံတိုင်း လုပ်ဆောင်နေကြပြီဖြစ်သည်။ မြန်မာနိုင်ငံအတွက်မူ ဘတ်စ်ကားသည် အများဆုံးအသုံးပြုနေရသည့်အပြင် အများစုမှာ အခြေခံလူတန်းစားများဖြစ်သည့်အတွက် ၎င်းတို့၏ ဘဝရပ်တည်မှု အဆင်ပြေချောမွေ့စေရေး အထူးဦးစားပေးရမည်သာ ဖြစ်သည်။ အထူးသဖြင့် ကားစီးနိုင်သည့် လူတန်းစားများအနေဖြင့် အမြန်ဘတ်စ်ကားစနစ် ပေါ်ထွန်းရေးအတွက် သတ်မှတ်လမ်းကြောင်းများတွင်သာ မောင်းနှင်ခြင်းဖြင့် အကူအညီပေးစေချင်သည်။ ထို့အတူ အငှားယာဉ်များအနေဖြင့်လည်း ယခုထက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း လိုက်နာဖို့ လိုသလို အမြန်လမ်းကြောင်းများတွင် ဝင်ရောက်မောင်းနှင်ခြင်းကို ရှောင်ရမည်ဖြစ်သည်။ အခြားနိုင်ငံများကဲ့သို့ Taxi Stand များတွင်သာရပ်သည့်အကျင့် စတင်ရမည်ဖြစ်သည်။ အမြန်လမ်းကြောင်းဖြစ်၍ အနေးလက်တွန်းလှည်းများ၊ လမ်းဘေးဈေးသည်များ၊ လမ်းပေါ်တက် လမ်းလျှောက်သူများအနေဖြင့် လက်ရှိနေရာတိုင်းမှ လမ်းဖြတ်ကူးနေသူများလည်း သတ်မှတ်သည့်နေရာများမှသာ ဖြတ်ကူးမှု အလေ့အကျင့် မြှင့်တင်တော့ရမည်ဖြစ်သည်။ စနစ်သစ် တစ်ခုကို စတင်နိုင်ရန်မှာ စိန်ခေါ်မှုများအနက် လက်ရှိအဆိုပါလမ်းကြောင်းများတွင် ရှိနေသည့် ပုဂ္ဂလိကယာဉ်လိုင်းများနှင့်လည်း သဟဇာတဖြစ်စေရန် ဆက်လက်ညှိရအုံးမည်ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ အများပိုင်စနစ်ဖြင့် ဘတ်စ်ကားအမြန်စနစ် (အပေါ့စား) ကိုသာ စတင်နိုင်လျှင် ရန်ကုန်မြို့နေ ဘတ်စ်ကား အသုံးပြုသူ အများပြည်သူတို့၏ ဘေးကင်းလုံခြုံစိတ်ချရမှု၊ သက်သောင့် သက်သာရှိမှုနှင့် လိုရာခရီး အမြန်ဆုံး ရောက်ရှိတော့မည်ဖြစ်၍ အောင်မြင်စေရန် ရန်ကုန်မြို့နေ ပြည်သူများမဖြစ်မနေ ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်သည်။

**BRT (Lite) အတွက် ရွေးချယ်ထားသည့်လမ်းများ**

ရန်ကုန်မြို့အတွက် အမြန်ဘတ်စ်ကားစနစ် စတင်နိုင်ရေးအတွက် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးမှ ကျွမ်းကျင်သူများဖြင့်ဖွဲ့စည်းပေးခဲ့သည့်အဖွဲ့၏ အဆိုပြုချက်အရ လမ်းပြုပြင်မှု အနည်းဆုံးဖြစ်ပြီး ခရီးသည်အများဆုံးဖြစ်သည့် လမ်းကြောင်းများဖြစ်သည့်အပြင် ရန်ကုန်တစ်မြို့လုံးကို လွှမ်းခြုံနိုင်သည့် လမ်းများအား ရွေးချယ်ခဲ့ပါသည်။ BRT (Lite) ပထမအဆင့် (Phase I) အနေဖြင့် အကောင်အထည်ဖော် အဓိကလမ်းမကြီး နှစ်ခုမှာ မင်္ဂလာဒုံမှစတင်မည့် ပြည်လမ်းနှင့် ကမ္ဘာအေးစေတီလမ်းတို့ကို ပထမဦးစားပေးအနေဖြင့် စတင်မည် ဖြစ်ပြီး အဆင့် (၂) (Phase II) အနေဖြင့် အထက်ဖော်ပြပါလမ်းကြောင်းနှစ်ခုနှင့်ပေါင်းစပ်ပြီး ရန်ကုန်တစ်မြို့လုံး ဆက်သွယ်မှု ကွန်ရက်ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာစေရေးအတွက် အနောက်ဘက်ပိုင်း လှိုင်သာယာအဝေးပြေးမှ ရှစ်မိုင်၊ ၎င်းမှတစ်ဆင့် မြောက်ဥက္ကလာ အောင်မင်္ဂလာအဝေးပြေးစခန်းအထိ လည်းကောင်း၊ ရန်ကုန်အရှေ့ပိုင်း ဒဂုံတက္ကသိုလ်မှ ပါရမီသို့ ချိတ်ဆက်မည့်လမ်းကြောင်း၊ ရန်ကုန်တောင်ပိုင်း သီလဝါစက်မှုဇုန်မှ စတင်ပြီး ဗိုလ်တထောင်ဘုရားအထိလမ်းကြောင်း သုံးကြောင်း သည်လည်း မူလ Phase I လမ်းကြောင်းများနှင့် ပေါင်းစပ်စေမည်ဖြစ်၍ ရန်ကုန်တစ်မြို့လုံး လွှမ်းခြုံနိုင်သည့် လမ်းကြောင်းများပင် ဖြစ်သည်။

**အများပြည်သူတို့၏ ဆန္ဒ**

ရန်ကုန်မြို့ အများပြည်သူသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ပြည်သူအများကို ဖိတ်ခေါ်၍ UMFCCI တွင် ပြုလုပ်ခဲ့သည့် အလုပ်ရုံဆွေးနွေးပွဲများတွင် တစ်စိုက်မတ်မတ် တောင်းဆိုနေသည့် “အများပြည်သူယုံကြည်အားထားနိုင်သည့် ဘတ်စ်ကားစနစ်” ပေါ်ထွန်းလာရေးသည် ရန်ကုန်မြို့နေ ပြည်သူတို့၏ ဆန္ဒပင်ဖြစ်သည်။ နိုင်ငံတော်ပိုင်းမှလည်း အထူးအလေးထားသည့်အလျောက် ဘတ်စ်ကား အများပိုင်ကုမ္ပဏီကို နိုင်ငံတော်နှင့်ပုဂ္ဂလိကပြည်သူများ ပူးပေါင်းဆောင်ရွက်သည့်ပုံစံ (Public Private Partnership-PPP) ဖြင့်ဖွဲ့စည်းပြီး ဘတ်စ်ကား အမြန်စနစ် (အပေါ့စား) ကို စတင်မည်ဖြစ်ပါ၍ ပြည်သူလူထု တက်တက်ကြွကြွ ပူးပေါင်းပါဝင် လုပ်ဆောင်ရန် အထူးလိုအပ်ပါသည်။

ပြည်သူများလိုရာခရီး သက်သောင့်သက်သာ ဘေးကင်းလုံခြုံစွာဖြင့် အမြန်ဆုံးရောက်ရှိရေး အတွက် လက်ရှိအခြေအနေတွင် အမြန်ဘတ်စ်ကားစနစ် (အပေါ့စား) တည်ထောင်ခြင်း မှလွဲ၍ အခြားနည်းလမ်းမရှိပါ။ လူ့ဘောင်လောကတွင် အချိန်သည်တန်းဖိုးအရှိဆုံးဖြစ်သလို ငွေထက် များစွာတန်ဖိုးရှိပါသည်။ လူတစ်ဦးချင်း၏အချိန်၊ ပြည်သူများ၏အချိန် အလဟဿ ကုန်ဆုံးနေမှုသည် ပြည်သူများ၏ ဘဝရှင်သန်တိုးတက်ရေးထိခိုက်သလို တိုင်းပြည်အတွက်လည်းများစွာဆုံးရှုံးပါသည်။

ထို့အတွက် ပြည်သူများ မျှော်လင့်တောင့်တနေသည့် အများပိုင်ကုမ္ပဏီနှင့် အမြန်ဘတ်စ်ကား (အပေါ့စား) စနစ်အမြန်ဆုံး အကောင်အထည်ဖော်နိုင်ရေးအတွက် အထူးအလေးပေး လုပ်ဆောင်နေပြီဖြစ်၍ ပြည်သူတိုင်း အမျိုးသားရေးအသိဖြင့် ပူးပေါင်းလုပ်ဆောင်စေရန် တိုက်တွန်းအပ်ပေသည်။ ။

> အချိန်ပိုကုန်ခြင်း၊ သက်သောင့်သက်သာမရှိခြင်း၊ ဘေးကင်းလုံခြုံမှု အားနည်းခြင်း၊ ယာဉ်ကြောပိုမို ပိတ်စေခြင်းတို့ကို ဖြေရှင်းနိုင် . . .

STAR RESOURCES
Tourism & Hospitality Management Academy
ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း
Diploma in Tourism & Hospitality Management
ဖွံ့ဖြိုးတိုးတက်နေသည့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက်
စာတွေ့၊လက်တွေ့၊ Assignments၊ Project များစွာဖြင့် လုပ်ငန်းအတွေ့အကြုံရှိ ဆရာများကိုယ်တိုင် ထိရောက်စွာသင်ကြားပေးနေပါသည်။



- Tourism Management Course
- Front Office Management Course
- Food and Beverage Management Course
- Sales and Marketing Management Course
- Housekeeping Management Course
- Human Resources Management Course

လျှောက်လွှာပိတ်ရက် (၀.၆.၂၀၁၅)
www.star-resourcesacademy.com

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်
## အိတ်ဖွင့်လေလံကြော်ငြာ

၁။ ပင်လယ်ကူးသင်္ဘောကြီးများမှ ဆီဆိုး/ဆီဟောင်း(Sludge Oil)များအား မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်၍ အဆိုပြုတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်လေလံပြုလုပ်မည့် နေ့ရက် - ၄-၆-၂၀၁၅ ရက်(ကြာသပတေးနေ့)
အချိန် - ၁၃း၀၀ နာရီ

၃။ အိတ်ဖွင့်လေလံပုံစံနှင့် စည်းကမ်းချက်များကို မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စက်မှုအင်ဂျင်နီယာဌာန၊ သိမ်ဖြူသင်္ဘောကျင်း(စီမံရေးနှင့်လုပ်ငန်းဌာနခွဲ) ကမ်းနားလမ်း၊ ဆိပ်ကမ်းမြို့နယ်၊ ရန်ကုန်မြို့တွင် ၂၆-၅-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပြီး သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၁-၈၆၁၀၂၂၅ သို့ စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**

တိုက် အိမ် ခြံ မြေ စာချုပ်အမျိုးမျိုးချုပ်ဆိုပေးခြင်း
အမည်ပေါက်အဆက်ပြတ်နေသည့် မြေကွက်ပိုင်ဆိုင်မှုများကို အမည်ပေါက်သည်အထိ ဆောင်ရွက်ပေးခြင်း၊ ပိုင်ဆိုင်မှုမှန်မမှန် ဥပဒေနှင့်အညီ သေချာစွာစစ်ဆေးပေးခြင်း၊ ကုမ္ပဏီသစ်ဖွဲ့စည်းခြင်း၊ ဥပဒေအတိုင်ပင်ခံ အထွေထွေဝန်ဆောင်မှု။ ဖုန်း 09-5506157,09-31116444

# ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုပြန်လည်ဆင့်ပွား သင်ကြားနိုင်ရေး ဆရာဖြစ်သင်တန်းဆင်း

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ်တွင် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုများ မပျောက်ပျက်ရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုရှိစေရန် ရည်ရွယ်ချက်များဖြင့် ကရင်ပြည်နယ်၊ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ကြီးမှူးကျင်းပသော ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု ဆရာဖြစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးပြီးနောက် သင်တန်းဆင်းပွဲကို မေ ၂၂ ရက် နံနက် ၉ နာရီက ဘားအံမြို့ ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှု အဖွဲ့ရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပအိုဝ်းစာပေပထမတန်းတွင် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ်ပအိုဝ်းတိုင်းရင်းသားရေးရာဝန်ကြီးက ပအိုဝ်းဘာသာ သူငယ်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယ ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့သည်။ ယင်းနောက် ပြည်နယ်ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအသင်းသို့ လှူဒါန်းသော အလှူငွေများအား ပြည်နယ်ပအိုဝ်းစာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးခွန်မြအောင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။

အဆိုပါ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှု ဆရာဖြစ်သင်တန်းကို ကရင်ပြည်နယ်အတွင်းရှိ ပအိုဝ်းတိုင်းရင်းသား ကျောင်းဆရာ၊ ဆရာမ ၇၈ ဦးဖြင့် ဧပြီ ၁၇ ရက်မှ မေ ၂၂ ရက်ထိ ဖွင့်လှစ်သင်ကြားပေးခဲ့ရာ ယင်းသင်တန်းဆင်းများသည် ဒေသအသီးသီးသို့ ပြန်လည်ရောက်ရှိပါက ပြန်လည်ဆင့်ပွား သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**



# နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာ အုပ်စုတွင် နွေစပါးများအောင်မြင်ဖြစ်ထွန်း

**နတ်တလင်း မေ ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ကျခတ်ဝါးရုံကျေးရွာအုပ်စုနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများတွင် နွေစပါးခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့ကြောင်း သိရသည်။

ဒေသခံလယ်သမားကြီးဦးစိုးသိန်းက “ကျွန်တော်တို့ဒေသရှိ လယ်မြေတွေအားလုံး တောင်ညိုဆည်ရေသောက်ရတဲ့ လယ်တွေဖြစ်ပါတယ်။ နွေစပါးစိုက်ပျိုးချိန်မှ အခုစပါးပေါ်တဲ့အထိ လုပ်အားခအပါအဝင် ကုန်ကျငွေတစ်သိန်းခွဲလောက် ရင်းနှီးထားရတယ်။ စပါးပေါ်တော့လည်း ရိတ်သိမ်းခြွေလှေ့စက်နဲ့ လယ်ထဲမှာပဲ အပြီးလုပ်ဆောင်ပြီး ကားလမ်းမအရောက် နွားလှည်း၊ ထော်လာဂျီတွေနဲ့သယ်ယူရတယ်။ ဟိုအရင်နှစ်ကဆို ရိတ်သိမ်းဖို့ ကောက်ရိတ်ငှားရ၊ လှည်းမောင်းမရတော့ လယ်ထဲကနေလမ်းမအထိ ကောက်လှိုင်းသယ်ဖို့ လူငှားရ၊ အိမ်အရောက်တစ်ဆင့်ထပ်သယ်ပြီး တလင်းပြန့်လို့ နွားနဲ့နယ်ရ၊ စပါးလှေ့တာကျတော့ လေမရရင် ကူဘိုတာရေစုတ်စက်ကို ပန်ကာဒလက်တပ်ပြီး စပါးလှေ့ရနဲ့ တော်တော်ကရိကထများတယ်။ လယ်သမားတိုင်းလိုလို နွေစပါးစိုက်ပျိုးရတာ မလုပ်ချင်ကြဘူး။

‘မိသားစုအားလုံးလိုလို ပင်ပန်းပြီး အကျိုးအမြတ်လည်း မရှိလှဘူး။ ဒါပေမယ့် အခုကျတော့ လယ်သမားတိုင်း နွေစပါးစိုက်ကုန်ကြပြီ၊ ဆည်ရေသောက်လယ်တွေ တော်တော်များများ စိုက်ပျိုးကြတယ်။ ရိတ်သိမ်းခြွေလှေ့စက်က တစ်ဧကကို ကျပ်လေးသောင်းပေးရတယ်။ လယ်ထဲမှာ စပါးဖြစ်ပြီး ကားလမ်းရောက်တာနဲ့ ကုန်သည်တွေက ကားနဲ့အသင့်စောင့်ပြီးဝယ်တယ်။ ကြိုက်ဈေး၊ ပေါက်ဈေးရောင်းလို့ ရတယ်။ အလွန်အဆင်ပြေပါတယ်” ဟု ပြောပြသည်။

နွေစပါးပေါ်ချိန်တွင် ပြီးခဲ့သည့်နှစ်က ကျပ်သုံးသိန်းရှစ်သောင်း ရောင်းဈေးပေါက်သော်လည်း ယခုနှစ်တွင် လေးသိန်းခွဲဖြင့် ရောင်းရကြောင်း၊ ရတနာတိုး မျိုးစပါးတစ်ဧကကို အနိမ့်ဆုံး တင်း ၈၀ မှ တင်း ၁၁၀အထိ ထွက်ပြီး ယင်းလယ်ထွက်စပါးက တစ်ဧကကို ၁၂၈ တင်း ထွက်ကြောင်းလယ်သမားတစ်ဦးက ပြောသည်။ ကျခတ်ဝါးရုံကျေးရွာအုပ်စုတွင် နွေစပါး စိုက်ပျိုးဧက ၁၂၀၀ ရှိကြောင်းသိရသည်။ **ဝ၇၁**

# ရွှေတောင်မင်းသောက်သုံးရေ ကန်ကြီးပြန်လည်တူးဖော်

**တောင်တွင်းကြီး မေလ ၂၄**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ မောင်းတိုင် ၂ ရပ်ကွက်အတွင်းရှိ ရွှေတောင်မင်းကန်ကြီးမှာ ယခုအခါ သဲနုန်းများကြောင့် တိမ်ကောပြီး ကန်ပေါင်များ နိမ့်ကျနေသဖြင့် သတ်မှတ်ပေအထိ ရေသိုလှောင်နိုင်စွမ်းမရှိတော့၍ နွေရာသီတွင် ရေများ ခန်းခြောက်လာရာ ရပ်ကွက်နေပြည်သူများ သောက်သုံးရေအခတ်အခဲများ ကြုံတွေ့နေရသည့်အတွက် မြို့နယ်ဆည်မြောင်းဦးစီးဌာနမှ စက်ယန္တရားကြီးဖြင့် တူးဖော်ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါကန်မှာ အလျား ပေ ၃၀၀၊ အနံ ပေ ၃၀၀ ရှိပြီး တူးဖော်ခြင်းလုပ်ငန်းများမကြာမီ ပြီးစီးတော့မည်ဖြစ်ကြောင်း သိရသည်။ **နိုင်ဝင်း**

# တာချီလိတ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၆၅၁၀ ပြားဖမ်းမိ

**နေပြည်တော် မေ ၂၄**

မေ ၂၀ ရက်က မူးယစ်တပ်ဖွဲ့စု (၁၀၄) နေပြည်တော်နှင့် မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့၊ ဝိန်းကျောက်ရပ်ကွက်၊ တော်ကော့(အပြင်)၊ အမှတ်-၁၇၆ နေ မရွှေစင်မေ၏ နေအိမ်ကို ရှာဖွေခဲ့ကြောင်း သိရသည်။

ယင်းသို့ရှာဖွေရာ မရွှေစင်မေအား မတွေ့ရှိရဘဲ နေအိမ်အတွင်း၌ စိုင်းနော်ခမ်း၊ အာလေလေလောမေ၊ မာဖိန်းယားမာ၊ အထိပတိမ်၊ ဆူဝိန်ကျန်ထနာ၊ မနန်းရှဲန်ရွှက်နှင့် မနန်းဝိုးဟွမ်တို့ ခုနစ်ဦးအား တွေ့ရှိရပြီး စိုင်းနော်ခမ်း၏ ယာဘက်လက်တွင် ကိုင်ဆောင်ထားသော စက္ကူအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၁၀ ပြား၊ နေအိမ်အခန်းအတွင်းရှိ ခုတင်အောက်တွင် ပလတ်စတစ်အိတ်ငယ်များဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၅၈၀၀ ပြား၊ စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆၅၁၀ ပြား၊ လက်ကိုင်ဖုန်း ၁၉ လုံး၊ မော်တော်ယာဉ် သုံးစီး၊ ဆိုင်ကယ် သုံးစီး၊ စက်ဘီးသုံးစီး၊ ရွှေထည်ပစ္စည်း ငါးမျိုးနှင့် ထိုင်းဘတ်ငွေ ၇၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ယင်းကြောင့် စိုင်းနော်ခမ်း၊ မနန်းရှဲန်ရွှက်၊ မနန်းဝိုးဟွမ်၊ အာလေလေလောမေ (ထိုင်းနိုင်ငံသား)၊ မာဖိန်းယားမာ (ထိုင်းနိုင်ငံသား)၊ အထိပတိမ် (ထိုင်းနိုင်ငံသား)၊ ဆူဝိန်ကျန်ထနာ (ထိုင်းနိုင်ငံသား)နှင့် မရွှေစင်မေ (ဖမ်းမမိသေး) တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **ကြေးမုံ**


**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန**
**ခုတင်(၅၅၀)ဆံ့ ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့၊ ရန်ကင်းကလေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန် လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၁-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၁၀-၆-၂၀၁၅ ရက် ညနေ ၄:၀၀ နာရီ
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကင်းကလေးဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**ရန်ကင်းကလေးဆေးရုံကြီး၊ ရန်ကုန်မြို့**
**ဆက်သွယ်ရမည့်ဖုန်း-၀၁-၈၅၅၀၆၈၄၊ ၀၁-၈၅၅၀၆၈၅၊ Ext-၁၁၅**
**ဆက်သွယ်ရမည့်လိပ်စာ- အမှတ်(၉၀)၊ သစ္စာလမ်းမကြီး(ကံဘဲ့)၊ ရန်ကင်းမြို့နယ်**

**GOLDEN STAR**
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**ကား မျိုးစုံ**
(Alphard/Hiace ၇၊၉၊၁၁ယောက်စီး/Saloon/ ၂၊၅၊၃၊၄၊၅ယောက်စီး)များကိုခရီးစဉ်အမျိုးမျိုးအတွက်ယာဉ်ပိုင်ရှင်များကိုယ်တိုင်ချိုသာသောဈေးနှုန်းဖြင့်အငှားလိုက်သည်။
Ph:09-5418126

ရွှေပလ္လင် ဖွင့်ပြီ
ရွှေပလ္လင် နံရိုးပေါင်း ကော်ရည်ခေါက်ဆွဲ
တွေ့ကြရအောင် ရွှေပလ္လင် မှာ...

အထူးအော်ဒါများ ဆက်သွယ်ရန် - Ph : 01-538736, 527850, 09-430-46444

**ပြင်ဆင်ဖတ်ရှုပါရန်**
၁၆-၃-၂၀၁၅ရက်နေ့ ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာသင်္ဃန်းကျွန်းမြို့နယ်ဒေါ်ခင်မာကြူ+၃၏ပိုင်ဆိုင်မြေပုံကူးတွင်ဦးသိန်းရွှေ(၁၂/သဃက(နိုင်)၁၃၃၅၆၉)အစား(၁၂/သဃက(နိုင်)၁၃၃၅၉၆)ဟုဖတ်ရှုပါရန်။

**ဝန်ထမ်းအလိုရှိသည်**
Auto Cad ကျွမ်းကျင်သူ
3D Max ကျွမ်းကျင်သူအလိုရှိသည်။
VMG Decoration Company
ဆက်သွယ်ရန် ဖုန်း-၀၉-၅၂၃၃၅၀၂

**SEVEN စံ**
မြေကွက်ရောင်းဝယ်ရေး
ဒဂုံဆိပ်ကမ်း ၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား?
SEVEN စံ နှင့်ဆက်သွယ်လိုက်ပါ။
အိမ်အရောက်ငွေပေးချေသည်
“ပွဲခလုံးဝမယူပါ”
Ph:09-33333 511, 09-33333 514
09-33333 644

**Creation Jay Interiors**
Interiors Decoration Services
“ခေတ်မီလှပ ဒီဇိုင်းကျကျ Creation Jay နှင့်ဆက်သွယ်ကြ”
Creation Jay Interiors

Like us on facebook
creationjayinfo@gmail.com
Showroom Address: No (2), U Kyaw Dun Zan Street, Kayin Quarter, Kyimyindine, (In front of West General Hospital) Yangon.
Contact No : 09 795 535 833, 09 422 470 153

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-
၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ရက်
၃။ တင်ဒါပိတ်မည့်ရက် - ၂၈-၅-၂၀၁၅ ရက်
၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

**ဖခင်အမည်မှန်**
ဝိုင်းမော်မြို့နယ်၊ အထက(ခွဲ)မိုင်းနား၊ ဆ၅ မတန်း(A)အောင်မှ မောင်ရင်ခွင်ဦး၏ ဖခင် အမည်မှန်မှာ ဦးထွန်းထွန်းဝေ [၁၂/ဥကတ (နိုင်)၁၅၈၃၀၇]ဖြစ်ပါသည်။

**အမည်ပြောင်း**
မြစ်ကြီးနားမြို့၊ အထက(၄)၊ စတုတ္ထတန်း(C)အောင်မှ မဂျာဆိုင်းမိုင်အား မခင်ဇာမော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

# မင်းဘူးမြို့နယ်အတွင်း အခမဲ့ နယ်လှည့်ဆေးကုသနေမှုအား ဝန်ကြီးချုပ် ကြည့်ရှုအားပေး

**မင်းဘူး မေ ၂၄**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဘုန်းမော်ရွှေသည် မေ ၂၁ ရက် မွန်းတည့် ၁၂ နာရီက မင်းဘူး(စကု) မြို့နယ် မကျီးသုံးပင်ကျေးရွာတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် မကွေးတိုင်းဒေသကြီး ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း၊တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်များပူးပေါင်း၍ ကျေးရွာအရောက် ကျန်းမာရေးစောင့်ရှောက်မှု နယ်လှည့် အခမဲ့ဆေးကုသခြင်းကို တိုင်းဒေသကြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မင်းဘူးခရိုင်နှင့်မြို့နယ်မှတာဝန်ရှိသူများနှင့်အတူ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မင်းဘူး(စကု) မြို့နယ် မကျီးသုံးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် တိုင်းဒေသကြီး ဖောင်ဒေးရှင်း၊ တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် အလှူရှင်များ ပူးပေါင်း၍ ဆေးကုသပေးနေသောအဖွဲ့ ခေါင်းဆောင် ဒေါက်တာသန်းဦးနှင့် ဆရာဝန်၊ ဆရာမများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးပြီး ဆေးလာရောက်ကုသသော မကျီးသုံးပင်ကျေးရွာအုပ်စုနှင့် ပတ်ဝန်းကျင်မှကျေးရွာသူ၊ ကျေးရွာသားများအား တွေ့ဆုံနှုတ်ဆက်အားပေးစကား ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မကျီးသုံးပင် အလယ်တန်းကျောင်းခွဲမှ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများနှင့် အငြမတန်းသို့တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပါဗူးနှင့်ဗလာစာအုပ်များကို ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်မှ ကျေးလက်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်နေပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ကျေးရွာအရောက် ကွင်းဆင်း၍ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့်ပူးပေါင်ကာ အခမဲ့ ဆေးကုခြင်းများကို လအလိုက် စီမံချက်များချမှတ် ဆောင်ရွက်လျက်ရှိရာ မေ ၂၁ ရက်မှ မေ ၃၀ ရက်အထိ စုရပ်ကျေးရွာအုပ်စုအသီးသီးတွင် အခမဲ့ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး မေ ၂၁ ရက်တွင် မကျီးသုံးပင်ကျေးရွာ၌ လူနာပေါင်း ၈၀၀ ကျော်အား အခမဲ့ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# လျှပ်စစ်အန္တရာယ်ကင်းရေးလက်ကမ်းစာစောင်ဖြန့်ဝေ

**ငါ့သရောက် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် မိုးကြိုကာလများ၌ ဖြစ်ပေါ်လေ့ရှိသည့် လျှပ်စစ်အန္တရာယ်များကို ဒေသခံပြည်သူများသိရှိစေနိုင်ရန်နှင့် လျှပ်စစ်အန္တရာယ်နှင့် ကြုံတွေ့လာပါက ဘေးကင်းစွာ ကိုင်တွယ်အသုံးပြုတတ်စေရန်ရည်ရွယ်၍ မေ ၂၃ ရက်၊ နံနက်ပိုင်းက ငါ့သရောက်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ (မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ)၊ ဦးဝင်းထိန်နှင့် ဝန်ထမ်းများက မြို့ပေါ်ရပ်ကွက်လူစည်ကားရာနေရာများတွင် လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ လျှပ်စစ်အန္တရာယ်သတိပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးမှုကို မိုးကြိုကာလအတွင်း ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ဒေသခံပြည်သူများမှလည်း လျှပ်စစ်အန္တရာယ်နှင့် ပတ်သက်၍ ကြိုတင်ကာကွယ်ရမည့် အချက်များ၊ ဘေးကင်းစွာကိုင်တွယ်အသုံးပြုရမည့်နည်းလမ်းများ သိရှိရသည့်အတွက် ဝမ်းသာနေကြကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်**(IPRD)

❑



# ယဉ်ကျေးလိမ္မာစာမေးပွဲနှင့်ဆုပေးပွဲမြန်အောင်၌ကျင်းပ

**မြန်အောင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သံဃနာယက(ဂိုဏ်းပေါင်းစုံ)၏ ဩဝါဒကိုခံယူ၍ မြန်အောင်မြို့နယ် အမျိုးဘာသာသာသနာစောင့်ရှောက်ရေး (မ-ဘ-သ)နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုရက္ခိတ မြန်အောင်မြို့တို့မှကျင်းပသော ပထမအကြိမ်ယဉ်ကျေးလိမ္မာစာမေးပွဲနှင့် ဆုနှင်းသဘင်အခမ်းအနားကို မြန်အောင်မြို့ အမှတ်(၄) ရပ်ကွက်ရှိ ပရဟိတမြို့ရွှေကျောင်းတိုက်တွင် မေ ၁၈ ရက်က ကျောင်းတိုက်အတွင်းရှိ စွယ်တော်တိုက်၌ ကျင်းပခဲ့သည်။

ယဉ်ကျေးလိမ္မာ စာမေးပွဲကို နံနက် ၈ နာရီတွင် စတင်ဖြေဆိုပြီး ကျောင်းသား၊ ကျောင်းသူ ၉၂ ဦး ပါဝင်ဖြေဆိုခဲ့ကြသည်။

ဆုများချီးမြှင့်ရာတွင် အထူးဆုငါးဆု၌ ပထမဆု ကျပ်တစ်သိန်း၊ ဒုတိယဆု ကျပ်ခုနှစ်သောင်း၊ တတိယဆု ကျပ်ငါးသောင်း၊ စတုတ္ထဆု ကျပ်သုံးသောင်း၊ ပဥ္စမဆု ကျပ်နှစ်သောင်းနှင့် ရိုးရိုးအောင် ၈၇ ဦးကို ကျပ်တစ်သောင်းစီ ချီးမြှင့်ခဲ့သည်။

စာမေးတွင်ဆုရရှိသူများမှာ ပထမဆု မစန်းရွှေလီထွန်း၊ ဒုတိယ မဇာကြည်ခိုင်၊ တတိယ မောင်စိုင်းသူရထွန်း၊ စတုတ္ထ မနှင်းအိမိုးနှင့် ပဥ္စမဆု မောင်ကျော်ဇင်လင်းထက်တို့က အသီးသီးရရှိခဲ့ကြသည်။

ဆုနှင်းသဘင်အခမ်းအနားသို့ ကြာနီကန်ကျောင်းတိုက်ဆရာတော်၊ လေးမျက်နှာမဟာစည်ကျောင်းတိုက်ဆရာတော်နှင့် မြန်အောင်မြို့ကျောင်းတိုက်များမှ ရဟန်း၊ သံဃာတော်များတက်ရောက်အားပေးချီးမြှင့်ခဲ့ကြသည်။

**နေဝင်းဇော်(မြန်အောင်)**

# သွေးသည်အသက်

# ဟင်္သာတမြို့နယ်နှင့်ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ချင်းဆက် အဝိုင်းကျောင်းစုတံတားဖွင့်လှစ်

**မြန်အောင် မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်နှင့် ပုသိမ်ခရိုင် ကျုံပျော်မြို့နယ်ချင်းဆက်တံတားဖြစ်သော ရှားခဲတိုက်နယ် အဝိုင်းကျောင်းစုကျေးရွာအုပ်စုရှိ အဝိုင်းကျောင်းစုတံတားဖွင့်ပွဲကို မေ ၂၁ ရက်က အဆိုပါတံတားမုခ်ဦးရှေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ခရိုင်ချင်းဆက် အဝိုင်းကျောင်းစုတံတားကို မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် စည်သာရွှေသွေးကုမ္ပဏီက အလျား ပေ ၁၆၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၂ ပေ သံကူကွန်ကရစ်၊ သစ်သားကြမ်းခင်း၍ ဆောက်လုပ်ခြင်းဖြစ်သည်။

အဆိုပါတံတား ဆောက်လုပ်ပြီးစီးသည့်အတွက် ဟင်္သာတမြို့နယ်နှင့် ကျုံပျော်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုခြောက်ခု၊ ကျေးရွာပေါင်း ၅၃ ရွာမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအကျိုးပြုမည်ဖြစ်ကြောင်းသိရသည်။

**ဝင်းမိုလ်**


## သတ္တုတွင်းဝန်ကြီးဌာန
## အမှတ်(၂)သတ္တုတွင်းလုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စီမံကိန်းများ၊ ရုံးခွဲများတွင် အသုံးပြုရန်လိုအပ်သော အောက်ပါပစ္စည်းများကို သက်ဆိုင်ရာဒေသ ပစ္စည်းသိုလှောင်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

ဆေးနှင့်ဆေးဝါးပစ္စည်း/ရုံးအသုံးအဆောင်၊ ဓည့်ရိပ်သာ၊ သန့်ရှင်းရေးသုံးပစ္စည်းများ/ အထွေထွေလုပ်ငန်းသုံးပစ္စည်းများ/သတ္တုထည့်အိတ်ခွံ/ ထုတ်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများ/ ဓာတ်ခွဲခန်းသုံးပစ္စည်းများနှင့် စက်မှုလုပ်ငန်းသုံးပစ္စည်းများ

၂။ တင်ဒါပုံစံထုတ်ပေးရက် - ၂၂-၅-၂၀၁၅ရက်

၃။ တင်ဒါပိတ်ရက် - ၂၂-၆-၂၀၁၅ရက်၊ ၁၅း၀၀နာရီ

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာနှင့် နယ်စီမံကိန်း/ရုံးခွဲများတွင် စုံစမ်းရယူနိုင်ပါသည်။

(က) အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ရုံးချုပ်)၊ ရုံးအမှတ်(၁၉)၊ နေပြည်တော် (ဖုန်း-၀၆၇-၄၀၉၃၉၁)
(ခ) နေပြည်တော်သတ္တုတွင်းစီမံကိန်းရုံး(ပျဉ်းမနား)၊ ပုဗ္ဗသီရိမြို့နယ် (ဖုန်း-၀၆၇-၂၂၁၂၆)
(ဂ) ခဲမဖြူသတ္တုစင်စက်ရုံ၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဖုန်း-၀၅၆-၂၁၀၂၉)
(ဃ) မော်ချီးသတ္တုတွင်း စီမံကိန်းရုံး၊ လွိုင်ကော်မြို့ (ဖုန်း-၀၈၃-၂၁၀၇၆)
(င) အထွေထွေမန်နေဂျာရုံး(ကယား၊ ရှမ်း၊ မန်း)၊ မန္တလေးမြို့ (ဖုန်း-၀၂-၅၉၈၇၅)
(စ) တနင်္သာရီတိုင်းဒေသကြီး၊ တိုင်းအထွေထွေမန်နေဂျာရုံး၊ ထားဝယ်မြို့(ဖုန်း-၀၅၉-၂၁၁၀၀)
(ဆ) တနင်္သာရီတိုင်းဒေသကြီး၊ ဒု-တိုင်းအထွေထွေမန်နေဂျာရုံး၊ မြိတ်မြို့ (ဖုန်း-၀၅၉-၄၂၂၉၄)

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်း**
**သတ္တုတွင်းဝန်ကြီးဌာန၊ နေပြည်တော်**



လှိုင်မင်းလတ်
စာရင်းကိုင်သင်တန်း Nov Series / 2015
June-13 စမည်။
LCCI, MYOB, IFR

| Level I+II | သင်တန်းချိန် | Level III | |
|---|---|---|---|
| Sec(A) Sat+Sun | 7-9 (am) | Sec(A) Sat-Sun | 3- 8 pm |
| Sec(B) Sat+Sun | 9-11(am) | Sec(B) Wed-to-Sun | 6-8 pm |
| Sec(C) Sun | 11-3(pm) | Sec(C) Tue-to-Fri | 9-12 am |
| Sec(D) Mon+Tue | 6-8 (pm) | | |
| Sec(E) Mon to Fri | 12-3(pm) | ခုံနံပါတ်ယူ ကျောင်းအပ်နိုင်ပြီ | 09 510 9922 |
| Sec(F) Sat | 11-3(pm) | | 0979 510 9922 |
| Sec(G) Wed | 11-3(pm) | | 0997 510 9922 |

၃၄ ၊ ၄ လွှာ၊ အင်းစိန်လမ်း၊ လှည်းတန်း ၊ကမာရွတ်(လှည်းတန်းမှတ်တိုင်အနီး) 09 7313 6677



## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## "တယ်လီဖုန်းသုံးစွဲသူ မိဘပြည်သူများသို့ အသိပေးနှိုးဆော်ချက်"

ပြည်နယ်/တိုင်းဒေသကြီးအသီးသီးတို့တွင် တပ်ဆင်အသုံးပြုလျက်ရှိသော တယ်လီဖုန်းများအားလုံး၏ ၂၀၁၅ ခုနှစ်၊ ဧပြီလ သုံးစွဲကာလအတွက် တယ်လီဖုန်းခေါ်ဆိုခများအား အောက်ပါသတ်မှတ်ရက်များတွင် နောက်ဆုံးထားပေးဆောင်ပါရန်နှင့် သတ်မှတ်ရက်ကာလအတွင်း ပေးဆောင် ခြင်းမရှိသည့် တယ်လီဖုန်းများအား ဆက်သွယ်မှုယာယီဖြတ်တောက်ရမည် ဖြစ်ပါကြောင်း မိဘပြည်သူများသို့ ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

| စဉ် ပြည်နယ်/တိုင်းဒေသကြီး | တယ်လီဖုန်း အမျိုးအစား | နောက်ဆုံးအခွန်ငွေ ပေးသွင်းရမည့်ရက် |
|---|---|---|
| ၁။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေး၊ ကချင်၊ ကရင်၊ ကယား၊ ဧရာဝတီ၊ မွန် ပဲခူး(အရှေ့/အနောက်) | Autoနှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၂၉-၅-၂၀၁၅) |
| ၂။ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ရှမ်းပြည်နယ်(မြောက်ပိုင်း) ရှမ်းပြည်နယ်(တောင်ပိုင်း) ချင်း၊ ရခိုင်၊ တနင်္သာရီ | Autoနှင့် Mobile ဖုန်းများ E-mail,ADSL MPT Satellite | (၂၉-၅-၂၀၁၅) |

**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း**



## ရောင်းမည်

သယ်န်းကျွန်းမြို့နယ်၊ ပြည်တော်အေးလမ်း၊ ရန်ကင်းလမ်း၊ ငမိုးရိပ်(၃)လမ်းရှိ တိုက်ခန်းများကို အမြန်ရောင်းမည်။ အဆင့်မြင့်ပြင်ဆင်ပြီး B.C.C ရရှိပြီးဖြစ်သည်။

ဖုန်း- 09-5401011, 09-73095677


ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် Asia-Pacific Broadcasting Union(ABU)တို့ ပူးပေါင်းစီစဉ်သည့် ABU Radio Song Festival 2015ကို ၂၀၁၅ခုနှစ်၊ မေလ ၂၉ရက် ညနေ၆နာရီမှ ၉နာရီအထိ ရန်ကုန်မြို့ အမျိုးသားကဇာတ်ရုံ၌ အာရှပစိဖိတ်ဒေသတွင်းနိုင်ငံများမှ တေးသံရှင်များနှင့် မြန်မာနိုင်ငံမှအနုပညာရှင်များ ပါဝင်သီဆိုကပြဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ပါသည်။ ယခုလို မြန်မာနိုင်ငံတွင် ထူးထူးခြားခြားကျင်းပသည့် အထိမ်းအမှတ်ပွဲအား မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးကြရန်ဖိတ်ခေါ်အပ်ပါသည်။

အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့်ရုပ်မြင်သံကြား Tel:09 5188504 နှင့် ၀၆၇-၇၉၃၇၄၊ Fax:067-79205, email.irmrtv@ gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။


## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အအုံဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အအုံဦးစီဌာန ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နေပြည်တော်ကောင်စီရန်ပုံငွေဖြင့် ဆောက်လုပ်မည့်ဝန်ထမ်းအိမ်ရာများ တည်ဆောက်ခြင်းလုပ်ငန်းအတွက် အသုံးပြုရန်လိုအပ်သော သတ်မှတ်စံချိန်စံညွှန်းပြည့်မီသည့် တည်ဆောက်ရေးလုပ်ငန်းသုံး ပစ္စည်းများအား (မြန်မာကျပ်ငွေဖြင့်) လုပ်ငန်းခွင်အရောက် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်။

၁။ အိတ်ဖွင့်တင်ဒါအမှတ် - အမှတ်စဉ်(၁)၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၆-၂၀၁၅ (၁၂း၀၀နာရီ)

၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၂-၆-၂၀၁၅ (၁၀း၀၀နာရီ)

၄။ တင်ဒါတင်သွင်း/စိစစ်ရွေးချယ်မည့်နေရာ - ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး နေပြည်တော်၊ ပျဉ်းမနား

၅။ အသေးစိတ်အချက်အလက်များနှင့် တင်ဒါလျှောက်လွှာများအား (၂၆-၅-၂၀၁၅) ရက်မှစ၍ ရုံးချိန်အတွင်း ဖုန်း-၀၆၇-၂၁၀၁၁၊ ၀၆၇-၂၂၀၇၃၊ ၀၉-၄၉၂၁၂၈၁၆သို့ စုံစမ်းမေးမြန်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

အခန်းဆက်ဝတ္ထုရှည်



# သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည် . . . ခိုင်

တက္ကသိုလ်ဘုန်းနိုင်

*ကြေးမုံသတင်းစာတွင် ဝတ္ထုကဏ္ဍယခင်ကထည့်သွင်းဖော်ပြပေးခဲ့ဖူးပါသည်။ ထိုဝတ္ထုကဏ္ဍကို စာဖတ်ပရိသတ်များ ပြန်လည်ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံသတင်းစာတွင် နေ့စဉ် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ် စွဲလမ်းဆဲလက်စရှိသည့် ဆရာတက္ကသိုလ်ဘုန်းနိုင်၏ "သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်. . . ခိုင်" ဝတ္ထုကို အခန်းဆက်ဝတ္ထုအဖြစ် ဦးစွာတင်ဆက်ပေးလိုက်ပါသည်။*

*ထိုဝတ္ထုကို ရုပ်ရှင်ဇာတ်ကားကြီးအဖြစ်ရိုက်ကူးတင်ဆက်ခဲ့ပြီးဖြစ်သော်လည်း ရုပ်ရှင်ရသခံစားမှုထက် ဝတ္ထုရသခံစားမှုက ပရိသတ်အား ပိုမိုဆွဲဆောင်မှုရှိသည်ကို ဖတ်ရှုလေ့လာ သိသာနိုင်ရန်ဖြစ်ပါသည်။ ယင်းနောက် စာဖတ်ပရိသတ်၏ နှလုံးသားကို စွဲငြိစေမည့် ရသမြောက်သည့် ထင်ရှားသော ဝတ္ထုများကိုလည်း ဆက်လက်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ (စာတည်း)*

**ယမန့်နေ့မှအဆက်**

**(၂၃) သူတစ်ယောက်မှာ**

ခိုင် တက္ကသိုလ်သို့ ရောက်စက ကိုမြင့်ဟန်ကြီးသည် မှတ်ချက်ချခဲ့၏။

" ဒီကောင်မလေး ရောက်လာပြီ။ တက္ကသိုလ်တော့ ပျက်တော့မှာပဲ . . . "

ကျွန်တော်က စိတ်မဆိုးတဆိုးဖြင့် ကန့်ကွက်သည်။

" မိန်းကလေးတစ်ဦးကြောင့်တော့ ဒီလောက်ကြီးတဲ့ တက္ကသိုလ်ကြီးဟာ မပျက်နိုင်ပါဘူးဗျာ။

ပြီးတော့ ခိုင်ဟာလည်း ခင်ဗျားထင်သလို မဆိုးပါဘူး "

"နေပါဦး ကိုမောင်မောင်ရ . . .၊ ခင်ဗျား ဒီကောင်မလေးကို ကာကွယ်လှချည်လား . . . "

" ခိုင်ဟာ ကျွန်တော့်သူငယ်ချင်းပဲ၊ ကာကွယ်ရမှာပေါ့။ သူငယ်ချင်းမို့ ကာကွယ်တာ မဟုတ်ဘူး။ ခိုင့်အကြောင်းကို ကျွန်တော် သိတယ်။ ခိုင့်မှာ ဘာမှ ကြောက်စရာမရှိဘူး "

" ဟုတ်ကဲ့လားဗျာ။ မိန်းမနဲ့ ပတ်သက်လာရင် . . . ဘာမှ အလွယ်တကူ စိတ်မချနဲ့နော် . . . "

ကျွန်တော်က သဘောကျစွာ ရယ်မောမိသည်။

" ဒီမှာ ကိုမြင့်ဟန်၊ ခင်ဗျားက မိန်းမအကြောင်း ဘာနားလည်လို့လဲ . . .။ ခင်ဗျားထက်စာရင် . . . အနည်းဆုံးတော့ မိန်းကလေးတစ်ယောက်အကြောင်း ကောင်းကောင်းနားလည်လို့ ကျွန်တော်က သာတယ် "

ကိုမြင့်ဟန်ကြီးမှာ မိန်းကလေး အပေါင်းအသင်းရှိသူမဟုတ်။ မိန်းကလေးများကိုလည်း အရောတဝင်နေတတ်သူမဟုတ်။ ထိုအကြောင်း သိသဖြင့် အပေါ်စီးမှနေ၍ ကျွန်တော်က ပြောခြင်းဖြစ်သည်။

" အင်းလေ . . . ဒါဖြင့် ခင်ဗျားက ဘာတွေ နားလည်ထားတာလဲ . . . "

" ပြောပြပါမယ်၊ ခင်ဗျားလည်း မန္တလေးသားပဲ၊ တောင်တန်းတွေ မြင်ဖူးမှာပေါ့ "

" ဘာဆိုင်လို့လဲဗျ . . . "

" ဆိုင်တာကို ရှင်းပြမယ်လေ။ တောင်တန်းတစ်ခုကို အရပ်တစ်မျက်နှာကနေ ကြည့်ရင် တစ်ပုံစံတည်း မြင်ရပြန်တယ်။ မန္တလေးတောင်နဲ့ ကျွဲနဖားတောင်ကို ခင်ဗျားမြင်ဖူးသားပဲ . . . "

"အဲ . . . ဒါတော့ ဟုတ်တယ်။ ဒါပေမယ့် . . . "

"ဆက်ပါမယ်၊ တစ်ခါ . . . တောင်တန်းတစ်ခုဟာ အဝေးကနေ ကြည့်ရင် တစ်မျိုး၊ အနီးကပ်ကြည့်ရင်တစ်ဖုံ၊ တောင်ခြေက မြင်ရတာ တစ်သွယ်၊ တောင်ထိပ်ကျ တွေ့ရတာ တခြား။ ဒါလည်း ဟုတ်တယ် မဟုတ်လား . . . "

" အင်း . . . အင်း . . . ဟုတ်ပါတယ် "

" မိန်းကလေးတစ်ယောက်ကိုလည်း တောင်တန်းနဲ့ ပမာနှိုင်းထိုက်တယ် . . .။ ရှုထောင့်တစ်ခုကနေအကဲခတ်လို့ မရဘူး . . .။ အဝေးကနေ အပေါ်ယံကြည့်ပြီး ဆုံးဖြတ်လို့လည်း မရဘူး။ သိပ်က္ကန္ဓြေရှိတယ်ထင်တဲ့ မိန်းကလေးဟာ ကပ်ပေါင်းကြည့်မှ သိပ်ကြောက်စရာကောင်းရင် ကောင်းနေတတ်တယ်။ သိပ်ကြောက်စရာကောင်းတယ် ထင်ရတဲ့ မိန်းကလေးတစ်ဦးဟာလည်း စင်စစ်တော့ သိပ်သနားစရာကောင်းတဲ့လူ ဖြစ်ချင် ဖြစ်နေတတ်တယ် "

" ဘာလဲ . . . ခင်ဗျားက သိပ်သနားနေသလား "

" ကျွန်တော်က ယေဘုယျသဘောကို ပြောနေတာပါ "

" ထားပါတော့လေ . . .။ ကိုယ်တွေ့တော့ မဟုတ်ဘူး။ စာတွေ့ကြားဖူးတာကတော့ မိန်းကလေး တစ်ယောက်ရဲ့ အသည်းနှလုံးကို နားလည်ဖို့ဟာ သိပ်ခက်သတဲ့။ ခင်ဗျား နားလည်တယ်ထင်တဲ့ မိန်းကလေးရဲ့ အသည်းနှလုံးဟာ သိမြင်နိုင်ဖို့ ခက်တဲ့ . . . ဟို ဘာတဲ့ . . . အဲ . . . လူမရောက် မြင်းမိုရ်တောင်ဆိုတဲ့ တောင်တန်းမျိုးဖြစ်နေရင် ဘယ်နှယ်လုပ်မလဲ။ ခင်ဗျားဥပမာနဲ့ ခင်ဗျားပဲလေ . . . ဟဲ . . . ဟဲ . . . "

ကိုမြင့်ဟန်က အရိုက်ကို အလစ်တီးလိုက်သဖြင့် ကျွန်တော် ပြန်မဖြေနိုင်ဘဲ ရောနှော၍သာရယ်မောခဲ့ရသည်။

သို့ရာတွင် ခိုင့်ကြောင့် တက္ကသိုလ်မှု အလှမပျက်ခဲ့ပါ။ ခိုင့်ကြောင့် တက္ကသိုလ်သည် ပို၍ လှပတင့်တယ်လာသည်ဟုမူ ဆိုချင်က . . . ဆိုနိုင်သည်။

တက္ကသိုလ် ပွဲလမ်းသဘင်များတွင် ခိုင်၏ စောင်းသံသည် ချိုလွင်ပျံ့ဝဲခဲ့သည်။ ပီယာနိုနှင့် အကော်ဒီယံတို့သာ ရေပန်းစားနေသော နယ်မြေကို ခိုင်သည် မှန်စီရွှေချစောင်းဖြင့် ယဉ်ယဉ်လေး အပိုင် သိမ်းယူခဲ့သည်။ တက္ကသိုလ်စင်မြင့်မှတစ်ဆင့် အသံလွှင့်ရုံခန်းမသို့ရောက်ကာ ခိုင်၏ မေတ္တာငွေသောင်ဦးတေးသည်လည်း ဝေစည်ကျော်ကြားခဲ့လေသည်။

ခိုင်၏ သဲငွေနုပမာပြုသော မေတ္တာသောင်ဦးတွင် ခိုမှီနားနေလိုသော နာဝါလှေရှင် မောင်လုလင်တို့သည် ဓမ္မတာအတိုင်း ရွက်ကုန်တက်ကုန် ချဉ်းကပ်လာနေကြပါ၏။

ခိုင်၏ အောင်မြင်ခြင်းကို မြင်ရသော ကျွန်တော့်မှာ ကျေနပ်ဂုဏ်ယူမိသည်မှအပ အခြားခံစားမှုမရှိ။

ခိုင်တို့အိမ်၌ တင်မောင်ညွန့်အပြင် တက္ကသိုလ်မှ ကျောင်းသားဧည့်သည်သစ်တို့ တိုးလာခဲ့ခြင်းကိုလည်း ကန့်ကွက်ရန် မမြင်။ တစ်ခါတရံ ခိုင့်မိတ်ဆွေ ဂီတသမားတို့နှင့်အတူ ခိုင်တို့ အသံလွှင့်လျှင် ပီယာနို လိုက်တီးပေးသည့်အခါ ပေးသည်။ များသောအားဖြင့် စာနှင့်သာ အချိန်ကုန်ရသည်။

ဒုတိယနှစ် ဥပစာတန်းသည် ခက်ခဲ၏။ ထိုစဉ်က နှစ်နှစ်ကုန်မှ စုပေါင်း၍ စာမေးပွဲစစ်သည်။ ဆေးသိပ္ပံသို့သွားမည့် ကျွန်တော်တို့အတွက် စာမေးပွဲအောင်ရုံနှင့်မပြီး။ သတ်မှတ်ထားသော စံနှုန်းပြည့်အောင် အသေအလဲ ကြိုးစားရသည်။

လှေပြေးတုန်း တက်ကျိုးသကဲ့သို့ စာမေးပွဲနီးခါမှ အင်းစိန်အရေး ပေါ်လာပြီး တက္ကသိုလ်ကြီးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရသည်။ ကျွန်တော်နှင့် ကိုမြင့်ဟန်ကဲ့သို့သော တပ်မတော်သားဟောင်းတို့သည် အခြားကျောင်းသားများနှင့်အတူ စာသင်ခန်းကို ပစ်၍ စစ်မြေပြင်ဆီ ထွက်ခဲ့ကြရသည်။ ကျောင်းကြီးပြန်ဖွင့်ပြီး အတန်ကြာမှ ကျွန်တော်တို့ တက္ကသိုလ်နယ်မြေဆီသို့ ပြန်ရောက်ကြသည်။ အလီလီ အလာလာ စစ်သော စာမေးပွဲတို့အနက် စက်တင်ဘာလ စာမေးပွဲအမီဝင်ရန် ကိုမြင့်ဟန်နှင့် ကျွန်တော်တို့ မအိပ်မနေစာကျက်ကြရပြန်သည်။

ကိုမြင့်ဟန်ရော ကျွန်တော်ပါ စာမေးပွဲအောင်ကြပါ၏။ စာမေးပွဲအောင်သော်လည်း နားခွင့်မရှိ။ ဆေးသိပ္ပံမြေ နင်းမိသည်နှင့် တစ်ပြိုင်နက် နာရီတို့သည်မြန်၍ ရက်တို့သည်တိုကာလတို့သည် အကုန်လွယ်သည် ထင်မှတ်ရအောင် ကျက်ဖွယ်စာတို့က မပြီးနိုင် . . .။ လက်တွေ့လေ့ကျင့်ခန်းတို့ မဆုံးနိုင်။

ခိုင်းအားမှာ ကောင်း၍ စည်းကမ်းမှာကြီးသည်။ ပါမောက္ခ၊ ကထိကများသည် ရှုတည်တင်းသယောင်ရှိ၍ အာဏာမှာ ပြင်းသကဲ့သို့ ထင်ရသည်။

စင်စစ်ကား . . . နောင်တွင် လူသားတို့၏ အသက်ဇီဝိန်ကို ချိန်တွယ်ကိုင်ဆ၍ မရဏမင်းနှင့် စစ်ခင်းပြိုင်ရမည့် ကျွန်တော်တို့အား အမှားမတွေ့နိုင်အောင် ကြိုတင်ပြင်ဆင်ပေးခြင်းသာ ဖြစ်လေသည်။

တပ်မတော်တွင် စစ်သင်တန်းတက်စဉ်က ဆိုရိုးစကားတစ်ခုရှိသည်။ ချွေးထွက်များမှ သွေးထွက်နည်းမည် ဟူသတည်း။ ဆေးသိပ္ပံ၌ ကိုမြင့်ဟန်နှင့် ကျွန်တော်တို့လည်း ဆိုရိုးတစ်ခုကို လက်ကိုင်ပြုသည်။

အကြိမ်းအမောင်းခံရနည်းလျှင် အတိမ်းအစောင်းစံပြနည်းမည်။ အကြိမ်းအမောင်းခံရနည်းရန် ဖြတ်လမ်းမရှိ။ အကြောင်းမှာ လူ့အသက် အတိမ်းအစောင်းနည်းရန်အတွက် ဖြတ်လမ်းက မရှိ။ သူတစ်ပါးအသက်ကို မကယ်နိုင်မီ ကိုယ့်ကျန်းမာရေးပျက်မတတ် အသေအလဲ ရုန်းကန်ကျက်မှတ် လေ့လာရ၏။

ပင်မတက္ကသိုလ်၌ ရှိစဉ်က ကျွန်တော်သည် ခိုင်တို့အိမ် အနည်းဆုံး တစ်ပတ်တစ်ကြိမ်ခန့်ရောက်သည်။ ဆေးသိပ္ပံကို ဝင်မိကတည်းက တစ်လတွင် နှစ်ကြိမ်မှန်အောင် မရောက်နိုင်။

ငြိမ်းမောင်လည်း အင်ဂျင်နီယာကောလိပ်သို့ ရောက်နေပြီဖြစ်သည်။ ပင်မတက္ကသိုလ်၌ ခိုင်တစ်ယောက်သာ ကျန်ရစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၄ ခုနှစ် ဧပြီလက ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## နိုက်တြိုဂျင်အရည်ထုတ်လုပ်မှုနှင့်ပတ်သက်၍ ရင်းနှီးမြှုပ်နှံလိုသူများအား ဖိတ်ခေါ်ခြင်း

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲ၊ မျိုးမြင့်တင်ရေး ဌာနစိတ်၊ မင်္ဂလာဒုံမြို့နယ်တွင်တည်ရှိသော နိုက်တြိုဂျင်အရည်ထုတ်လုပ်သည့် စက်ရုံ၏ နိုင်တြိုဂျင်ထုတ်လုပ်မှုလုပ်ငန်းအား အကျိုးတူ နှစ်ရှည်ငှားရမ်းလုပ်ကိုင်လိုသည့် ပြည်တွင်းလုပ်ငန်းရှင်/ကုမ္ပဏီများနှင့် နိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ပြည်ပပုဂ္ဂလိက လုပ်ငန်းရှင်/ကုမ္ပဏီများအား စိတ်ဝင်စားမှုဖော်ပြချက် (Expression of Interest) ခေါ်ယူပြီး တင်ဒါစနစ်ဖြင့် ရွေးချယ်၍ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ စိတ်ဝင်စားသူ ပြည်တွင်း/ပြည်ပ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ကုမ္ပဏီအဖွဲ့အစည်းများသည် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်သို့ ၁၅-၆-၂၀၁၅ရက် ညနေ ၃း၀၀နာရီ နောက်ဆုံးထား၍ ဆက်သွယ်သွားရန် အသိပေးကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ ဖုန်း-၀၆၇-၄၀၈၄၆၇၊ ၀၆၇-၄၀၈၁၇၅၊ ၀၆၇-၄၀၈၄၆၄ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဌာန**



## အသေးစားဥဖောက်စက်များ မှာယူနိုင်ကြောင်း ကြော်ငြာခြင်း

၁။ အသေးစားဥဖောက်စက်များကို အောက်ပါအတိုင်း မှာယူနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က) အသေးစားဥဖောက်စက် (Egg Incubator)
(၁)ကြက်ဥလုံးရေ ၇၂၀ ဆံ့ ဝပ်စက်နှင့် ဖောက်စက်တွဲလျက်ပါရှိခြင်း၊
(၂)အရွယ်အစား(အလျား ၄ပေ၊ အနံ၃ ပေ၊ အမြင့် ၃ ပေ)၊
(၃)အမိုးအကာနှင့်အခင်းတံခါးများကို အလူမီနီယမ်ကွန်ပိုးစစ်ဖြင့် ပြုလုပ်ထားရှိခြင်း၊
(၄)လေလှည့်ပတ်မှုစနစ်အတွက် Manual နှင့် Auto ထိန်းချုပ်မှုပါဝင်ခြင်း၊
(၅)သံကိုယ်ထည်နှင့်အလူမီနီယမ်အသုံးပြုထားခြင်း၊
(၆) Single Phase, 220 V, 50 Hz နှင့် အသုံးပြုနိုင်ခြင်း။

(ခ) ဝယ်ယူခြင်းစနစ်။ ။ဝယ်ယူလိုသောအရေအတွက်ကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အမှာစာတင်သွင်းရမည်ဖြစ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃၆)၊ ဖုန်း-၀၆၇-၄၀၈၁၇၅၊ ၀၆၇-၄၀၈၁၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန**



## ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
## လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

| | |
|---|---|
| (က) မီးခံသေတ္တာနှင့်ဖိုင်တင်စင် | 2-Items |
| (၁) မီးခံသေတ္တာ(Leeco) (17"x18"x26") | 1-No |
| (၂) ဖိုင်တင်စင်(Leeco)(လေးဆင့်)(6'x3'x18") | 5-Nos |
| (ခ) ရုံးသုံးပရိဘောဂ | 3-Items |
| (၁) Computer Office Desk (3 1/2) | 10-Nos |
| (၂) ဗီရို | 5-Nos |
| (၃) ဆုံလည်ကုလားထိုင် | 10-Nos |
| (ဂ) External HDD (1000 GB=1TB) | 12-Nos |
| (ဃ) Hold Punch, Stapler, Trimmer and Binders | 4-Items |
| (၁) Hold Punch HD-2300 | 10-Nos |
| (၂) Stapler (40 Electric Stapler) | 5-Nos |
| (၃) Trimmers (4 in 1) (18")(A3) | 5-Nos |
| (၄) Binders (Combo/C 250 pro) | 5-Nos |

၂။ တင်ဒါပုံစံတစ်စောင်လျှင် ၁၀၀၀ိ/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၂-၆-၂၀၁၅ရက် ၁၃နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့် အချိန်ထက်ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည် မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ဆက်သွယ် ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန **www.mict.gov.mm Website** နှင့် အောက်ပါလိပ်စာတွင် စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန**
**မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(ပစ္စည်းဌာန)**
**အမှတ်(၄၃)၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁-၃၈၀၂၃၁၊ ၀၁-၃၈၄၇၂၂**



## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သော Transmission Line Maintenance ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

| | |
|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - ၂၅-၅-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်ရက် | - ၁၆-၆-၂၀၁၅ရက် |
| တင်ဒါပိတ်မည့်အချိန် | - ၁၄း၀၀နာရီ |

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**
**ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်။**
**ဖုန်း-၀၆၇-၄၁၀၂၈၂၊ ၀၆၇-၄၁၀၂၀၉**





## အခွန်တာဝန်ရှိ/မရှိ၊ ကိုယ်တိုင်စိစစ်ကြည့်

၁။ အခွန်ဆိုသည်မှာ နိုင်ငံနှင့်ပြည်သူများအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အခွန်ဥပဒေနှင့်အညီ ကောက်ခံသောငွေပင် ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်ထိုက်သူအားလုံး အခွန်ထမ်းဆောင်ကြပါရန်နှင့် မိမိသည် အခွန်ပေးဆောင်ရန် တာဝန်ရှိ/မရှိကို အောက်တွင်ဖော်ပြမည့် အချက်အလက်များနှင့် တိုက်ဆိုင်ကြည့်စေလိုပါသည်။

၂။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်ဆိုသည်မှာ ၁-၄-၂၀၁၄ ရက်မှ ၃၁-၃-၂၀၁၅ ရက်အထိ ကာလဖြစ်သည့်အတွက် အဆိုပါ ကာလအတွက် ရရှိဝင်ငွေများနှင့် ပတ်သက်၍ ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ကြည့်ရန် ဖြစ်ပါသည်။

၃။ အခွန်ထမ်းဆောင်ရန် တာဝန်ရှိ/မရှိ စိစစ်ကြည့်ရန်။ ၂၀၁၄-၂၀၁၅ဝင်ငွေနှစ်တွင် စာပိုဒ်၄ ပါ ဝင်ငွေအမျိုးအစားရရှိပြီး အောက်ပါတို့ကို နုတ်ပယ်ပြီးချိန်တွင် ကျပ်သိန်း ၂၀ အထက်ကျန်ရှိသူများသည် မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနများသို့ ဆက်သွယ်၍ အခွန်ပေးဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။

(က) သက်ဆိုင်ရာဝင်ငွေနှစ်အတွင်း စုစုပေါင်းရရှိသော ဝင်ငွေအနက်မှ အခြေခံသက်သာခွင့်အဖြစ် ဝင်ငွေ၏ ၂၀% (ကျပ် သိန်း ၁၀၀ ထက်မပိုရ)။

(ခ) အတူနေသူ/စရိတ်ထောက်ပံ့ထားရသည့် အိမ်ထောင်ဖက်တစ်ဦးအတွက် ကျပ် ၅ သိန်း သက်သာခွင့် (ယင်းအိမ်ထောင်ဖက်သည် ဝင်ငွေနှစ်အတွင်း ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသူ ဖြစ်ရပါမည်။)

(ဂ) သားသမီးများတစ်ဦးလျှင် ကျပ် ၃ သိန်းစီဖြင့် သက်သာခွင့် [အိမ်ထောင်မရှိသည့်၊ ဝင်ငွေခွန်ထိုက်သင့်သည့် ဝင်ငွေမရရှိသည့်၊ အသက် ၁၈ နှစ်မပြည့်သေးသည့် (သို့မဟုတ်) အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း ပညာသင်ကြားလျက်ရှိသည့်သူ ဖြစ်ရပါမည်။]

(ဃ) အခွန်ထမ်းနှင့် အိမ်ထောင်ဖက်၏ အသက်အာမခံအတွက် ပေးရသော ပရီမီယံ။

(င) နည်းဥပဒေများဖြင့် ပြဋ္ဌာန်းထားသည့် လူမှုဖူလုံရေးရန်ပုံငွေသို့ ထည့်ဝင်ငွေ။

၄။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်တွင် စုစုပေါင်းရရှိသော ဝင်ငွေကို တွက်ချက်ရာတွင် အောက်ပါတို့ ပါရှိရပါမည်-

(က) လစာရရှိသူ (လစာတွင် လုပ်ခ၊ နှစ်စဉ်ကြေး၊ ပင်စင်၊ လစာနှင့်လုပ်ခအစား၊ သို့မဟုတ် ယင်းတို့အပြင် ထပ်ဆောင်းရရှိသည့် အခကြေးငွေ၊ ကော်မရှင်နှင့် အကျိုးခံစားခွင့်တို့ပါဝင်ပါသည်။)

(ခ) အသက်မွေးဝမ်းကျောင်းပညာလုပ်ငန်းမှ ဝင်ငွေရရှိသူ (ဆရာဝန်၊ သူနာပြုဆရာမ၊ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဗိသုကာ၊ ရုပ်ရှင်ပညာသည်၊ သဘင်ပညာသည်၊ စာရေးဆရာ၊ ပန်းချီဆရာ၊ ပန်းပုဆရာ၊ ပန်းထိမ်ဆရာ၊ စာရင်းကိုင်၊ စာရင်းစစ်၊ ဗေဒင်ဆရာ၊ ကျောင်းဆရာ၊ ဧည့်လမ်းညွှန်၊ သင်တန်းဆရာ စသည်များ)။

(ဂ) စီးပွားရေးလုပ်ငန်းမှဝင်ငွေရရှိသူ (စီးပွားရေးလုပ်ငန်းဆိုသည်တွင် ကုန်သွယ်မှုလုပ်ငန်း၊ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ယင်းလုပ်ငန်းများ၏ သဘောသဘာဝ ပါဝင်သက်ရောက်မှုရှိသော လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများအားလုံး ပါဝင်သည်။)

(ဃ) မြေငှားရမ်းခြင်း၊ အဆောက်အအုံငှားရမ်းခြင်း၊ အခန်းငှားရမ်းခြင်းတို့မှ ဝင်ငွေရရှိသူ

(င) အခြားရလမ်းမှ ဝင်ငွေရရှိသူ(အထက်ဖော်ပြပါ ဝင်ငွေခေါင်းစဉ်များ၊ အခြေပစ္စည်းမှ မြတ်စွန်းငွေ၊ စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေတို့နှင့် အကျုံးမဝင်သော ဝင်ငွေရရှိသူ)။

၅။ အောက်ပါဝင်ငွေအမျိုးအစားရရှိသူများသည် စာပိုဒ် ၃ တွင် ဖော်ပြထားသော သက်သာခွင့်များ ရနိုင်ခွင့်မရှိပါ-

(က) အခြေပစ္စည်းမှ မြတ်စွန်းငွေရရှိသူများ (မြေ၊ အဆောက်အအုံ၊ အိမ်ခန်းများ၊ ယာဉ်နှင့်လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်း၊ အစုရှယ်ယာ၊ ကတိခံဝန်ချုပ်၊ ငွေချေးသက်သေခံလက်မှတ်များ၊ ယင်းတို့ကဲ့သို့သော လက်မှတ်စာချုပ်ရောင်းချ၍ နှစ်တစ်နှစ်အတွင်း ရောင်းရငွေစုစုပေါင်းသည် ကျပ်သိန်း ၅၀ ထက်ကျော်လွန်ပြီး မြတ်စွန်းငွေလည်း ရရှိသူ)။

(ခ) စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေရှိသူ။

၆။ ၂၀၁၄-၂၀၁၅ ဝင်ငွေနှစ်အတွက် အခွန်ထမ်းဆောင်နိုင်ရန် ဝင်ငွေကြေညာလွှာပုံစံ ပတခ (ဝင)-၁ ကို ရယူရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်ကြပါရန်-

(က) WWW.irdmyanmar.gov.com တွင် Download ပြုလုပ်၍ ရယူခြင်း(သို့မဟုတ်)၊

(ခ) မိမိတို့နေထိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင် တောင်းယူခြင်း(သို့မဟုတ်)၊

(ဂ) တယ်လီဖုန်းနံပါတ်-၀၉-၅၁၈၄၉၅၇၊ ၀၉-၅၀၈၀၀၉၃၊ ၀၉-၇၃၀၉၇၅၉၈ များသို့ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်ပါရှိသော SMS ပေးပို့၍ ပုံစံတောင်းယူခြင်း။

၇။ မရှင်းလင်းသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံးများ(ရန်ကုန်) ဖုန်း-၀၁-၃၇၈၃၇၀၊ (မန္တလေး) ဖုန်း-၀၂-၃၀၁၉၂ နှင့် မိမိတို့နှင့် သက်ဆိုင်သော တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံးများသို့ မေးမြန်းနိုင်ပါသည်။

အခွန်ကောက်ခံမှုစိစစ်ကြပ်မတ်ရေးဘုတ်အဖွဲ့

**နန်းဦးလွင်** မော်လမြိုင်နှင့် ဝင်းစိန်တောရရှုပ်ကလာပ်ဖူး
●ဝင်းစိန်တောရဆရာတော်ရုပ်ကလာပ် ယာယီကျောင်းသို့ပင့်ဆောင်ခြင်းအခမ်းအနားပွဲနှင့် မော်လမြိုင်တောင်ပေါ်ဘုရားစုံ၊ ကျိုက္ခမီ၊ စက်စဲကမ်းခြေ၊ ကျိုက်မရော၊ ဖွားလပို့တောင် (၂)ရက်။ (၂၉-၅-၂၀၁၅)ထွက်မည်။ အပတ်စဉ်-သောကြာ
● တောင်ကြီးအင်းလေးမွေတော်ကဏ္ဍူထမ့်စမ်းဂူ (၄)ရက်-ဆက်၍-လွိုင်ကော်တောင်ကွဲစေတီ၊ထီးပွင့်ကန်ပါ (၅)ရက်။
●ထုံးဘို အကောက်တောင်နှင့် ပြည်ဘုရားစုံ(နေ့ချင်းပြန်)●ထားဝယ်ရှင်ကိုရှင်နှင့် မောင်းမကန်၊ ကျိုက္ခမီ စက်စဲ(၅)ရက်။ (သောကြာနှင့် ရုံးပိတ်ရက်)ထွက်သည်။●ချောင်းသာ(နေ့စဉ်)●ဇလွန်(ရုံးပိတ်ရက်) ကားအငှားလက်ခံသည်။ 01-391577
အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## ၂၀၁၅-၂၀၁၆ခု ပညာသင်နှစ်
## အစိုးရနည်းပညာအထက်တန်းကျောင်းများအတွက် သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် သင်တန်းသားသစ်များ ခေါ်ယူမည်ဖြစ်ပါ၍ မည်သည့်နှစ်တွင်မဆို အခြေခံပညာအလယ်တန်း (အဋ္ဌမတန်း)အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ လျှောက်ထားနိုင်သည်။

၂။ (၂)နှစ်သင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက နည်းပညာတက္ကသိုလ်များသို့ သက်ဆိုင်ရာ နည်းပညာတက္ကသိုလ်များ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ (၂)နှစ်သင်တန်းတွင် ရိုးရိုးအဆင့်ဖြင့် အောင်မြင်ပါက လုပ်ငန်းခွင်လက်တွေ့သင်တန်း (၄)လ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းပြီးပါက A.G.T.I ပထမနှစ်သင်တန်းသို့ သက်ဆိုင်ရာ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ဝင်ခွင့်ရွေးချယ်ရေးမူများအတိုင်း တက်ရောက်ခွင့်ရရှိမည် ဖြစ်ပါသည်။

၄။ အစိုးရနည်းပညာအထက်တန်းကျောင်းအောင်လက်မှတ်(Certificate)ရရှိပြီးပါက အစိုးရဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းများသို့ စက်မှုကျွမ်းကျင်ဝန်ထမ်းအဖြစ် အလုပ်လျှောက်ထားနိုင်မည်ဖြစ်ပါသည်။ အစိုးရနည်းပညာအထက်တန်းကျောင်း ဒုတိယနှစ်သင်တန်းကို အောင်မြင်သည်ဖြစ်စေ၊ ကျရှုံးသည်ဖြစ်စေ တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုလိုပါက ပြင်ပဖြေအနေဖြင့် ဝင်ရောက်ဖြေဆိုခွင့်ရရှိမည်ဖြစ်သည်။

၅။ အစိုးရနည်းပညာအထက်တန်းကျောင်းများသို့ တက်ရောက်ခွင့်ရရှိသော ကျောင်းသား၊ ကျောင်းသူများအား တစ်ဦးလျှင် တစ်လ(၃၀၀၀ိ/-)နှုန်းဖြင့် သင်တန်းတက်သည့်ကာလများအတွင်း ထောက်ပံ့ကြေးပေးအပ်မည့် အစီအစဉ်ရှိပါသည်။

ဖွင့်လှစ်မည့်သင်တန်းများ

၆။ အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပါမည်-

(က) အဆောက်အအုံနည်းပညာသင်တန်း (Building Technology)

(ခ) အီလက်ထရွန်နစ်နည်းပညာသင်တန်း(Electronics Technology)

(ဂ) လျှပ်စစ်နည်းပညာသင်တန်း(Electrical Technology)

(ဃ) မော်တော်ယာဉ်နည်းပညာသင်တန်း(Auto Mechanics Technology)

(င) စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်း နည်းပညာသင်တန်း (Machining Technology)

(စ) ရေခဲသေတ္တာနှင့် လေအေးပေးစက်နည်းပညာသင်တန်း (Refrigeration and air Conditioning Technology)

(ဆ) သတ္တုပစ္စည်းထုတ်လုပ်မှုနည်းပညာသင်တန်း (Metal Process Technology)

(ဇ) သုတနည်းပညာသင်တန်း(Information Technology)

၇။ သင်တန်းများကို မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၏ ကျွမ်းကျင်မှုအဆင့်များရရှိစေရန် စာတွေ့၃၀%နှင့် လက်တွေ့၇၀% သင်ကြားပေးမည်ဖြစ်ပါသည်။

သင်ကြားရမည့်ဘာသာရပ်များ

၈။ အောက်ပါဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်-

| | |
|---|---|
| (က) မြန်မာစာ | (င) ဓာတုဗေဒ |
| (ခ) အင်္ဂလိပ်စာ | (စ) ဘောဂဗေဒ |
| (ဂ) သင်္ချာ | (ဆ) မိမိသင်တန်း၏အထူးပြုဘာသာရပ် |
| (ဃ) ရူပဗေဒ | (ဇ) ပုံဆွဲဘာသာရပ် |

ကျောင်းအပ်စတင်လက်ခံမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
ကျောင်းစတင်ဖွင့်လှစ်မည့်ရက် - ၁-၆-၂၀၁၅ ရက်
ကျောင်းအပ်လက်ခံမည့်နောက်ဆုံးရက် - ၂၁-၆-၂၀၁၅ ရက်

၉။ ကျောင်းဝင်ခွင့်လျှောက်လွှာများကို နီးစပ်ရာအစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ရရှိနိုင်မည်ဖြစ်ပြီး သတ်မှတ်ကျောင်းအပ်ရက်အတွင်း မိမိတက်ရောက်လိုသည့် အစိုးရနည်းပညာအထက်တန်းကျောင်းသို့ လျှောက်လွှာတင်သွင်းရမည် ဖြစ်သည်။

၁၀။ အသေးစိတ်သိရှိလိုပါက မိမိလျှောက်လွှာရယူသော အစိုးရနည်းပညာအထက်တန်းကျောင်းများတွင် ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှ အောက်ဖော်ပြပါ ၆၆ ကေဗွီဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်းများအား တည်ဆောက်ရေးလုပ်ငန်း အပါအဝင် Turnkey စနစ်ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ်ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ မော်လမြိုင်-သံဖြူဇရပ်ဓာတ်အားလိုင်း
 (၂) မော်လမြိုင်တိုးချဲ့နှင့် ၆၆/၃၃ကေဗွီ၊ (၂၀)အမ်ဗွီအေ သံဖြူဇရပ်ခွဲရုံ

(ခ) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တောဓာတ်အားလိုင်း
 (၂) ပုဏ္ဏားကျွန်းတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅) အမ်ဗွီအေ ရသေ့တောင်ခွဲရုံ
 (၃) ၆၆/၁၁ ကေဗွီ၊ (၅) အမ်ဗွီအေ ဘူးသီးတောင်ဓာတ်အားခွဲရုံ
 (၄) ၆၆/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ

(ဂ) ၆၆ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ ရာဇဂြိုဟ်-ကလေး-ကလေးဝဓာတ်အားလိုင်း
 (၂) ကလေးတိုးချဲ့နှင့် ၆၆/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ ကလေးဝဓာတ်အားခွဲရုံ

(ဃ) ၆၆ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ ပုသိမ်-ငွေဆောင်ဓာတ်အားလိုင်း
 (၂) ပုသိမ်တိုးချဲ့နှင့် ၆၆/၃၃/၁၁ကေဗွီ၊ (၁၀)အမ်ဗွီအေ ငွေဆောင်ဓာတ်အားခွဲရုံ

(င) ၆၆ကေဗွီ ရာဇဂြိုဟ်-မော်လိုက်ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ ရာဇဂြိုဟ်-မော်လိုက်ဓာတ်အားလိုင်း
 (၂) ရာဇဂြိုဟ်တိုးချဲ့နှင့် ၆၆/၁၁ကေဗွီ၊ (၁၀)အမ်ဗွီအေမော်လိုက်ဓာတ်အားခွဲရုံ

(စ) ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန်ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ မြင်းခြံ-ငါန်းဇွန်ဓာတ်အားလိုင်း
 (၂) ၆၆/၁၁ကေဗွီ၊ (၁၀) အမ်ဗွီအေ ငါန်းဇွန်ဓာတ်အားခွဲရုံ

(ဆ) ၆၆ကေဗွီ ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ
 (၁) ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ပုဏ္ဏားကျွန်းစက်မှုဇုန်ဓာတ်အားလိုင်း
 (၂) ပုဏ္ဏားကျွန်းတိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၁၀)အမ်ဗွီအေ ပုဏ္ဏားကျွန်းစက်မှုဇုန်ဓာတ်အားခွဲရုံ

(ဇ) ၆၆ကေဗွီ မင်းတပ်-မတူပီဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီ မင်းတပ်-မတူပီဓာတ်အားလိုင်း
 (၂) မင်းတပ်တိုးချဲ့နှင့် ၆၆/၁၁ကေဗွီ၊ (၅)အမ်ဗွီအေ မတူပီဓာတ်အားခွဲရုံ

(ဈ) ၆၆ကေဗွီ မိုးမိတ်-မဘိမ်း ဓာတ်အားလိုင်းနှင့်ဓာတ်အားခွဲရုံ
 (၁) ၆၆ကေဗွီမိုးမိတ်-မဘိမ်းဓာတ်အားလိုင်း
 (၂) မိုးမိတ်တိုးချဲ့နှင့် ၆၆/၁၁ ကေဗွီ၊ (၅)အမ်ဗွီအေ မဘိမ်းဓာတ်အားခွဲရုံ

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၅-၅-၂၀၁၅ ရက်
တင်ဒါပိတ်မည့်ရက် - ၂၂-၆-၂၀၁၅ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀ နာရီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။
ဖုန်း-၀၆၇-၄၁၀၂၈၂

## အလှပြင်သင်တန်း

ညှပ်နည်း၊ ကောက်နည်းအမျိုးမျိုး၊ ဖြောင့်ခြင်း၊ ခေါင်းလျှော်၊ ဆံပင်ဆက်၊ ကာလာဆိုး၊ မျက်နှာ၊ Spaနှင့် ဆံထုံး၊ မိတ်ကပ်၊ လက်သည်းပန်းချီ၊ ပန်းအလှပြင်အခြေခံနှင့် အထက်ပါဘာသာရပ်(၃၄)မျိုးကို အခြေခံမှစ၍ အဆင့်မြင့်အထိ သင်တန်းကြေး(နှစ်သိန်းခွဲ)နှင့် (၂) လအတတ် သင်ကြားပေးမည်ဖြစ်ပါသည်။ သင်ထောက်ကူပစ္စည်း ဝယ်စရာမလိုပါ။ စက်ချုပ်ဘာသာစုံ အခြေခံ မှစ၍ မိမိစိတ်ကြိုက်ဒီဇိုင်းထွင်၍ ချုပ်နိုင်သည်အထိ သင်တန်းကြေး (တစ်သိန်းခွဲ)နှင့် အတတ် သင်ကြားပေးမည်။ နယ်မှလာသူ အဆောင်စီစဉ်ပေးမည်။ ညအချိန်ပိုင်း သင်တန်းရှိသည်။ ဖုန်း-၀၉-၄၉၂၂၈၁၂၄၊ ၀၉-၂၆၁၂၁၈၇၁၃၊ ၀၉-၄၉၂၆၈၃၀၅



ကြော်ငြာ

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| | | **ပုဇွန်တောင်ဘူတာ Development ဖွံ့ဖြိုးတိုးတက်မှု** |
| ၁ | ၃၂/မမ/CE | - ပုဇွန်တောင်ဘူတာတွင် (၂)ခန်းတွဲ နေအိမ်(၅)လုံးဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးအပါအဝင် (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)(၁၈' x ၁၈') နှင့် (၂)ခန်းတွဲ အိမ်သာ(၅)လုံး ဆောက်လုပ်ခြင်း (၄' x ၈')(သွပ်မိုး၊ ဝါးထရံ/အုတ် တစ်ဝက်ကာ)(မိလ္လာကွန်ကရစ်ခွေ အပါအဝင်) |
| | ၃၃/မမ/CE | - ပုဇွန်တောင်ဘူတာတွင် ၂ လက်မ အဝီစိတွင်း (၃)တွင်း တူးခြင်း၊ ဂါလံ (၈၀၀) ဆံ့ ရေစင်(၃)ခု တည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းနှင့် (၈' x ၄' x ၄') အုတ်ရေကန် (၃)လုံး တည်ဆောက်ခြင်း |
| | | **ကြည့်မြင်တိုင်ဘူတာ Development ဖွံ့ဖြိုးတိုးတက်မှု** |
| ၂ | ၃၄/မမ/CE | - ကြည့်မြင်တိုင်ဘူတာတွင် (၂)ခန်းတွဲ နေအိမ်(၅)လုံးဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးအပါအဝင် (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)(၁၈' x ၁၈') နှင့် (၂)ခန်းတွဲ အိမ်သာ(၅)လုံး ဆောက်လုပ်ခြင်း (၄' x ၈')(သွပ်မိုး၊ ဝါးထရံ/အုတ် တစ်ဝက်ကာ)(မိလ္လာကွန်ကရစ်ခွေ အပါအဝင်) |
| | ၃၅/မမ/CE | - ကြည့်မြင်တိုင်ဘူတာတွင် ၂ လက်မ အဝီစိတွင်း (၃)တွင်း တူးခြင်း၊ ဂါလံ (၈၀၀)ဆံ့ ရေစင်(၃)ခု တည်ဆောက်ခြင်း၊ ရေပိုက်သွယ်တန်းခြင်းနှင့် (၈' x ၄' x ၄') အုတ်ရေကန် (၃)လုံး တည်ဆောက်ခြင်း |
| | | **ရွာသာကြီးဘူတာ တည်ဆောက်ရေးစီမံကိန်း** |
| ၃ | ၃၆/မမ/CE | - ရွာသာကြီးဘူတာတွင် (၂)ခန်းတွဲ နေအိမ်(၁)လုံးဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးအပါအဝင် (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)(၁၈' x ၁၈') နှင့် (၂)ခန်းတွဲ အိမ်သာ(၁)လုံး ဆောက်လုပ်ခြင်း (၄' x ၈')(သွပ်မိုး၊ ဝါးထရံ/အုတ် တစ်ဝက်ကာ)(မိလ္လာကွန်ကရစ်ခွေ အပါအဝင်) |
| | ၃၇/မမ/CE | - ရွာသာကြီးဘူတာတွင် စီမံကိန်းအင်ဂျင်နီယာရုံး ဆောက်လုပ်ခြင်း (လျှပ်စစ်မီးအပါအဝင်) (သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း)(၁၈' x ၁၈') )(မိလ္လာကွန်ကရစ်ခွေ အပါအဝင်) |
| | | **တိုင်းအမှတ် (၇)ရန်ကုန်** |
| ၄ | ၃၈/မမ/CE | - အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းရုံတွင် တွဲစစ်ရုံးခန်း တည်ဆောက်ခြင်း (၃၀' x ၂၀') (အုတ်တိုက်၊ သွပ်မိုး) |
| | ၃၉/မမ/CE | - အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းရုံတွင် သံထည်ရေစင် တည်ဆောက်ခြင်း (၈' x ၄' x ၄') (၄)လုံး တည်ဆောက်ခြင်း (သံလမ်းများအား ဌာနမှ ပံ့ပိုးပေးပါမည်) |
| | ၄၀/မမ/CE | - အင်းစိန်မြို့ပတ် ဒီဇယ်စက်ခေါင်းရုံတွင် အုတ်ရေကန် (၁၂' x ၁၀' x ၅') တည်ဆောက်ခြင်း နှင့် Pump House (၁၃' x ၉') တည်ဆာက်ခြင်း |
| | ၄၁/မမ/CE | - မလွကုန်း တွဲစီယာဒ်ဝင်းတွင် Pit Line တည်ဆောက်ခြင်း (၅၀၀ ပေ)(မြေကြီးတူးခြင်းနှင့် သံဖြည့်ခြင်းလုပ်ငန်း အပါအဝင် |
| | ၄၂/မမ/CE | - မလွကုန်း တွဲစီယာဒ်ဝင်းတွင် Sick Line နှင့် Main Line ရုံးခန်းများအတွက် (၈၀' x ၂၀') RC အဆောက်အဦး(၂)လုံး ဆောက်လုပ်ခြင်း၊ (လျှပ်စစ်မီး အပါအဝင်)နှင့် လူ(၅၀)ဆန့် မိလ္လာကန် (၂)လုံး ဆောက်လုပ်ခြင်း |
| | ၄၃/မမ/CE | - မလွကုန်း တွဲစီယာဒ်ဝင်းတွင် ဂါလံ(၅၄၀၀)ဆန့် ရေစင် တည်ဆောက်ခြင်း (Fiber Glass Tank) (သံလမ်းများအား ဌာနမှ ပံ့ပိုးပေးပါမည်) |
| | ၄၄/မမ/CE | - မလွကုန်း တွဲစီယာဒ်ဝင်းတွင် ၆ လက်မ အဝီစိတွင်း (၁)တွင်းတူးခြင်း(၄၀၀ ပေ) |
| | ၄၅/မမ/CE | - မလွကုန်း တွဲစီယာဒ်ဝင်းတွင် ဂါလံ (၆၄၀၀)ဆံ့ အုတ်ရေကန် (၁၆' x ၈' x ၈')(၁)လုံး တည်ဆောက်ခြင်းနှင့် ရေပိုက်သွယ်တန်းခြင်း |
| | ၄၆/မမ/CE | - မလွကုန်း တွဲစီယာဒ်ဝင်းတွင် လောင်စာဆီ၊ ချောဆီ ထားရန် စတိုခန်း (၃၉' x ၁၉' x ၆") (လျှပ်စစ်မီးအပါအဝင်) ဆောက်လုပ်ခြင်း (အုတ်တိုက်၊ သွပ်မိုး)(ပန့် အပါအဝင်) |

တင်ဒါပိတ်မည့် နေ့/အချိန် - ၂၂. ၆ .၂၀၁၅ ( တနင်္လာ နေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၂၂. ၅.၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994

မော်တော်ကား ပတ်ကင် ပြခန်း
MECHINICAL CAR PARKING




Build Tech Yangon 2015
Myanmar's Leading Building Technology and Supply Event
TPW
(BRNo.200904356H)
TET PHYO WAI Pte.Ltd.
Tel: +65-65078425 Fax: +65-62480692
e: tetphyowai@singnet.com.sg
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46

## နည်းပညာတက္ကသိုလ်(မှော်ဘီ)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် အောက်ဖော်ပြပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက် ရန် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါကြောင်း ကြေညာ အပ်ပါသည်။

(က) ဆရာမများဆောင်နှစ်ထပ်(ဖွဲ့ကပင်)ဆောင်ပြုပြင်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၅-၅-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာတက္ကသိုလ်(မှော်ဘီ)တွင် လာရောက်ဝယ်ယူနိုင်ပြီး ၁၂-၆-၂၀၁၅ရက် ၁၅:၀၀နာရီနောက်ဆုံးထား၍ တင်ဒါ တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို နည်းပညာ တက္ကသိုလ်(မှော်ဘီ) ဖုန်းနံပါတ် ၀၉-၇၉၉၇၂၄၀၂၅သို့ စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
နည်းပညာတက္ကသိုလ်(မှော်ဘီ)

အမြန်
ပြန်လာပါ
နန်းရွှေ
ရောက်တဲ့နေရာက
အမ်းမဆီ အမြန်ပြန်လာပါ။
ဖုန်း- ၀၉-၇၃၀၀၁၉၂၇

ကြယ်ပဲ Sacha Inchi
စိုက်နည်း၊ ပျိုးနည်း
ဝင်း 01-501812, 09-5117226

ES4E WEEKEND ENGLISH COURSE
For Young Learners ( Age - 5 to 14 yrs)
Starting in June
Enrol Now!
662970, 663820, 561652, 578204







## ဝန်ထမ်းအလိုရှိသည်

(1) **Account** ကျား (၁)ဦး
B.Com၊ B.Econ၊ ဘွဲ့ရ ဖြစ်ရမည်။
Computer ကျွမ်းကျင်ရမည်။

(2) **Office Staff** ကျား (၃)ဦး
ရန်ကုန်မြို့အတွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

(3) **Auto Card** ကျား (၅)ဦး
2D, 3D ကျွမ်းကျင်ရမည်။

(4) **Aluminium Furniture** ကျား (၅)ဦး

ဆက်သွယ်ရန်လိပ်စာ ဖုန်း-၀၁-၅၄၁၃၉၆၊ ၀၁-၅၄၂၉၅၇၊ ၀၁-၅၄၀၈၆၈

## ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ ပစ္စည်း/လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်

| စဉ် | တင်ဒါ အမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၂၈/မမ/CME | - လှူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)နယ်မြေအတွင်း အောင်မင်္ဂလာနှင့် သဇင်ရပ်ကွက်များရှိ ဝန်ထမ်းအိမ်ခန်း(၂၃၀)တွင် လျှပ်စစ်မီတာ တပ်ဆင်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ပစ္စည်း(၁၄)မျိုး ဝယ်ယူရန် |
| ၂ | ၂၉/မမ/S&T | - ဘူတာ(၁၁)ဘူတာတွင် CCTV လုံခြုံရေးကင်မရာ တပ်ဆင်ခြင်းလုပ်ငန်းနှင့် မိုးညှင်း-မြစ်ကြီးနားလမ်းပိုင်းရှိ VHF/UHF Network အတွက် ဇရိယာတိုင်များ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် |
| ၃ | ၃၀/မမ/S&T | - အချက်ပြနှင့် ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်း(၅၆)မျိုး ဝယ်ယူရန် |

တင်ဒါပိတ်မည့် နေ့/အချိန် - ၁၉ . ၆ .၂၀၁၅ ( သောကြာနေ့) (၁၂.၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်( ၂၂. ၅ .၂၀၁၅)ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့်အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။ ထောက်ပံ့ဌာန၊မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့၊ဖုန်း:294352,291994

---

## KMD Computer Centre
Microsoft Official Learning Partner

### Microsoft အသိအမှတ်ပြု Network Engineering သင်တန်း နှင့် Software Engineering သင်တန်း

- ကွန်ပျူတာအခြေခံရှိသူတိုင်းတက်ရောက်နိုင်ပါသည်။
- သင်တန်းပြီးဆုံးပါကလုပ်ငန်းခွင်သင်တန်းတက်ရောက်နိုင်ပါသည်။
- အမှန်တကယ်လုပ်ငန်းခွင်ဝင်နိုင်ပါမည်။

သင်တန်း(၁)ခု တက်ရောက်ရုံဖြင့် Certificate(၂)ခု ရရှိမည့် သင်တန်းများ

| Network Engineering တန်းခွဲသစ်များ | | Software Engineering တန်းခွဲသစ်များ | |
|---|---|---|---|
| 5 June 2015 | 13 June 2015 | 29 May 2015 | 2 June 2015 |
| 12:20pm-3:00pm | 2:00pm-5:00pm | 11:30am-2:30pm | 10:00am-1:00pm |
| (Mon - Fri) | (Sat - Sun) | (Mon - Fri) | (Mon - Fri) |

၁၇၄-၁၈၂၊ပန်းဆိုးတန်းလမ်း၊ကျောက်တံတားမြို့နယ်။ ဖုန်း -၃၀၁၀၃၅၊ ၃၉၁၂၂၈၆၊၃၀၁၇၇၆။
၃၃၁၊ပြည်လမ်း၊မြေနီကုန်း၊စမ်းချောင်းမြို့နယ်။ဖုန်း-၅၂၇၄၃၈၆၊၅၃၄၁၇၀၊၅၀၂၂၃၃။

---

## (VAC) VALUE ADDED CONSULTANCY
### မြန်မာပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးလုပ်ငန်း

No.118, 6th Floor, 23rd St, Latha Tsp, Yangon. E-mail: vacjobsearch@gmail.com
Ph: 01-395921, 01-395922, 09-73022727, 09-5102094

Email ဖြင့်အလုပ်လျှောက်နိုင်သည်။ CV ကို MS Word File & Photo ကို Jpg File ဖြင့်ပို့ပါ။

### Job Openings for Foreign Telecom Firms @ VAC

**Call Center Planning Manager - Officer** (2)
- Ability to Perform Planning, Workforce Management, Data Collection
- Exp In Call Center Management Preferred

**Call Center Planning- System Manager - Officer** (1)
- Exp In System Management as End Users as Per Job Specification
- Exp In Call Center Management Preferred

**Call Center Training Manager - Officer** (2)
- Ability to Perform Development of Training Programs
- Exp In Call Center Management Preferred

**Call Center Operation Support Manager - Officer** (2)
- Ability to Perform Call Center Operation Management
- Exp In Call Center Management Preferred

**Customer Care Planning Manager - Officer** (2)
- Ability to Perform Total Planning , Budget & Expenditure
- Exp In Call Center Management Preferred

**Customer Care Planning- System Manager - Officer** (1)
- Exp In System Management as End Users as Per Job Specification
- Exp In Call Center Management Preferred

**Customer Care Service Operation Manager - Officer** (2)
- Ability to Perform Planning for Operation in line with Service & Product
- Exp In Mobile Business Or Call Center Management Preferred

**Voice Of Customer Care Manager - Officer** (2)
- Ability to Perform Data Collection Of VOC, Data Analysis, Strong Skill With Big Data Prefer

မြန်မာနိုင်ငံတွင်လာရောက်ရင်းနှီးမြှုပ်နှံသောနိုင်ငံခြားကုမ္ပဏီများမှ အလုပ်အကိုင်အခွင့်အလမ်းများကို အချိန်နှင့်တပြေးညီ အချက်အလက်ပြည့်စုံစွာသိရှိနိုင်ရန် "Value Added Consultancy" Page အား Like လုပ်ထားကြရအောင်

Value Added Consultancy
Value Added Consultancy-Perfect Supply Services Co.,Ltd

---

## GS Oil — Kixx

### ရက်ပယ်စွာ အသိပေးအကြောင်းကြားခြင်း

ကျွန်တော်များ Eternal မှ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချလျက်ရှိသော Korea နိုင်ငံထုတ် GS Oil Kixx စက်ချောဆီများကို 2015 June လမှ စတင်၍ တစ်ကမ္ဘာလုံး အတိုင်းအတာအနေဖြင့် အရည်အသွေး ပြောင်းလဲမှုမရှိဘဲ ဆန်းသစ်ခေတ်မီသော ထုပ်ပိုးမှုပုံစံအသစ်များဖြင့် ပြောင်းလဲထုတ်လုပ် ဖြန့်ချိသွားမည် ဖြစ်ပါသည်။

သုံးစွဲသူ မိတ်ပြည်သူများအနေဖြင့် ယုံကြည်စိတ်ချစွာ ဆက်လက်အသုံးပြုနိုင်ပါကြောင်း အသိပေး အကြောင်းကြား အပ်ပါသည်။




ETERNAL

Head Office Yangone Tel : 01-504013, 01-535439 Fax : 01-516792
info_eternal@myanmar.com.mm

Branch Office
Mandalay Tel : 02 -5153139 , 092031202 Fax : 02-5153139
Naw Pyi Taw Tel : 067 - 22775, 09 86 27875 Fax : 067 - 22775
Phar Kant Tel : 074 - 70378, 0947106549 Fax : 074 - 70378

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၁၅-၅-၂၀၁၅ ရက်နေ့၊ နေပြည်တော်တွင်ကျင်းပသည့်
နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏
**'အထူးဂုဏ်ထူးဆောင် နိုင်ငံ့စွမ်းဆောင်ရည်ဆု'**
**(နိုင်ငံတော်အတွက်အခွန်ဘဏ္ဍာတာဝန် ထူးချွန်ထမ်းဆောင်သည့်လုပ်ငန်းရှင်-ပထမဆု)**ရရှိခဲ့သော
**ကမ္ဘောဇဘဏ်လီမိတက်ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူ ဦးအောင်ကိုဝင်း**အားလည်းကောင်း၊
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏
**'နိုင်ငံ့စွမ်းဆောင်ရည်ဆု'**
**(နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံးလူမှုရေးအသင်းအဖွဲ့ဆု)**ရရှိခဲ့သော
**ကမ္ဘောဇအုပ်စု အနာဂတ်အလင်းတန်းမြန်မာဖောင်းဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း** အားလည်းကောင်း
ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ကျန်းမာရွှင်လန်းစွာဖြင့်
နိုင်ငံအကျိုး၊ အမျိုးဘာသာ၊ သာသနာကို ဆတက်ထမ်းပိုး ပိုမိုထမ်းဆောင်နိုင်ပါစေကြောင်း
ဆုမွန်ကောင်းတောင်း အပ်ပါသည်။

၁။ ဦးနေလင်းအောင် (Managing Director)
Nilar Yoma Trading Co., Ltd

၂။ ဦးကျော်ထွန်းနိုင်(Chairman)
Yadanar Kaung Kin Gems & Jwellery Co.,Ltd

၃။ ဦးစိန်လွင်လေး(Chairman)
Myint Myat Htut Khaung International Co., Ltd

၄။ ဦးမောင်မောင်အေး(Managing Director)
Moe Htet Gabar Co., Ltd

၅။ ဦးအောင်ဝင်း(Managing Director)
Myint Myat Htut Khaung International Co., Ltd

၆။ ဦးအောင်မြင့်(Managing Director)
Shwe Aein Chan Thar Co., Ltd

၇။ ဦးမြင့်စိန်(Managing Director)
Soe Aung Trading Co.,Ltd

၈။ ဦးဖုန်းကျော်(Managing Director)
Michelia Co.,Ltd

၉။ ဦးတင်ငြိမ်း(Managing Director)
Shwe Sin La Min Co., Ltd

၁၀။ ဦးစိုးမိုးနိုင်(Managing Director)
Pho La Min Trading Co., Ltd

၁၁။ ဦးဖြိုးသိန်းကျော်
Auto Top Power Co., Ltd
Car Showroom

# အတိုးပေးရန်မလို ၁၀နှစ်

## ငွေချေစနစ်ဖြင့်

## သိန်း ( ၁၀၀၀ ) ကျော်တန်

မေ(၂၆)၊(၂၇)၊
Junction
Square
ရောင်းမှာနော်

Developer
iGREEN ပိုင်
လှိုင်မြို့နယ် မြေ(၁)ဧက
ပေါ်တွင်ဆောက်မည့်

Royal Thukha
CONDOMINIUM

ဦးဆုံးဝယ်သော ( ၁၀၀ ) ခန်းတွက် ဝယ်ခွန် ကို
DEVELOPER iGREEN မှတာဝန်ယူပေးမည်။

ကျပ်သိန်း(၃၀)ယူလာမှ အခန်းရဖို့ သေချာမယ်နော်

အိမ်ထောင်(၁)စုလျှင်(၁)ခန်းသာရောင်းမည်၊ မှတ်ပုံတင်၊သန်း ခေါင်စာရင်းမိတ္တူပါမှရောင်းမည်။


Developed By
iGREEN
Royal Thukha
CONDOMINIUM
2016 တွင်စဆောက်ပြီး 2019 တွင်အခန်းအပ်မည်
12'-11"
3'-6"
5'-4"
11'-10"
16'-9"
12'-11"
7'-7"
7'-5"
17'-9" [5410.20mm]
10'-9"
5'-6"
4'-3"
6'-0"
10'-0"
6'-2"
5'-0"
10'-8"
45'-0" [13716.51mm]
(၁)ခန်းလျှင်
ကားပါကင်(၁)နေရာရမည်
SWIMMING POOL & GYM , FUNCTION HALL
လစဉ်
၈
သိန်းခန့်
ပေးရုံဖြင့်အခန်း
ပိုင်နိုင်မည့်
အခွင့်အရေး
SHOW ROOM
82/A ၊ ကျိုက်ဝိုင်းဘုရားလမ်း၊
မရမ်းကုန်း၊ Junction (8) ရှေ့၊
OFFICE
30 ၊ ဘုရင့်နောင်လမ်း၊ လှိုင်
ချောင်းဝဘုန်းကြီးကျောင်းအနီး၊
www.igreen-construction.com
iGREEN-CONSTRUCTION

“ပထမ”နေရာမှ (၃)နှစ်ဆက် ဝင်ငွေခွန်အများဆုံးထမ်းဆောင်ပြီး နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုနှင့်
အထူးဂုဏ်ထူးဆောင်နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုများ (၃)နှစ်ဆက်ရရှိခဲ့သော အခွန်ထမ်း

## “ကမ္ဘောဇဘဏ်လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်း” အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

အစိုးရသစ်လက်ထက်

၂၀၁၀–၂၀၁၁ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၆,၀၁၅.၃၉၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်

– နိုင်ငံတော်သမ္မတ၏ “ နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု ”
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် “ပထမဆု”)

၂၀၁၁–၂၀၁၂ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၀,၈၂၇.၇၀ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ရရှိသဖြင့်

– နိုင်ငံတော်သမ္မတ၏ “အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု”
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင် “ပထမဆု”)

၂၀၁၂–၂၀၁၃ခုနှစ်တွင် နိုင်ငံတော်အတွက် အခွန်ငွေကျပ် သန်းပေါင်း ၁၇,၀၁၀.၃၇ သန်း ပေးဆောင်ပြီး တစ်နိုင်ငံလုံးတွင် ဝင်ငွေခွန် “ပထမ” ထပ်မံရရှိသဖြင့်

– နိုင်ငံတော်သမ္မတ၏ “အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု”
(နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာတာဝန် အများဆုံး သယ်ပိုးထမ်းဆောင်ခဲ့သည့် လုပ်ငန်းရှင်“ပထမဆု”)

“နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု” နှင့် “အထူးဂုဏ်ထူးဆောင် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု” များကို ၃–နှစ်ဆက် ချီးမြှင့်ခြင်းခံရသဖြင့် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာကဏ္ဍ အသီးသီး၌ ဆတက်ထမ်းပိုးတိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်း အပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

## အစိုးရသစ်လက်ထက် ၂၀၁၀ နောက်ပိုင်း (၅)နှစ်ကာလအတွင်း
## နိုင်ငံတော်နှင့်ပြည်သူများအတွက် ကျပ်သန်းပေါင်း (၆၄,၀၀၀)ကျော် လှူဒါန်းခဲ့ပြီး
## နိုင်ငံတော်သမ္မတ၏ "နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု" လက်ခံရရှိခဲ့သော
## "ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"အတွက်

# ဂုဏ်ယူဝမ်းမြောက်ခြင်း

**ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းအနေဖြင့်**

- နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတိုင်းတွင် တစ်နိုင်ငံလုံး၌ နေရာဒေသမရွေး ထိပ်ဆုံးမှ ပါဝင်လှူဒါန်းခဲ့ခြင်း။
- မလေးရှားနိုင်ငံရောက် လူမှုရေးပဋိပက္ခအခက်အခဲများဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော မြန်မာဒုက္ခသည် (၃၀၀၀)ကျော်နှင့် အိန္ဒိယနိုင်ငံ Port Blair တွင် အခြေအနေအရပ်ရပ်ကြောင့်ရောက်ရှိနေသော မြန်မာရေလုပ်သားဒုက္ခသည်(၂၇၀)ကျော်တို့အား ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် အမိမြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း။
- အင်ဒိုနီးရှားနိုင်ငံ၊ဘန်ဂျီနာကျွန်း၌ လူကုန်ကူးခံခဲ့ရပြီး အဓမ္မကျွန်ပြုစေခိုင်းခံခဲ့ရသော မြန်မာရေလုပ်သားဒုက္ခသည် (၅၀၀)ခန့်အား ၂၀၁၅ ခုနှစ် မေလအတွင်း အမိမြန်မာနိုင်ငံသို့ အခမဲ့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ခြင်း။
- ထူးခြားမှန်မြတ်သော လှူဒါန်းမှုအနေဖြင့် ခေတ်အဆက်ဆက်ကတည်းက သုံးစွဲရန်ရေချို လုံးဝမရရှိခဲ့ဘူးသော ရှမ်းပြည်တောင်ပိုင်း ဘော်ဆိုင်းအပါအဝင် တောင်ကြီး၊ ဟဲဟိုး၊ အောင်ပန်း၊ ကလော၊ ပင်းတယ၊ ဟိုပုံး၊ နမ့်စန် မြို့နယ်များနှင့် ပအိုဝ်း၊ ဓနု၊ ရှမ်း၊ တောင်ရိုးလူမျိုးများ၏ ကျေးရွာများတွင် သန့်ရှင်းသောသောက်သုံးရေများ အဆင်ပြေ လုံလောက်စွာသုံးစွဲနိုင်စေရန် စက်ရေတွင်းများတူးဖော်လှူဒါန်းခြင်း၊ အိမ်တိုင်ရာရောက် ရေသွယ်တန်းပေးခြင်း၊ လမ်းများဖောက်လုပ်ခြင်းနှင့် ဆေးရုံများဆောက်လုပ်လှူဒါန်းခြင်း။

ဘာသာရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အားကစား၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့်နေရာများ၊ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ၊ စစ်ဘေးရှောင်ပြည်သူများအားလှူဒါန်းခြင်းနှင့် အခြားကဏ္ဍအသီးသီးအတွက် လှူဒါန်းခဲ့ငွေစုစုပေါင်း ၆၄ ဘီလီယံကျော်(ကျပ်သန်းပေါင်း ၆၄,၀၀၀ကျော်)ကိုလှူဒါန်းခဲ့ပြီး၊နိုင်ငံ့အကျိုးပြုလုပ်ငန်းများအား စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ခြင်းကြောင့် ၁၅.၅.၂၀၁၅ ရက်နေ့၊ နေပြည်တော်၌ကျင်းပပြုလုပ်သည့် နိုင်ငံ့ဂုဏ်ဆောင်ရည်ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ **"နိုင်ငံ့ဂုဏ်ဆောင်ရည်ဆု" (နိုင်ငံတော်နှင့် ပြည်သူအတွက် လူမှုရေးအကျိုးပြုမှု အကောင်းဆုံး လူမှုရေးအသင်းအဖွဲ့ဆု)ကို "ကမ္ဘောဇအုပ်စုအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း"**အား ဂုဏ်ပြုချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဦးကိုကိုထူး
ဥက္ကဋ္ဌ
မြန်မာ့စက်မှုဆိပ်ကမ်း (MIP)

# ဖွံ့ဖြိုးတိုးတက်မှုများနှင့် လိုအပ်ချက်များကို မြို့ပြများတွင်သာ တိုးတက်အောင်လုပ်ဆောင်နေခြင်းမဟုတ် ကျေးလက်ဒေသများကိုလည်း ဖွံ့ဖြိုးအောင် ကြိုးစားဆောင်ရွက်နေ

**နေပြည်တော်　　မေ　၂၄**

လားရှိုးမြို့၌ရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်တို့သည် ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အတူ ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့နယ် နောင်မွန်ကျေးရွာ ကျေးရွာအုပ်စု အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဒေသခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်း အနားသို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စား လှယ်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများနှင့် ယဉ်ကျေးမှုအဖွဲ့များ တက်ရောက် ကြသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ○**

# ခရီးသည်ဝင်ရောက်မှု မျှော်မှန်းထားသည်ထက် ကျော်လွန်အောင် တိမ်မြုပ်နေသော နေရာသစ်များ ဖော်ထုတ်ရန်လို

**ရန်ကုန်　　မေ　၂၄**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှ ခရီးသည်ဝင်ရောက်မှုမှာ ယခုနှစ်တွင် မျှော်မှန်းထားသည့်အတိုင်း ငါးသန်းအထိ ရောက်ရှိလာနိုင်ကြောင်း ခရီးသွားလုပ်ငန်းရှင်များ မျှော်မှန်းသုံးသပ်ပြောဆိုမှုအရ သိရသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတစ်နိုင်ငံ၏ မီးခိုးတိတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အဓိကအရေးပါသော လုပ်ငန်းတစ်ခုဖြစ်သည်။ စိတ်ဝင်စားဖွယ်ဆွဲဆောင်မှု ကောင်းမွန်သော နေရာဒေသအသစ်များအား ဒေသအာဏာပိုင်များနှင့် ခရီးသွားစီးပွားရေးလုပ်ငန်းရှင်များ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများကြောင့် ၂၀၁၃ ခုနှစ်တွင် ခရီးသွားဧည့်သည်ဝင်ရောက်မှုမှာ ၂ ဒသမ ၁၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၈ သန်းအထိ တိုးတက်ဝင်ရောက်ပြီး ယခုနှစ် ၂၀၁၅ ခုနှစ် ပထမသုံးလအတွင်းမှာပင် ခရီးသည်ကိုးသိန်းကျော် ဝင်ရောက်လျက်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များထံမှ သိရသည်။

"မြန်မာနိုင်ငံအနေနဲ့ ခရီးသွားကဏ္ဍစုံ ဖွင့်လှစ်ဆောင်ရွက်စရာ အများအပြားကျန်ရှိနေပါသေးတယ်။ မြန်မာနိုင်ငံမှာ ခရီးသွားတွေ သွားရောက်လေ့လာနေကျဖြစ်တဲ့ ထင်ရှားတဲ့ နေရာဒေသအမြောက်အမြားရှိပါတယ်။ ထိုဒေသတွေကို ခရီးသွားများစွာသွားလာနေဆဲဖြစ်သလို မြန်မာနိုင်ငံအတွင်း တိမ်မြုပ်နေတဲ့ စိတ်ဝင်စားဖွယ်နေရာတစ်ခုဖြစ်တဲ့ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့နဲ့ ထိစပ်နေတဲ့ နန်းယွန်း၊ ပန်ဆောင်ဟာ နယ်စပ်ခရီးသွားလုပ်ငန်းအတွက်

**စာမျက်နှာ ၇ ကော်လံ ၆ သို့ ✻**




ရှင်ဗွေယန်နှင့် နန်းယွန်းလမ်းပိုင်းရှိ ကြိုးတံတားတစ်ခုကို တွေ့ရစဉ်။

# မြန်မာဘော်လီဘောအသင်းများ ဆီးဂိမ်းပြိုင်ပွဲဝင်ရန် အပြီးသတ်လူရွေး



မြန်မာနှင့် မော်လဒိုက်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

စင်ကာပူနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၈)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာဘော်လီဘော အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့သည် အပြီးသတ် ကစားသမား ၁၂ ဦးစီ ရွေးချယ်လိုက်ပြီဖြစ်သည်။

ပြိုင်ပွဲဝင်မည့် မြန်မာဘော်လီဘော အမျိုးသားအသင်းတွင် နည်းပြချုပ် ဦးညီညီလွင်၊ လက်ထောက်နည်းပြ ဦးသိန်းဆွေနှင့် ဦးကျော်စွာဝင်း ကစားသမားများအဖြစ် ဝင်းထွန်းဦး၊ ကျော်ကျော်ထွေး၊ အောင်သူ၊ ဒိုမေးနီကို၊ သွင်ထူးဇင်၊ ဇော်မျိုး၊ မင်းကျော်သူ၊ နေလင်းအောင်(၂)၊ ခွဲခြားမောင်၊ ဇော်ဝင်းလှိုင်နှင့် မျိုးမင်းဦးတို့ ပါဝင်ကြသည်။ အမျိုးသမီးအသင်းတွင်

**စာမျက်နှာ ၈ ကော်လံ ၃ သို့ ❒**

**ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်က လှေစီးဒုက္ခသည်များကို နိုင်ငံသားအဖြစ်စိစစ်ပြီး ပြန်လည်ခေါ်ယူရန် လုပ်ဆောင်လျက်ရှိ** စာ » ၄

**ထိုင်း – မြန်မာနယ်စပ် မောတောင်–စင်ခွန်းနယ်စပ် ဝင်/ထွက်ဂိတ် အထူးယာယီစင်ခွန်းဂိတ်အဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်** စာ » ၁၀

**ရှန်းနီမှာ ထိပ်တန်းအရည်အသွေးရှိသော အသင်းခေါင်းဆောင်ဟု ဗန်ဟားလ်ချီးကျူး** စာ » ၁၃




themirror.npt@gmail.com
www.facebook.com/themirrordaily